LONGMEN COMPANY LIMITED

Address : No 287, 34 x 35th St, Bet:87th - 88th St, Mandalay . Contacts: 02-4060227, 02-4022260, 02-4031404

ဇွန်လ၂၀၂၅

Long Men Company Limited ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

ဦးပိုင်အမှတ်-ဒီ-၃/ခ(က)၊(၆၂)လမ်း၊ (၁၂၄)လမ်းနှင့် (၁၂၅)လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

Environmental Compliance Consultancy Co., Ltd. (EnvCC) မှ စီစဉ်ရေးသားပြုစုသည်။

စီမံကိန်းအဆိုပြုသူ၏ ကတိကဝတ်အတည်ပြုဝန်ခံချက်

စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) နှင့်ပတ်သတ်၍ အောက်ပါအချက်အလက်များ မှန်ကန်ကြောင်းနှင့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ အတိုင်း လိုက်နာဆောင်ရွက် သွားမည် ဖြစ်ကြောင်း ကတိကဝတ် အတည်ပြုဝန်ခံပါသည်။

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာသည် တိကျခိုင်မာ၍ လုပ်ငန်းဆိုင်ရာအချက်အလက်များသည် မှန်ကန်ပါသည်။

(ခ) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့်ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား တိုးတက်နေသည့် နည်းညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်များရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အားပြင်ဆင်ဖြည့်စွက်လိုပါက တင်ပြ အတည်ပြုချက် ရယူ၍ ပြင်ဆင်ဆောင်ရွက်သွားပါမည်။

(င) စီမံကိန်းလုပ်ငန်းများပြီးစီး၍ စီမံကိန်းလုပ်ငန်းပိတ်သိမ်းချိန်တွင် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိခိုက်မှုများရှိလာပါက ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်အစီအမံများ၊ လူမှုစီးပွားအကျိုးပြုပူးပေါင်းဆောင်ရွက်ချက်အစီအမံများ ချမှတ်ဆောင်ရွက် သွားပါမည်။

U Thein Tun
Managing Director
LONGMEN COMPANY LIMITED

အစီရင်ခံစာရေးဆွဲသူ(တတိယအဖွဲ့အစည်း)၏ ကတိကဝတ်အတည်ပြုဝန်ခံချက်

Longmen Company Limited ၏ကျဉ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် Environmental Management Plan (EMP) ကို Environmental Compliance Consultancy Co., Ltd. (EnvCC) မှ ကွင်းဆင်းလေ့လာ ဆောင်ရွက်ခဲ့ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အပိုဒ်ရေ ၆၃ (၈)ပါ သတ်မှတ်ချက်များနှင့်အညီ ရေးသားပြုစုထားကြောင်း ကတိကဝတ် အတည်ပြုပါသည်။

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများအတိုင်း တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အစီရင်ခံစာကိုရေးဆွဲထားပါသည်။

(ခ) လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့်ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား တိုးတက်နေသည့် နည်းညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက် အပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်များ ရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။

(ဂ) စီမံကိန်းအဆိုပြုသူမှဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အားပြင်ဆင်ဖြည့်စွက်လိုပါက တင်ပြ အတည်ပြုချက် ရယူ၍ ပြင်ဆင်ဆောင်ရွက်သွားပါမည်။

အစီရင်ခံစာရေးဆွဲသူ

ဦးရဲမြတ်ဘုန်းလှိုင် (EIA- AC 038/2023)

Environmental Compliance Consultancy Co., Ltd. (EnvCC)

ပါဝင်သည့်အကြောင်းအရာဖော်ပြချက်

အကျဉ်းချုပ်အစီအရင်ခံစာ 1

၁။ နိဒါန်း 46

၁.၁။လုပ်ငန်းနောက်ခံအကြောင်းအရာ 46

၁.၂။ လုပ်ငန်းအဆိုပြုသူဆိုင်ရာအချက်အလက် 46

၁.၃။လုပ်ငန်းတည်ထောင်ရခြင်း၏ရည်ရွယ်ချက် 48

၁.၄။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာရေးဆွဲတင်ပြသည့် တာဝန်ယူစီစဉ် ဆောင်ရွက်မှု 48

၂။ကတိကဝတ် 50

၃။ မူဝါဒ၊ ဥပဒေ**နှင့်** အဖွဲ့အစည်းဆိုင်ရာမူဘောင် 52

၃.၁။ ကုမ္ပဏီ၏ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေ၊ မူဘောင်ဆိုင်ရာ အချက်အလက်များ 52

၃.၂။ မူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင် 53

၃.၃။ စီမံကိန်းဆိုင်ရာ လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များ 53

၃.၃.၁။ မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ(၂၀၁၉) 55

၃.၃.၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) 56

၃.၃.၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄) 56

၃.၃.၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅).....57

၃.၃.၅။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅) 59

၃.၃.၆။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅) 61

၃.၃.၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆) (ပြင်ဆင်၂၀၁၉).....61

၃.၃.၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၇).....62

၃.၃.၉။ မြန်မာ့အာမခံဥပဒေ (၁၉၉၃).....63

၃.၃.၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂) 63

၃.၃.၁၁။ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)(ပြင်ဆင်၂၀၁၁).....63

၃.၃.၁၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉).....64

၃.၃.၁၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆).....64

၃.၃.၁၄။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅) 65

၃.၃.၁၅။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) (ပြင်ဆင်၂၀၁၇) 65

၃.၃.၁၆။ အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁) 66

၃.၃.၁၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၉).....66

၃.၃.၁၈။ အလုပ်သမားလျော်ကြေးဥပဒေ(၂၀၁၈).....66

၃.၃.၁၉။ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃) 67

၃.၃.၂၀။ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁) 67

၃.၃.၂၁။ အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃) 68

၃.၃.၂၂။ အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆) 68

၃.၃.၂၃။ လူမှုဖူလုံရေးဥပဒေ (၂၀၁၂)..... 70

၃.၃.၂၄။ မော်တော်ယာဉ် ဥပဒေ (၂၀၁၅) 71

၃.၃.၂၅။ လျှပ်စစ်ဥပဒေ (၂၀၁၄)..... 72

၃.၃.၂၆။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇) 72

၃.၃.၂၇။ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)..... 72

၃.၃.၂၈။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃) 73

၃.၃.၂၉။ ဓာတုနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေများ (၂၀၁၆) 74

၃.၃.၃၀။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)..... 74

၃.၃.၃၁။ မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ(၁၉၃၀) 76

၃.၃.၃၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များ..... 77

၃.၃.၃၃။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)၏ သောက်သုံးရေ လမ်းညွှန်ချက်တန်ဖိုး (Geneva-၁၉၉၃) 78

၃.၃.၃၄။ အမျိုးသားမြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်း (၂၀၂၄)..... 79

၃.၃.၃၅။ ပို့ကုန် သွင်းကုန်ဥပဒေ (၂၀၁၂) 79

၃.၃.၃၆။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)..... 80

၃.၃.၃၇။ အမျိုးသားမြေအသုံးချမှုမူဝါဒ 81

၃.၃.၃၈။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀) 83

၃.၃.၃၉။ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာ ပင်မလုပ်ငန်းအစီအစဉ် ချမှတ်ခြင်း(၂၀၂၀) 85

၄။ စီမံကိန်းအကြောင်းအရာဖော်ပြချက် 85

၄.၁။ လုပ်ငန်း၏တည်နေရာ 85

၄.၂။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ဇယား 87

၄.၃။ စက်ရုံ၏ တည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များ 92

၄.၄။ ထုတ်လုပ်မှုလုပ်ငန်းစဉ် 95

၄.၄.၁။ ဆပ်ပြာမှုန့် ထုတ်လုပ်ခြင်း လုပ်ငန်းစဉ် 95

၄.၄.၂။ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်းလုပ်ငန်းစဉ် 98

၄.၅။ ကုန်ကြမ်းပစ္စည်းများဖော်ပြချက် 100

၄.၆။ ထုတ်ကုန်များဖော်ပြချက် 105

၄.၇။ စက်ပစ္စည်းနှင့် လုပ်ငန်းသုံးကိရိယာပစ္စည်းစာရင်း 107

၄.၈။ စွမ်းအင်သုံးစွဲမှု 107

၄.၉။ ရေသုံးစွဲမှု 108

၄.၁၇။လုပ်သားအင်အားနှင့် လုပ်ငန်းလည်ပတ်ချိန် 110

၄.၂၀။ စွန့်ပစ်ရေထွက်ရှိမှု 113

၅။ ပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက် 114

၅.၁။ လေ့လာမှုဆိုင်ရာကန့်သတ်ချက်များ သတ်မှတ်ခြင်း 114

၅.၂။ ရုပ်ပိုင်းဆိုင်ရာ အချက်အလက်များ 114

၅.၂.၁။ တည်နေရာအကျယ်အဝန်း 114

၅.၂.၂။ မြေမျက်နှာသွင်ပြင်နှင့် ဇလဗေဒ 115

၅.၃။ မိုးလေဝသနှင့် ရာသီဥတု 115

၅ .၃.၁။ အပူချိန် 115

၅.၃.၂။ မိုးရေချိန် 116

၅.၄။ လူမှုစီးပွားပတ်ဝန်းကျင် 116

၅.၄.၁။ လူဦးရေနှင့်အိမ်ခြေ 117

၅.၄.၂။ စီးပွားရေး 118

၅.၄.၃။ ပညာရေးအခြေအနေ 119

၅.၄.၄။ ကိုးကွယ်ယုံကြည်မှု 120

၅.၅။ ရေအရည်အသွေး 120

၅.၅.၁။ အဝီစိရေ (မြေအောက်ရေ) 120

၅.၅.၂။ စွန့်ပစ်ရေ 122

၅.၆။ ထုတ်လွှင့်မှုလေအရည်အသွေး 125

၅.၆.၁။ လေအရည်အသွေးစောင့်ကြည့်ရေးနှင့် ပတ်ဝန်းကျင် 125

၅.၆.၂။ လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုစနစ်ပုံစံ.....125

၅.၆.၃။ လေထုအရည်အသွေးတိုင်းတာမှုရလဒ်နှင့် လေထုညစ်ညမ်းမှု၏သက်ရောက်မှုများကို ဖော်ထုတ်ခြင်း.....126

၅.၇။ ဆူညံသံနှင့်တုန်ခါမှု.....147

၅.၇.၁။ ဖြစ်တည်မှုအရင်းအမြစ်.....147

၅.၇.၂။ ဆူညံသံတိုင်းတာခြင်းနည်းလမ်း.....148

၅.၈။ မြေအရည်အသွေး.....151

၆။ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့်ဘေးအန္တရာယ်ရှိမှုဆန်းစစ်ခြင်းနှင့်လျော့ပါးစေရေးလုပ်ငန်းများ။.....152

၆.၁။ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့်ဘေးအန္တရာယ်ရှိမှုဆန်းစစ်ခြင်းနည်းလမ်း.....152

၆.၂။ ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုနှင့်ဘေးအန္တရာယ်ရှိမှုများ.....155

၆.၂.၁။ လုပ်ငန်းလည်ပတ်ကာလအတွင်း သက်ရောက်နိုင်မှုများ.....155

၆.၂.၂။ လုပ်ငန်းတည်ဆောက်/ဖျက်သိမ်းကာလအတွင်း သက်ရောက်နိုင်မှုများ.....159

၆.၂.၃။ သက်ရောက်မှုများ၏လက္ခဏာများအဆင့်ပြချက်.....162

၆.၂.၄။ သက်ရောက်မှုလျော့ပါးစေရေး နည်းလမ်းများ.....170

၇။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု**အစီအစဉ်**.....183

၇.၁။ လုပ်ငန်းလည်ပတ်ကာလအတွင်း ဆောင်ရွက်ရန် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်.....183

၇.၂။ လုပ်ငန်းတည်ဆောက်/ ဖျက်သိမ်းကာလများတွင်ဆောင်ရွက်ရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် 200

၈။ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ် 208

၈.၁။ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်ရေးအစီအစဉ်အတွက် စီမံကိန်းဘတ်ဂျက်များ 214

၉။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အစီအစဉ်ခွဲများ 217

၉.၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း 217

၉.၁.၁။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၏တာဝန်ယူမှု 217

၉.၂။ အရေးပေါ်အခြေအနေများအတွက်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ် 219

၉.၂.၁။ အရေးပေါ်မီးဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု 219

၉.၂.၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး 226

၉.၂.၃။ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု 229

၉.၃။ လုပ်ငန်းလည်ပတ်မှုကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ ကြိုတင်ကာကွယ်ရေး အစီအစဉ် 232

၉.၄။ စက်ရုံဖျက်သိမ်းခြင်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုအစီအစဉ် 236

၉.၄.၁။ ထုတ်လုပ်မှုနေရာ ဖျက်သိမ်းရေး စီမံခန့်ခွဲမှု အစီအစဉ် 236

၉.၄.၂။ အထွေထွေထောက်ပံ့မှုနေရာ ဖျက်သိမ်းရေးစီမံခန့်ခွဲမှု အစီအစဉ် 236

၉.၄.၃။ ပစ္စည်းသိုလှောင်သောနေရာ ဖျက်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ် 237

၉.၅။ မကျေနပ်ချက်များ ပြန်လည်ဖြေရှင်းရေး ယန္တရား 237

၁၀။ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များထုတ်ဖော်တင်ပြခြင်း

.....241

၁၀.၁။ အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပခြင်း.....242

၁၀.၂။ အများသူငှာ တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာဆွေးနွေးချက်၊အကြံပြုချက်များ 242

၁၀.၃။ သတင်း အချက်အလက်များ ထုတ်ဖော်ခြင်း.....246

၁၀.၄။ အများပြည်သူမကျေနပ်ချက်များနှင့် နစ်နာမှုများကို ဖြေရှင်းပေးမည့် အစီအစဉ်.....246

၁၀.၅။ Longmen Company Limited ၏ ပူးပေါင်းဆောင်ရွက်သော လူမှုစီးပွားတာဝန်သိမှု (CSR) လုပ်ဆောင်ချက်များ၊.....247

၁၁။ နိဂုံးသုံးသပ်ချက်များနှင့် အကြံပြုချက်များ.....248

၁၁.၁။ စီမံခန့်ခွဲမှုသုံးသပ်ချက်.....248

ကိုးကားချက်များ 250

နောက်ဆက်တွဲ ၁.....251

နောက်ဆက်တွဲ ၂.....252

နောက်ဆက်တွဲ ၃.....253

နောက်ဆက်တွဲ ၄.....254

နောက်ဆက်တွဲ ၅.....255

နောက်ဆက်တွဲ ၆.....256

ဇယားပါဝင်မှုစာရင်း

ဇယား 1 ။ Longmen Company Limited ၏ စက်ရုံအချက်အလက်.....47

ဇယား 2 ။ Longmen Company Limited ၏ စီမံကိန်းအဆိုပြုသူဆိုင်ရာ အချက်အလက်များ.....47

ဇယား 3 ။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးသားပြုစုသည့် Environmental Compliance Consultancy Co., Ltd၏ပါဝင်ရေးသားသည့်အဖွဲ့ဝင်များ.....49

ဇယား 4 ။ အထောက်အကူပြုအဖွဲ့ဝင်၏အချက်အလက်.....49

ဇယား 5 ။ Environmental Compliance Consultancy Co., Ltd၏ဆက်သွယ်ရန်အချက်အလက်
.....49

ဇယား 6 ။ လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း စွန့်ပစ်ရေအတွက် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများ(NEQG) ၂.၃.၄.၁ Chlor-alkali 60

ဇယား 7 ။ ဆူညံသံအဆင့်စံနှုန်း (NEQG).....60

ဇယား 8 ။ လေအရည်အသွေးစံနှုန်း (NEQG).....60

ဇယား 9 ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊စာချုပ်များ၊ သဘောတူညီချက်များ 77

ဇယား 10။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)၏ သောက်သုံးရေ လမ်းညွှန်ချက်တန်ဖိုး (Geneva-၁၉၉၃) ဇယား 78

ဇယား 11 ။ Longmen Company Limited ၏စီမံကိန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလဇယား.....88

ဇယား 12 ။ Longmen Company Limited ၏ စက်ရုံတွင်းအဆောက်အဦးစာရင်း.....92

ဇယား 13။ ပရောဂျက်၏ တည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်း ၏လုပ်ငန်းစဉ်များ.....92

ဇယား 14။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်ခြင်းအတွက် လိုအပ်သည့်ကုန်ကြမ်း အမျိုးအစားများ

.....103

ဇယား 15။ Longmen Company Limited ၏ နှစ်အလိုက် ကုန်ချောထုတ်လုပ်မှုဇယား (၁၀ နှစ်အတွက်).....105

ဇယား 16။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်းမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်း ပမာဏ 111

ဇယား 17။အဝီစိရေ (မြေအောက်ရေ)၏စစ်ဆေးမှုရလဒ်ပြဇယား 120

ဇယား 18။ စွန့်ပစ်ရေစစ်ဆေးမှုရလဒ်ပြဇယား.....123

ဇယား 19။ပတ်ဝန်းကျင်လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုအချက်အလက်ပြဇယား.....126

ဇယား 20။ ပတ်ဝန်းကျင်လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုရလဒ်ပြဇယား.....128

ဇယား 21။လုပ်ငန်းခွင်လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုအချက်အလက်ပြဇယား.....136

ဇယား 22။ လုပ်ငန်းခွင်လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုရလဒ်ပြဇယား.....137

ဇယား 23။ဆူညံသံအဆင့် (dB) ၏ ပျမ်းမျှတန်ဖိုးများပြရလဒ်ဇယား.....148

ဇယား 24။သက်ရောက်မှုအဆင့်သတ်မှတ်ဇယား.....153

ဇယား 25။ အဆင့်သတ်မှတ်ခြင်းမက်ထရစ်(Matrix)ဇယား.....154

ဇယား 26။ သက်ရောက်မှုအဆင့်ပြချက်.....154

ဇယား 27။ လုပ်ငန်းလည်ပတ်ကာလအတွင်း ပတ်ဝန်းကျင်အပေါ် သက်ရောက်စေမည့် အကြောင်းအချက်များနှင့် သက်ရောက်မှုများ 155

ဇယား 28။ လုပ်ငန်းလည်ဖျက်သိမ်းကာလအတွင်း ပတ်ဝန်းကျင်အပေါ် သက်ရောက်စေမည့် အကြောင်းအချက်များနှင့် သက်ရောက်မှုများ 160

ဇယား 29။ လုပ်ငန်းလည်ပတ်ကာလအတွင်းသက်ရောက်မှုများ၏လက္ခဏာများ 162

ဇယား 30။ လုပ်ငန်းလည်ပတ်ကာလအတွင်းပတ်ဝန်းကျင်အပေါ် ထိခိုက်မှုဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းအပေါ် သက်ရောက်မှု အဆင့်ပြချက် 166

ဇယား 31။ လုပ်ငန်းတည်ဆောက်/ဖျက်သိမ်းကာလသက်ရောက်မှုများ၏လက္ခဏာများ 167

ဇယား 32။ လုပ်ငန်းလည်ပတ်ကာလအတွင်းပတ်ဝန်းကျင်အပေါ် ထိခိုက်မှုဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းအပေါ် သက်ရောက်မှု အဆင့်ပြချက် 169

ဇယား 33။ လုပ်ငန်းလည်ပတ်ကာလအတွင်း ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု လျော့ပါးစေရေး စီမံခန့်ခွဲမှု 170

ဇယား 34။ လုပ်ငန်းတည်ဆောက်/ဖျက်သိမ်းကာလအတွင်း ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု လျော့ပါးစေရေး စီမံခန့်ခွဲမှု 179

ဇယား 35။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏အစီအစဉ်ခွဲများလုပ်ဆောင်ချက်များအတွက် ခန့်မှန်းကုန်ကျ ငွေပမာဏ 214

ဇယား36။ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်လုပ်ဆောင်ချက်များအတွက် ခန့်မှန်းကုန်ကျငွေပမာဏ... 215

ဇယား 37။ Longmen Company Limited ၏ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအဖွဲ့..... 217

ဇယား 38။ သင်တန်းလိုအပ်ချက် 223

ဇယား39။ ဆောက်လုပ်ရေးကာလနှင့် လုပ်ငန်းလည်ပတ်မှုကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ကြိုတင်ကာကွယ်ရေး အစီအစဉ် 232

ဇယား 40။ လူမှုစီးပွားတာဝန်သိမှုအစီအစဉ် 247

ပုံပါဝင်မှုစာရင်း

ပုံ (1) Longmen Company Limited ၏ စက်ရုံတည်နေရာပြမြေပုံ.....86

ပုံ (2) စက်ရုံတည်ရှိရာနေရာနှင့် အနီးဝန်းကျင်ပြမြေပုံ 87

ပုံ (3) Longmen Company Limited ၏ layout Plan.....91

ပုံ (4) Longmen Company Limited ၏ ဆပ်ပြာအမှုန့်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်များ.....95

ပုံ (5) ဆပ်ပြာအမှုန့်နှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများထားရှိသောနေရာ..... 102

ပုံ(6) ဒီဇယ်မီးစက်နှင့် အရေးပေါ်သုံးအရံလောင်စာဆီထားရှိမှု..... 108

ပုံ(7) ကွန်ကရစ်ရေကန်တစ်ခု (၁၆၀၀ ဂါလံ) ဖြင့်လည်းအရန် သိုလှောင်ထားပုံနှင့် ဝန်ထမ်းသောက်သုံးရေအား ထောက်ပံ့နိုင်ရန် Reverse Osmosis (RO) ရေသန့်စက်အား တပ်ဆင်ထားပုံ 109

ပုံ(8) စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု..... 112

ပုံ(9) အထွေထွေစွန့်ပစ်ပစ္စည်းများခွဲခြားစွန့်ပစ်ရန် အမှိုက်ပုံးများစီမံထားရှိမှု 112

ပုံ(10) အထွေထွေစွန့်ပစ်ရေစီးဆင်းသည့် ရေနူတ်မြောင်းစီမံထားရှိမှု 113

ပုံ(11) အဝီစိရေ (မြေအောက်ရေ)နမူနာကောက်ယူနေပုံ 121

ပုံ(12) အဝီစိရေ (မြေအောက်ရေ)နမူနာကောက်ယူနေရာပြမြေပုံ..... 122

ပုံ(13) စွန့်ပစ်ရေနမူနာကောက်ယူနေပုံ..... 124

ပုံ(14) စွန့်ပစ်ရေနမူနာကောက်ယူနေရာပြမြေပုံ..... 125

ပုံ(15) လေအရည်အသွေးတိုင်းတာနေပုံ..... 127

ပုံ(16) လေအရည်အသွေးတိုင်းတာနေရာပြမြေပုံ 127

ပုံ(17) လုပ်ငန်းခွင်လေအရည်အသွေးတိုင်းတာနေပုံ..... 136

ပုံ(18) လေအရည်အသွေးတိုင်းတာနေရာပြမြေပုံ 137

ပုံ(19) ဆူညံသံအဆင့် (dB) ၏ ပျမ်းမျှတန်ဖိုးများပြရလဒ်ဘားကရက် 149

ပုံ(20) ဆူညံသံအဆင့် (*dB)* တိုင်းတာခြင်း 150

ပုံ(21) ဆူညံသံအဆင့် (*dB)* တိုင်းသည့်အမှတ်ပြမြေပုံ 150

ပုံ(22) အရေးပေါ်ထွက်ပေါက်ပြမျဉ်းများ၊ အရေးပေါ်စုရပ်နေရာပြင်ဆင်ထားရှိမှု 225

ပုံ(23) မီးသတ်ဆေးဗူး၊ မီးသတ်ရေပိုက်စနစ်၊ ရေဖြန်းစနစ်များ၊မီးဘေးသတိပေးပညာပေးရုပ်ပုံများပြင်ဆင်ထားရှိမှု 226

ပုံ(24) စက်ရုံတွင်အရေးပေါ်ဆေးသေတ္တာနှင့် PPE ပြင်ဆင်ထားခြင်း 228

ပုံ(25) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးသတိပေးစာတန်းများချိတ်ဆွဲထားခြင်း 229

ပုံ(26) လုပ်ငန်းခွင်ကျန်းမားရေးအတွက်သောက်သုံးရေသန့်စင်နှင့် လက်ဆေးဘေစင်များစက်တပ်ဆင်ထားခြင်း 229

ပုံ(27) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေးကျင်းပခဲ့သည့်မှတ်တမ်းပုံများ..... 245

ပုံ(28) အများပြည်သူမကျေနပ်ချက်များနှင့် နစ်နာမှုများကို ဖြေရှင်းပေးမည့် လုပ်ငန်းစဉ် 247

အတိုကောက်စာလုံးများ

BOD	Biochemical Oxygen Demand
CMP	Cutting, Making and Packaging
COD	Chemical Oxygen Demand
dB	Decibel
Dept	Department
EMP	Environmental Management Plan
HOD	Head of Department
HR	Human Resource
MIC	Myanmar Investment Commission
SLM	TES -A Advanced Sound Level Meter
NEQEG	National Environmental Quality (Emission) Guideline
OSH	Occupational Safety and Health
PPE	Personal Protective Equipment
SLM	Sound Level Meter

အကျဉ်းချုပ်အစီအရင်ခံစာ

၁။ နိဒါန်း

Longmen Company Limited သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အညီ ပေါင်းစပ်ဖွဲ့စည်းထားသော ပုဂ္ဂလိက ကုမ္ပဏီလီမိတက် ဖြစ်သည်။ Longmen Company Limited သည် မှတ်ပုံတင်အမှတ် (111049335)ဖြင့် မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)၏ မှတ်ပုံတင်ဌာနမှ အသိအမှတ်ပြု ကုမ္ပဏီတစ်ခုဖြစ်သည်။ Longmen Company Limited ၏ ရင်းနှီးမြုပ်နှံမှု အမျိုးအစားမှာ ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြုပ်နှံမှုလုပ်ငန်းဖြစ်ပြီး စက်ရုံသည် ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်ဖြန့်ဖြူးရောင်းချ သည့်လုပ်ငန်းဖြစ်သည်။ Longmen Company Limited ၏ စက်ရုံသည် ကွင်းအမှတ်(ဒီ)၊ ဦးပိုင်အမှတ်(ဒီ-၃/၁(က))၊ စက်မူပန်းခြံလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (c) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိထားသော ဂရန်မြေအား ငှားရမ်းအသုံးပြု၍ စက်ရုံ တည်ဆောက်ပြီး ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။

ဇယား က ။ Longmen Company Limited ၏ စက်ရုံအချက်အလက်

စက်ရုံအချက်အလက်	**ဖော်ပြချက်**
ကုမ္ပဏီအမည်	Longmen Company Limited
လုပ်ငန်းအမျိုးအစား	ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း
တည်နေရာ	ကွင်းအမှတ်(ဒီ)၊ ဦးပိုင်အမှတ်(ဒီ-၃/၁(က))၊ စက်မူပန်းခြံလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (c) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ရင်းနှီးမြုပ်နှံမှု အမျိုးအစား	မြန်မာနိုင်ငံသားပိုင်ရာနှုန်းပြည့်ရင်းနှီးမြုပ်နှံမှုလုပ်ငန်း
ရင်းနှီးမြုပ်နှံမှုပမာဏနှင့် ကာလ	၁၀နှစ်အတွက် ၁၇၀၀.၇၇ဓာတ်သန်း
စီမံကိန်းစတင်သည့်ကာလ/ လုပ်ငန်းလည်ပတ်ကာလ	၂၀၁၅ခုနှစ် / ၂၀၁၅ခုနှစ် ၂၀၁၅ခုနှစ်

စက်ရုံဧရိယာ	(၁.၅၆) ဧက
မြေအမျိုးအစား	ဂရန်မြေ

ဇယား ခ။ Longmen Company Limited ၏ စီမံကိန်းအဆိုပြုသူဆိုင်ရာ အချက်အလက်များ

စီမံကိန်းအဆိုပြုသူဆိုင်ရာ အချက်အလက်များ	**ဖော်ပြချက်**
စီမံကိန်းအဆိုပြုသူအမည်	ဦးသိန်းထွန်း
နိုင်ငံသား	မြန်မာနိုင်ငံသား
ရာထူး	ဒါရိုက်တာ
ရုံးလိပ်စာ	ကွင်းအမှတ်(ဒီ)၊ ဦးပိုင်အမှတ်(ဒီ-၃/၁(က))၊ စက်မှုပန်းခြံလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (c) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
စီမံကိန်းအဆိုပြုသူ၏ ကိုယ်စားပြုသူ ဆက်သွယ်ရန်ဖုန်းနံပါတ်/Email	ဒေါ်သီးဂီထွေး 09 43196760

Longmen Company Limited ၏ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် Environmental Management Plan (EMP) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အသိအမှတ်ပြုလုပ်ငန်းလိုင်စင်ထုတ်ပေးထားသော အကြံပေးအဖွဲ့အမျိုးအစား(က)လုပ်ငန်းလိုင်စင်ရရှိထားသည့် Environmental Compliance Consultancy Co., Ltd. ရေးသားပြင်ဆင်ဆောင်ရွက်ထားပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလလမှစတင်၍ လေ့လာရေးသားပြုစု ဆောင်ရွက်ခဲ့ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ ကို ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ (EIA) လုပ်ထုံးလုပ်နည်း ဥပဒေအပိုဒ် ၇၆-၇၇- ၈၂ တွင် ပါဝင်သော သတ်မှတ်ချက်များနှင့် အညီလေ့လာပြုစု ရေးသား ပြင်ဆင်ခဲ့ပါသည်။ အကြံပေးပုဂ္ဂိုလ်များ၏ လုပ်ငန်းလိုင်စင်အား နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။

ဇယား (ဂ)။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးသားပြုစုသည့်အဖွဲ့ဝင်များ

စဉ်	အမည်	လုပ်ငန်းလိုင်စင်အမှတ်	တာဝန်ယူဆောင်ရွက်သည့်နယ်ပယ်များ
1	ဦးရဲမြတ်ဘုန်းလှိုင်	EIA- AC 114/2024	လေထုညစ်ညမ်းမှုစောင့်ကြပ်ကြည့်ရှုခြင်း
2	ဦးအောကာဖြိုး	EIA- C 059/2024	ဘေးအန္တရာယ်ရှိမှုဆန်းစစ်ခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း
3	ဒေါ်သန္တာထွန်း	EIA- AC 067/2024	ဇလဗေဒ၊ မြေပေါ်ရေနှင့်မြေအောက်ရေထိန်းသိမ်းခြင်း ရေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ထိခိုက်မှုကြိုတင်ခန့်မှန်းခြင်း

ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် ရေးသားပြုစုရာတွင် အထောက်အကူပြု အတက်ပညာရှင်၏ အချက်အလက်အား အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

ဇယား (ဃ)။ အထောက်အကူပြုအဖွဲ့ဝင်၏အချက်အလက်

1	ဦးအောင်ကောင်းမြတ်	လေထုညစ်ညမ်းမှုစောင့်ကြပ်ကြည့်ရှုခြင်း

၂။ ကတိကဝတ်ပြုခြင်း

စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) နှင့်ပတ်သတ်၍ အောက်ပါအချက်အလက်များမှန်ကန်ကြောင်းနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိကဝတ် အတည်ပြုပါသည်။

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာသည် တိကျခိုင်မာ၍ လုပ်ငန်းဆိုင်ရာအချက်အလက်များသည် မှန်ကန်ပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများအတိုင်း တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာကိုရေးဆွဲထားပါသည်။

(ဂ) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့်ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား တိုးတက်နေသည့် နည်းညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက် အပေါ်မူတည်၍ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်များရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။

(င) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အားပြင်ဆင်ဖြည့်စွက်လိုပါက တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်ဆောင်ရွက်သွားပါမည်။

(စ) စီမံကိန်းလုပ်ငန်းများပြီးစီး၍ စီမံကိန်းလုပ်ငန်းပိတ်သိမ်းချိန်တွင် လူမှုဝန်းကျင်အပေါ်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိခိုက်မှုများရှိလာပါက ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်အစီအမံများ၊ လူမှုစီးပွားအကျိုးပြုပူးပေါင်းဆောင်ရွက်ချက်အစီအမံများ ချမှတ်ဆောင်ရွက်သွားပါမည်။

၃။ ဥပဒေ၊နည်းဥပဒေ၊မူဘောင်ဆိုင်ရာအချက်အလက်များ

(၁)မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒ (၂၀၁၉)

(၂)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)

(၄)ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅/ ပြင်ဆင် ၂၀၁၉)

(၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် (၂၀၁၅)

(၆) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅)

(၇) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)

(၈) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၇)

(၉) အလုပ်ရုံများအက်ဥပဒေ (၁၉၅၁/ပြင်ဆင် ၂၀၁၆)

(၁၀) မြန်မာ့အာမခံဥပဒေ (၁၉၉၃)

(၁၁) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

(၁၂)ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

(၁၃) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)(ပြင်ဆင်၂၀၁၁)

(၁၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉)

(၁၅) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆)

(၁၆) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)

(၁၇) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) (ပြင်ဆင်၂၀၁၇)

(၁၈) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

(၁၉) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)

(၂၀) အလုပ်သမားလျော်ကြေးငွေဥပဒေ(၁၉၂၃)(ပြင်ဆင်၂၀၁၈)

(၂၁) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

(၂၂) ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ (၁၉၅၁/ ပြင်ဆင် ၂၀၁၄)

(၂၃) အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

(၂၄) အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)

(၂၅) လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

(၂၆) မော်တော်ယာဉ်ဥပဒေ (၂၀၁၅)

(၂၇) လျှပ်စစ်ဥပဒေ (၂၀၁၄)

(၂၈) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)

(၂၉) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

(၃၀) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)

(၃၁) ဓာတုနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေများ (၂၀၁၆)

(၃၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)

(၃၃) မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ(၁၉၃၀)

(၃၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊စာချုပ်များ၊ သဘော တူညီချက်များ

(၃၅) ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)၏ သောက်သုံးရေ လမ်းညွှန်ချက်တန်ဖိုး (Geneva-၁၉၉၃)

(၃၆) အမျိုးသားမြေပေါ်ရေ အရည်အသွေးဆိုင်ရာ မြန်မာ စံချိန်စံညွှန်း (၂၀၂၄)

(၃၇) ပို့ကုန် သွင်းကုန်ဥပဒေ(၂၀၁၂)

(၃၈) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)

(၃၉) အမျိုးသားမြေအသုံးချမှုမူဝါဒ(၂၀၁၆)

(၄၀) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ(၁၉၉၀)

(၄၁) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ် [၂၀၁၈-၂၀၃၀](၂၀၂၀)

၄။ လုပ်ငန်းအကြောင်းအရာဖော်ပြချက်

Longmen Company Limited သည် ကွင်းအမှတ် (ဒီ)၊ ဦးပိုင်အမှတ်(ဒီ-၃/၁(က))၊ ၆၂ လမ်း၊ စက်မှုပန်းခြံလမ်း၊ ၁၂၄ လမ်းနှင့် ၁၂၅ လမ်းကြား၊ (c) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသောစုစုပေါင်းမြေရိယာ (စီမံကိန်းရိယာ) ၁.၂၅ ကေအား ငှားရမ်းအသုံးပြု၍ လုပ်ကိုင် ဆောင်ရွက်ခြင်း ဖြစ်သည်။ စက်ရုံရိယာ အတွင်းတွင် ရုံးခန်း၊ ထုတ်လုပ်ရေးစက်ရုံ၊ လုံခြုံရေးဂိတ်၊ ကုန်ကြမ်း သိုလှောင်ရာနေရာ၊ စားသောက်ဆောင်နှင့် ကုန်ပစ္စည်းသိုလှောင်ရာနေရာတို့ ပါဝင်ဖွဲ့စည်းတည်ဆောက် ထားပါသည်။ စက်ရုံသည် 21°54'31.78"N 96°6'29.73"E တွင် တည်ရှိသည်။ စက်ရုံတည်ဆောက်ထားသော နေရာသည် စက်မှုဇုန်ရိယာထဲတွင်ရှိသောကြောင့် အနီး ဝန်းကျင်တွင်လည်း အခြားစက်ရုံများတည်ရှိသည်။ Longmen Company Limited ၏ စက်ရုံတည်နေရာကို အခန်း၄။ လုပ်ငန်းအကြောင်းအရာ ဖော်ပြချက်တွင်ဖော်ပြထားပါသည်။

ဆပ်ပြုမှုန့်ထုတ်လုပ်မှုလုပ်ငန်းစဉ်

Longmen Company Limited၏ စက်ရုံသည် ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်သည့် စက်ရုံဖြစ်ပါသည်။ ထုတ်ကုန် ၁၀၀ ရာခိုင်နှုန်းအား ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။ ဆပ်ပြာမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းများအား Elevator ဖြင့်

မတင်၍ Men Power ဖြင့် ပတ်တားလိုင်းဖြင့် ပေးပို့ခြင်း၊ ရောနှေမွေစက်ဖြင့် မွှေခြင်း၊ ဇလားကန်များသို့ထည့်ခြင်း၊ ပါကင်ပိတ်ခြင်း၊ အလေးချိန် စစ်ဆေးခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို အောက်ပါပုံတွင် ဖော်ပြထားပါသည်။



Longmen Company Limited ၏ ဆပ်ပြာအမှုန့်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်များ

ဆပ်ပြာခရင်(မ်)ထုတ်လုပ်မှုလုပ်ငန်းစဉ်

Longmen Company Limited ၏စက်ရုံသည် ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်သည့် စက်ရုံဖြစ်ပါသည်။ ထုတ်ကုန် ၁၀၀ ရာခိုင်နှုန်းအားပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အနေဖြင့် ဆပ်ပြာအမှုန့်(အမွှေးဆီရောပြီး)

ကုန်ကြမ်းများအား Elevator ဖြင့်မတင်၍ Men Power ဖြင့် ပတ်တားလိုင်းဖြင့် ပေးပို့ခြင်း၊ အခဲချစက်ဖြင့်ချေခြင်း၊ဆားဖျော်ရည်(ဆိုဒီယမ်ကလိုရိုဒ်)ရောရာ ရောနှေမွေစက်ဖြင့်မွှေခြင်း၊ ခရင်(မ်)ပန့်မှတစ်ဆင့် ခရင်(မ်)ဘားများသို့ ပေးပို့ခြင်း၊ ပါကင်ပိတ်၍ (၇) ရက် QC စောင့်ကြည့်ခြင်း၊ Logestic ပြုလုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို အောက်ပါပုံတွင် ဖော်ပြထားပါသည်။



Longmen Company Limited ၏ဆပ်ပြာခရင်(မ်)ထုတ်လုပ်မှုလုပ်ငန်းအဆင့်များ

၅။ အနီးပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက်

လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများကို လေ့လာခြင်းအားဖြင့် စီမံကိန်းနှင့်အနီးဝန်းကျင်ဒေသတိုက်ရို သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်သက်ရောက်မှု

အခြေအနေများကိုပိုမိုသဘောပေါက်လာစေမည်ဖြစ်သဖြင့်ဤအခန်းတွင် စီမံကိန်း နှင့် သက်ဆိုင်သည့် အခြေခံအချက်အလက်များကို လေ့လာ၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်ကာ ဖော်ပြထားခြင်းဖြစ်ပါသည်။

စက်ရေတွင်းရေ၏ နေ့စဉ်ထုတ်ယူအသုံးပြုမှုမှာ (၂၀၀)ဂါလံ ဖြစ်ပြီး စက်ရုံတွင် လုပ်ငန်းစဉ်သုံးရေသည် ထုတ်လုပ်လည်ပတ်မှုအဆင့်များတွင် သုံးစွဲမှု မရှိပါ။ အဝိစိရေ (မြေအောက်ရေ)နမူနာကို စက်ရုံ၏ အဝိစိရေ (မြေအောက်ရေ)နမူနာကို စုဆောင်းပြီး ALARM Ecological ဓာတ်ခွဲခန်းတွင် စစ်ဆေးထားပါသည်။

စွန့်ပစ်ရေကောက်ယူသည့်နမူနာယူမှတ် (21°54′31.93″N,96°6'30.65"E) သည် စက်ရုံ၏ မြောင်းထွက်ပေါက်အနီးဆုံးနောက်ဆုံးစွန့်ပစ်ရာနေရာဖြစ်ပါသည်။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)များထုတ်လုပ်ရာတွင် လုပ်ငန်းသုံးရေ သုံးစွဲမှုမရှိသော်လည်း Chlor-alkaliများဖြစ်သည့် Chlorine၊ Caustic Soda၊ Soda Ash)စသည့်ဓာတုပစ္စည်းများအသုံးပြုသော ကြောင့် စွန့်ပစ်ရေအရည်အသွေးစစ်ဆေးရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ ထုတ်လွှင့်မှု ဆိုင်ရာအရည်အသွေးလမ်းညွှန်ချက်မှ Large Volume Inorganic Compounds Manufacturing and Coal Tar Distillation ၂.၃.၄.၁ (Chlor-alkali) နှင့် အောက်ပါဇယားတွင် နှိုင်းယှဉ်ဖော်ပြထားသည်။ စွန့်ပစ်ရေကောက်ယူသည့် နမူနာ၏စစ်ဆေးမှုရလဒ်အရ စွန့်ပစ်ရေအရည်အသွေးတို့သည် လမ်းညွှန်ချက်အမှတ်များအောက်တွင်ရှိကြောင်း တွေ့ရှိရပါသည်။

စက်ရုံ၏ ထုတ်လုပ်ရေးလုပ်ငန်းစဉ်များမှ လေထုညစ်ညမ်းစေသည့် အဓိက အရင်းအမြစ်များမှာ စက်လည်ပတ်မှု၊ ဒီဇယ်ဂျင်နရေတာနှင့် လုပ်ငန်းသုံးမော်တော်ယာဉ်များ ဝင်ထွက်သွားလာမှုစသည်တို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်နိုင်ချေရှိပါသည်။ ထို့ကြောင့် လေအရည်အသွေးအား စောင့်ကြည့်တိုင်းတာပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ ထုတ်လွှင့်မှု ဆိုင်ရာအရည်အသွေး(လေအရည်အသွေး)လမ်းညွှန်ချက်ထက် ကျော်လွန်မှု ရှိ/မရှိ အခြေအနေအား ဆန်းစစ်လေ့လာဆောင်ရွက်ခဲ့ပါသည်။Haz- Scanner Environmental Perimeter Air station (EPAS) ကို ပတ်ဝန်းကျင် လေအရည်အသွေးစောင့်ကြည့်တိုင်းတာစုဆောင်းခြင်းနှင့် လုပ်ငန်းခွင်လေအရည်အသွေးအား တိုင်းတာခြင်းတွင် အသုံးပြုခဲ့ပါသည်။ လေအရည်အသွေး စောင့်ကြည့်တိုင်းတာမှုနှုန်း (သို့မဟုတ်) လေအရည်အသွေးအချက်အလက်ကို တစ်မိနစ်တိုင်း အလိုအလျောက် တိုင်းတာပြီး Longmen

Company Limited တိုင်းတာသည့်နေရာတွင် တိုက်ရိုက်ဖတ်ရှုပြီး မှတ်တမ်းတင်ခြင်း ဖြစ်သည်။ လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှု အမျိုးအစား (၁၁)မျိုး (NO2, O3, PM10, PM2.5, SO2, CO2,VOC, CO, စိုထိုင်းဆ (Relativity humidity), လေတိုက်နှုန်း၊ ဦးတည်ချက်နှင့် အပူချိန်) တိုင်းတာဆောင်ရွက်ထားမှုများနှင့်ရလဒ်များအား အခန်း၄။ လုပ်ငန်းအကြောင်းအရာ ဖော်ပြချက်တွင်ဖော်ပြထားပါသည်။

ဆူညံသံနှင့်တုန်ခါမှုများသည်ထုတ်လုပ်ရေးလုပ်ငန်းစဉ်များနှင့် စက်ပစ္စည်းများ၊သယ်ယူရေးယာဉ်များကြောင့် ဖြစ်ပေါ်စေနိုင်သည်။ Longmen Company Limited ၏ လုပ်ငန်းအဆင့်များတွင် တုန်ခါမှုဖြစ်စေနိုင်သော လုပ်ဆောင်ချက်များ မပါရှိကြောင်း တွေ့ရှိရပါသည်။ ဆူညံသံသည် သတ်မှတ်ထားသော အဆင့်ထက်ကျော်လွန်မှုရှိ/မရှိကို စက်ရုံဝင်းထဲတွင် တိုင်းတာခဲ့ပါသည်။

ဆူညံသံအဆင့်ကို တိုင်းတာခြင်းရန်အတွက် လက်ကိုင်ဆူညံသံတိုင်းကိရိယာ(SLM)ကို အသုံးပြုသည်။ လက်ကိုင်ဆူညံသံတိုင်းကိရိယာတပ်ဆင်ရန်အတွက် သုံးချောင်းထောက်(tripod) ကို အသုံးပြုသည်။ စက်ရုံ၏ ဆူညံသံအဆင့်ကို TES - Advanced Sound Level Meter အသုံးပြု၍ တိုင်းတာခဲ့သည်။

၆။ ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်း နှင့် လျော့ပါးစေရေး နည်းလမ်းများ။

Longmen Company Limited၏ ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအဆင့်ဆင့်ပေါ်မူတည်၍ သက်ရောက်မှုဆန်းစစ်ခြင်းနှင့် ကုစားခြင်းကို အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားပါသည်။

ဇယား (၄) ပတ်ဝန်းကျင်အပေါ် သက်ရောက်စေမည့် အကြောင်းအချက်များနှင့် သက်ရောက်မှုများ

သက်ရောက်မှု	**အရင်းမြစ်**	**လျော့ပါးစေရေး စီမံခန့်ခွဲမှု**
လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး	- ဝန်ချီကားအသုံးပြု၍ ကုန်ကြမ်းကုန်ချောပစ္စည်းများ အတင်အချပြုလုပ်ခြင်း - စက်ရုံ၏တားမြစ်နယ်မြေအတွင်း ဆေးလိပ်သောက် ခြင်း။	(၁) ကုန်ပစ္စည်းများ အလွယ်တကူမရန်အထောက်အကူပြု သယ်ဆောင်ကိရိယာအသုံးပြုခြင်း (၂) အပူရှိန်များသောနေရာများတွင် လေဝင်လေထွက် ကောင်းမွန်စေရန်

	- ဝန်ပိုလျှပ်စစ်ဓာတ်အားအသုံးပြုမှု ကြောင့် ဝါယာရှော့ခ် ဖြစ်ခြင်း။ ပတ်တားလိုင်းများအသုံးပြုခြင်း ရောမွေ့စက်များအသုံးပြုခြင်း လျှပ်စစ်ပစ္စည်းပျက်များ၊ဝါယာကြိုး ပေါင်းများ၊ မီးသီး၊မီးချောင်းပျက်များလဲလှယ်ခြင်း ၊ ပိုက်လိုင်းများပြုပြင်ခြင်း၊စက်ပစ္စည်း များပြုပြင်ခြင်း အရန် ဒီဇယ်ဆီ၊ဓာတ်ဆီ သိုလှောင်ထားရှိမှု၊ ဒီဇယ်ဆီဟောင်း၊အင်ဂျင်ဝိုင်ဟောင်း များ၊ အင်ဂျင်ဝိုင်းဗူးများထားခြင်း	လေမှုတ်ပန်ကာများ၊ လေစုပ်ပန်ကာများတပ်ဆင်ပေးခြင်း (၃) စက်ယန္တရားများ လည်ပတ်ရာနေရာတွင် မီးလောင် ပေါက်ကွဲနိုင်သော ပစ္စည်းများမရှိအောင်ကြိုတင် ရှင်းလင်းခြင်း (၄) မော်တာ၊ဒလက်ပါသောစက်များနေရာတွင် လုံခြုံရေး အကာအကွယ် များ တပ်ဆင်ခြင်း (၅)အသုံးပြုစက်ပစ္စည်းများအားစတင်အ သုံးမပြုမီ လျှပ်စစ်ကြိုးများ ကို ပေါက်ပြဲ ပျက်စီးနေလျှင် ပြုပြင်လဲလှယ်ခြင်း (၆) စက်ယန္တရားများကို ကျမ်းကျင် ဝန်ထမ်းများသာလျှင် ကိုင်တွယ် အသုံးပြု ခြင်း (၇) ရုတ်တရက်မတော်တဆမှုအား ကာကွယ်နိုင်ရန် အသုံးပြုစက်ပတ်မှုအရေးပေါ် ရပ်နားသည့် ခလုတ်/စနစ်များကို အလွယ်တကူ မြင်နိုင်သည့်နေရာတွင် တပ်ဆင်ခြင်း (၈) ထိခိုက်ပွန်းရှနိုင်သည့် ပစ္စည်းများ ကိုင်တွယ်ရာတွင် လက်အိတ် အသုံးပြုခြင်း (၉) ဝန်ထမ်းများအားလုံးအတွက် တစ်ကိုယ်ရည် အကာအကွယ်သုံးပစ္စည်း (မျက်မှန်၊လက်အိတ်၊N95နှာခေါင်းစည်း) များ အသုံးပြုနိုင်ရန်ထောက်ပံ့ပေးခြင်း (၁၀) လက်ဆေးဘေစင်များ၊ မျက်လုံးသန့်စင်ဘေစင်များ၊ လုပ်ငန်းခွင်အနီးတွင် ထားရှိခြင်း

		(၁၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း (၁၂) ကူးစက်ရောဂါကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (၁၃) အရေးပေါ်ဆေးသေတ္တာထားရှိခြင်း (၁၄) ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် ထားရှိခြင်း (၁၅) ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ယင်လုံအိမ်သာများအား စနစ်တကျထိန်းသိမ်းစီစဉ်ထားခြင်း
စွန့်ပစ်ပစ္စည်း	- ကုန်ကြမ်းကုန်ချောပစ္စည်းများ အားသိုလှောင်ခြင်း - စက္ကူစု၊ ပလပ်စတစ်အမျိုးမျိုး၊ စက္ကူပုံးအလွတ် များထွက်ရှိခြင်း - အမွှေးဆီဖြန်းခြင်းမှ အမွှေးဆီပုံး အလွတ်များ ထွက်ရှိခြင်း - ထုတ်ပိုးခြင်းလုပ်ငန်းစဉ်မှ စက္ကူစု၊ ပလပ်စတစ် အိတ်ပျက်အမျိုးမျိုး - အစားအသောက်ချက်ပြုတ် စားသောက်ခြင်း၊ သန့်စင်ခန်းသုံးပစ္စည်းများ၊ အမျိုးသမီးသုံးပစ္စည်းများ၊ ရုံးသုံးစာရွက်၊စာရေးကိရိယာ များအသုံးပြုခြင်း	(၁) အထွေထွေစွန့်ပစ်အမှိုက်များအား အမှိုက်အိတ်များဖြင့် ထုပ်ပိုး ထားခြင်း (၂) စွန့်ပစ်အိတ်များကို ယာယီသိုးသန့်နေရာသတ်မှတ်၍ စနစ်တကျစုဆောင်းခြင်း (၃)စွန့်ပစ်ပစ္စည်းစုဆောင်းသူကိုပြန်လည် ရောင်းချခြင်း (၄)အမှိုက်ပုံးများအားအမျိုးအစားခွဲခြားစွန့် ပစ်ရန် လုံလောက်စွာ ထားခြင်း (၅)ပြည်ကြီးတံခွန်မြို့နယ်စည်ပင်သာယာ ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့်သတ်မှတ်ထားသောနေရာ တွင် အမှိုက်သယ်ယာဉ်ဖြင့် ပို့ဆောင်စွန့်ပစ်ခြင်း (၆) အစားအသောက်အကြွင်းအကျန်အမှိုက် များအား နေ့စဉ်ပုံမှန် စွန့်ပစ်နိုင်ရန် စီစဉ်ထားခြင်း

	လျှပ်စစ်ပစ္စည်းပျက်များ၊ဝါယာကြိုးဟောင်းများ၊ မီးသီး၊မီးချောင်းပျက်များလဲလှယ်ခြင်း၊ ပိုက်လိုင်းများပြုပြင်ခြင်း၊စက်ပစ္စည်းများပြုပြင်ခြင်း	
မီးဘေးအန္တရာယ်	- စက်ရုံ၏တားမြစ်နယ်မြေ အတွင်းဆေးလိပ်သောက် ခြင်း။ - ဝန်ပိုလျှပ်စစ်ဓာတ်အားအသုံးပြုမှုကြောင့် ဝါယာရှော့ခ် ဖြစ်ခြင်း။ - မီးစက်မောင်းနှင်ရန်အတွက် ဒီဇယ်သိုလှောင်မှု	(၁)စက်ရုံဝင်းအတွင်းဆေးလိပ်သောက်ခြင်းကိုလုံးဝပိတ်ပင်တားမြစ်ခြင်း (၂)အရေးပေါ်ထွက်ပေါက်များကိုရှင်းလင်းစွာဖော်ပြခြင်း (၃)ထွက်ပေါက်လမ်းများကိုအမြဲသန့်ရှင်းအောင်ထားခြင်း (၄)မီးသတ်ဆေးဘူးများကို ပုံမှန်စစ်ဆေး၊လဲလှယ် ဖြည့်တင်းခြင်း (၅)မီးငြိမ်းမှု ဇာတ်တိုက်လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်း (၆)ဆီယိုစိမ့်မှုရှိ/မရှိစစ်ဆေးပြီးလိုအပ်သလောက်သာ ဆီပမာဏ အရန်ထားရှိခြင်း (၇) မီးလောင်လွယ်သောဓါတုပစ္စည်းများ၊ ဒီဇယ်ဆီအား သီးခြားစီ စနစ်တကျကန့်သတ်သိုလှောင်ခြင်း (၈) မီးသတ်ဆေးဘူးများ၊ မီးသတိပေးစနစ်၊ အရေးပေါ် တံခါးပေါက်၊လှေကား၊အရေးပေါ်စုရုပ်ကို အလုံအလောက်ထားရှိခြင်း (၉) အရည်အသွေးကျဆင်းနေသော လျှပ်စစ်ပစ္စည်းများ၊ ဝါယာကြိုးများ၊ မီးသီး၊ မီးချောင်းများ၊ ပြုပြင်လဲလှယ်ခြင်း၊ ဝန်ပိုလျှပ်စစ်ဓာတ်အား အသုံးပြုမှုကို ထိန်းချုပ်ဖြတ်တောက် ပေးနိုင်သည့် အလိုအလျောက် ဖြတ်တောက်

		ကိရိယာ(Auto voltage cutout)အသုံးပြုခြင်း၊ သတိပေးအသံ တပ်ဆင်ခြင်း၊ (၁၀)မီးလောင်ကျွမ်းနိုင်သည့်ဓာတုပစ္စည်း များ၊ မီးလောင်လွယ်သည့်အရာများကို စနစ်တကျ မီးသတ်စနစ်နှင့် အတူထားရှိခြင်း
ဆူညံသံ	- ရောမွှေစက်များအသုံးပြုခြင်း၊ စက်များလည်ပတ်မောင်းနှင်ခြင်း	(၁) စက်ပစ္စည်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းမှုများ ပြုလုပ်ခြင်း (၂) မီးစက်အသုံးပြုခြင်း နေရာတွင် အသံလုံစေရန်နှင့် ပျံ့လွင့်မှုလျော့နည်းစေရန် ဖော့အကာအကွယ် တပ်ဆင်ခြင်း (၃) ဆူညံမှုများသောလုပ်ငန်းခွင်နေရာရှိ ဝန်ထမ်းအား နားကြပ် (ear plus)တပ်ဆင်နိုင်ရန်ဆောင်ရွက်ခြင်း
လေအရည်အ သွေး	ပစ္စည်းများနေရာချခြင်းကြောင့် ဖုန်၊ အမှုန်အမွှားထွက်ရှိ ခြင်း ဘွိုင်လာအသုံးပြုခြင်း ကုန်တင်ယာဉ်အသုံးပြုခြင်း ဒီဇယ်မီးစက်မှမီးခိုးထွက်ခြင်း၊	(၁) ဝန်ထမ်းများအတွက် N95နှာခေါင်းစည်းများ အလုံအလောက် စီစဉ် ထားရှိခြင်း (၂) ဆပ်ပြာမှုန့်များပျံ့လွင့်မရှိစေရန် ရောနှောမွှေစက်တွင် အလုံပိတ်အဖုံးတပ်ဆင်ခြင်း၊ (၃) အသုံးပြုကုန်ကြမ်းများထားရှိရာနေရာတွင် အမှုန်အမွှားစုပ်စက် အသုံးပြု၍ စုဆောင်းခြင်း (၃) ဝန်ထမ်းများ၏ လုပ်ငန်းခွင်နေရာတွင် လေစုပ်ပန်ကာ/ လေမှုတ်ပန်ကာများတပ်ဆင်ခြင်း (၄) ကုန်တင်ယာဉ်၊ဒီဇယ်မီးစက်များအား ပြုပြင်ထိန်းသိမ်းခြင်း

		(၅) အိတ်ဇောသန့်စင်စက်၊ လေစစ်ဧကာတပ်ဆင်အသုံးပြုခြင်း (၆) ဝန်ထမ်းများ၏ လုပ်ငန်းခွင်နေရာတွင် အမှုန်ထုတ်လွှတ်မှု၊ စိုထိုင်းဆနှင့် အပူချိန်တိုင်းတာသည့် ကိရိယာတပ်ဆင်ခြင်း
စွန့်ထုတ်ရေထွက်ရှိမှု	အစားအသောက်ချက်ပြုတ်စားသောက်ခြင်းမှ ဆေးကြောခြင်း သန့်စင်ခန်းသုံးစွဲခြင်းမှ လက်ဆေးခြင်း	(၁) ရေအလေအလွင့်မရှိစေရန် ပိုက်လိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း (၂) ရေနူတ်မြောင်းအတွင်း စွန့်ပစ်ပစ္စည်းများ၊ ဆပ်ပြာမှုန့်များ၊ ဓာတုပစ္စည်းကုန်ကြမ်းများ မကျအောင် အကာအကွယ် ပြုလုပ်ခြင်း (၃) စက်ရုံ၏ရေနူတ်မြောင်းတွင် အနည်စုကန်နှင့် အနည်စစ်ဧကာသို့ ဖြတ်သန်းစေပြီးမှ ပြင်ပရေမြောင်းအတွင်းသို့စွန့်ပစ်ခြင်း (၄) မိလ္လာကန်အား စနစ်တကျတည်ဆောက်ထားရှိပြီး ပြုပြင်ထိန်းသိမ်းခြင်း (၅) စက်ရုံကြမ်းခင်းများသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဆပ်ပြာမှုန့် ရေများအား စွန့်ပစ်ရေတွင်မပါဝင်စေရန် စနစ်တကျဆောင်ရွက်ခြင်း
ဓာတုပစ္စည်းအန္တရာယ်ဆီယိုဖိတ်မှု	-အန္တရာယ်အဆင့်အလိုက် သတိပေးအမှတ်အသားကပ်ခြင်းမရှိခြင်း။ -ထုပ်ပိုးစနစ် ယိုယွင်း ခြင်း။ -လောင်းစားခြင်းဒဏ်ခံနိုင်သော သိုလှောင်မှုမရှိခြင်း။ သိုလှောင်ရုံတွင် ကြမ်းပြင်နှင့်	(၁)အန္တရာယ်ရှိသော ပစ္စည်းများအား ကိုယ်တွင်အသုံးပြုရာတွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေး ပစ္စည်းများ (PPE) အပြည့်အစုံဖြင့် စနစ်တကျဝတ်ဆင်ခြင်း၊ (၂)ဓာတုပစ္စည်းသိုလှောင်သောနေရာများတွင် လေဝင်လေထွက် ကောင်းမွန်စေရန်

	တိုက်ရိုက်ထိတွေ့ထားရှိခြင်း။ -သယ်ဆောင်ရာတွင် သတ်မှတ်ဝန်ထမ်းအင်းအားနှင့် သယ်ဆောင်ရေးယဉ်များအားနည်းခြင်း။ -သိုလှောင်ခန်းအတွင်း တာဝန်ရှိသူများအပြင် ပြင်ပအလုပ်သမားများ ဝင်ရောက်လုပ်ကိုင်ခြင်း။ -သိုလှောင်ရုံအတွင်းလုပ်ကိုင်နေသော လုပ်သားများ ကျန်းမာရေးအားနည်းခြင်း။ -ဓာတုပစ္စည်းယိုဖိတ်သည့်အခါ အရေးပေါ်လုပ်ဆောင်မည့် နည်းစနစ်များ သင်တန်းများမပေးထားခြင်း။	Ventilation System နှင့် Air Flow System များ ပန်ကာများ တပ်ဆင်ပေးခြင်း၊ (၃)လုပ်သားများအား ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ (၄)စက်ရုံတွင် အရေးပေါ်ပြုစုရန် ဆေးသေတ္တာထားရှိခြင်း သို့ ပြင်ပ ဆေးပေးခန်းနှင့် ချိတ်ဆက်ထားခြင်း။ (၅)ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများအား စေလွှတ်၍ စက်ရုံတွင် ဆင့်ပွားသင်တန်းများပြုလုပ်ပေးခြင်း၊ (၆) မသတ်မှတ်ထားသည့် အမျိုးအမည်မရှိသော ဓာတုပစ္စည်းများသိုလှောင်ခြင်းအား မပြုလုပ်ခြင်း။ Material Safety Data Sheet (MSDS)ပါအတိုင်းလိုက်နာဆောင်ရွက်ခြင်း၊အန္တရာယ်အဆင့် အလိုက် သတိပေးအမှတ် အသားကပ်ခြင်း (၇)သတ်မှတ်ထားသော ပမာဏထက် ကျော်လွန်အသုံးမပြုဘဲ ညွှန်ကြားချက်များအတိုင်း ကိုင်တယ်အသုံးပြု သိုလှောင်ခြင်း။ -ထူးခြားသော အခြေအနေဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန် ဆက်သွယ်ရန် တယ်လီဖုန်းတို့ကို လုပ်ငန်းခွင်တွင် ထားရှိခြင်း။

		(၈)လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများကို ဓာတုပစ္စည်းများသုံးစွဲခြင်းဖြင့် ရရှိလာမည့် ဆိုးကျိုးနှင့် ကျန်းမာရေးထိခိုက်နိုင်မှုတို့ကို ကြိုတင်အသိပေးခြင်း။ (၉) ဓာတုပစ္စည်းယိုစိမ့်မှုရှိ/မရှိအမြဲစစ်ဆေးပြီး စက်ရုံကြမ်းခင်းတွင် အခံစက္ကူများခင်းထားခြင်း၊ အောက်ခံခုံဖြင့် ထားရှိခြင်း (၁၀) ယိုစိမ့်မှု၊ ယိုဖိတ်သည့်အခါ အရေးပေါ်လုပ်ဆောင်မည့် နည်းစနစ်များ သင်တန်းများပေးထားခြင်း
သဘာဝဘေး အန္တရာယ်	စက်ရုံတည်ရှိရာ မန္တလေးတိုင်းဒေသကြီးတွင် ငလျင်ပြတ်ရွေ့ကြောရှိခြင်း	၁။ ကြိုတင်သတိပေးစနစ်များ၊ ဆက်သွယ်မှုများအတွက် စနစ်များ တပ်ဆင်ခြင်း။ ၂။ စက်ရုံနယ်ပယ်အတွင်း အနီးဆုံးနေရာမှ သဘာဝဘေးအန္တရာယ်များအတွင်း အရေးပေါ်အခြေအနေ တုံ့ပြန်မှုအစီအစဉ်များ ပေးအပ်နိုင်စေရန် ဌာနဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့နှင့်ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်း။ ၃။ သဘာဝဘေးအန္တရာယ်ကာလအတွင်း အရေးပေါ်လုပ်ဆောင်မှုများ ကြိုတင် ပြင်ဆင်နိုင် စေရန်အတွက် မြို့နယ်/တိုင်း/ပြည်နယ်အဆင့်အဖွဲ့အစည်း များမှ သင်တန်းများ ပေးအပ် ခြင်းကို စက်ရုံမှတာဝန်ရှိသူများတက်ရောက်စေခြ င်း၊ လေ့ကျင့်နေစဉ်အတွင်း မတူညီသော အခြေအနေများအတွက် ဖြစ်နိုင်ချေရှိသော

		သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကြိုတင်ဆောင်ရွက်ခြင်း။ ၄။ စက်ရုံဝန်ထမ်းအဖွဲ့များတစ်ဦးချင်းအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအပါအဝင် လူတိုင်းအတွက် သတိပြုမိစေရန်အတွက် ရုံးတွင် ကြေငြာဘုတ်များတွင် အထူးသတိပေးချက်များထုတ်ပြန်ကာ အထူးသဖြင့်သဘာဝ ဘေးအန္တရာယ်ကျရောက်လေ့ရှိသည့်အချိန်များတွင် ထပ်မံထုတ်ပြန်ခြင်း။ ၅။ အရေးပေါ်အချိန်များတွင် အသုံးပြုရန် ဘေးကင်းသော အမိုးအကာများ၊ ထုထည်မြင့်မားသော တာတမံများ ဆောက်လုပ်ခြင်းနှင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် များ ပြုလုပ်ခြင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်ခြင်း။

ဇယား (ဆ) လုပ်ငန်းတည်ဆောက်/ဖျက်သိမ်းကာလအတွင်း ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု လျော့ပါးစေရေး စီမံခန့်ခွဲမှု

သက်ရောက်မှု	**အရင်းမြစ်**	**လျော့ပါးစေရေး စီမံခန့်ခွဲမှု**
လုပ်ငန်းခွင်ကျန်းမာရေးနှင့်	-အလေးချိန်လွန်ကဲစွာ ပစ္စည်းများသယ်ဆောင် ခြင်းမှ	(၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

ဘေးကင်းလုံခြုံရေး	ထိခိုက်ခြင်း - အဆောက်အဦးများ၊ ထုတ်လုပ် ရေးနေရာ ဖြိုဖျက်ခြင်း စက်ယန္တရားအသုံးပြုခြင်း စက်ပစ္စည်းများဖြုတ်သိမ်းသယ်ယူသွေ့ပြောင်းခြင်း	ပညာပေး သင်တန်းများ ဆောင်ရွက်ခြင်း (၂) တကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများအသုံးပြုစေခြင်း (၃) လက်ဆေးဘေစင်များ လုပ်ငန်းခွင်းအနီးတွင် ထားရှိခြင်း (၄)ယာယီယင်လုံအိမ်သာများစနစ်တကျတည်ဆောက်ထားရှိခြင်း (၅)ကူးစက်ရောဂါကာကွယ်ရေးအတွက်ပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်း (၆)အရေးပေါ်ဆေးသေတ္တာထားရှိခြင်း (၇) သောက်သုံးရေလုံလောက်စွာထားရှိခြင်း (၈) ဝန်ထမ်းများ၏စားကြွင်းစားကျန်အမှိုက်များ၊ကိုစနစ်တကျစွန့်ပစ်ခြင်း (၉) အလုပ်ချိန်အလှည့်ကျစနစ်ဖြင့်ဆောင်ရွက်ခြင်း
မီးဘေးအန္တရာယ်	- ဖြိုဖျက်ပြီးအစိတ်အပိုင်းများအား စုပုံထားရှိခြင်း	(၁)လုပ်ငန်းခွင်အတွင်းဆေးလိပ်သောက်ခြင်းကို လုံးဝပိတ်ပင် တားမြစ်ခြင်း (၂) လုပ်ငန်းတည်ဆောက်ကာလတွင် အသုံးပြုသောပစ္စည်းများ၊ဖျက်သိမ်းကာလအတွင်း စွန့်ပစ်ပစ္စည်း များကို စနစ်တကျနေရာ သတ်မှတ်စုပုံခြင်း (၃) အရေးပေါ် မီးသတ်ဘာနှင့် သက်ဆိုင်သောဆက်သွယ်ရမည့်ဖုန်း၊ လိပ်စာ ဖော်ပြထားရှိခြင်း (၄)မီးသတ်ဆေးဘူးများကိုအလုံအလောက်ထားရှိခြင်း ဖြည့်တင်းခြင်း (၅)မီးငြိမ်းမှုဇာတ်တိုက်လေ့ကျင့်ခန်းများ၊ သင်တန်းများ ပုံမှန်ပြုလုပ်ခြင်း (၆)ဆီယိုစိမ့်မှုရှိ/မရှိစစ်ဆေးပြီးလိုအပ်သလောက်သာ အရန်ဆီပမာဏ ထားရှိခြင်း (၇) မီးလောင်လွယ်သောခါတုပစ္စည်းများ၊ ဒီဇယ်ဆီအား သီးခြားစီစနစ်တကျကန့်သတ် သိုလှောင်ခြင်း

စွန့်ပစ်ပစ္စည်း	-ဖျက်သိမ်း/တည်ဆောက်ရာမှ ထုပ်ပိုးစွန့်ပစ်ပစ္စည်း - ပလပ်စတစ်အမှိုက်များ အထွေထွေအမှိုက်များ	(၁)ထုတ်ကုန်အားလုံးကိုသင့်လျော်သောပြန်လည် အသုံးပြုမှု၊ ပြန်လည် ဖြန့်ဖြူးရောင်းချနိုင်သော ဆက်စပ်ပစ္စည်းများ (ရေမော်တာ၊ မီးစက်၊ ရေပိုက်လိုင်းများ၊ ဒီဇယ်တိုင်ကီ သို့မဟုတ် အခြားအသုံးပြုထားသော ပစ္စည်းများကို ပြန်လည်ဝယ်ယူသူထံ ရောင်းချခြင်း သို့မဟုတ် စွန့်ပစ်ခြင်းအတွက် လေလံခေါ်ယူ၍ ပေးပို့ခြင်း (၂) အမှိုက်များ၊ ပိတ်ဖြတ်စများ၊ အပိုပစ္စည်းများကို သေချာစွာ စုဆောင်း၍ မြို့တော်စည်ပင် (ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး)၏ လမ်းညွှန်မှုဖြင့် သတ်မှတ်ထားသော အမှိုက်စွန့်ပစ်ရာ နေရာတွင် စွန့်ပစ်ရန် ဆက်သွယ်စီမံခြင်း
ဆူညံသံ	မီးစက်နှင့်စက်ယန္တရားများ မောင်းနှင် အသုံးပြုခြင်း	(၁) စက်ပစ္စည်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းမှုများ ပြုလုပ်ခြင်း (၂) မီးစက်အသုံးပြုခြင်း နေရာတွင် အသံလုံ အကာအကွယ် တပ်ဆင်ခြင်း
စွန့်ထုတ်ရေ	သိုလှောင်ရေများစွန့်ပစ်ခြင်း၊ ရေနူတ်မြောင်းများအတွင်း နုံးများဆယ်ယူ ရှင်းလင်းခြင်း	၁) ရေအလေအလွင့်မရှိစေရန် ပိုက်လိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း (၂) ရေနူတ်မြောင်းအတွင်း စွန့်ပစ်ပစ္စည်းများ မကျအောင် အကာ အကွယ်ပြုလုပ်ခြင်း (၃)ဝန်ထမ်းသုံးသန့်စင်ခန်း၏မိလ္လာကန်တွင်စုဆော ငး်ပြီး ပြည်ကြီးတံခွန်မြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ လမ်းညွှန်မှုဖြင့် သတ်မှတ်ထားသော ဧရိယာတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီမိလ္လာတင်ယာဉ်ဖြင့် ၆လတစ်ကြိမ် ပို့ဆောင်စွန့်ပစ်ခြင်း (၄) စက်ရုံ၏ ရေမြောင်းများအားလုံး၏ကြမ်းပြင်ကို နုံးများဆယ်ယူခြင်း၊ ဆယ်ယူထားသော နုံးများအား ရှင်းလင်းခြင်း၊ မြို့တော်စည်ပင်သာယာရေး

		(ပြည်ကြီးတံခွန်မြို့နယ်)၏ လမ်းညွှန်မှုဖြင့် သတ်မှတ်စွန့်ပစ်ရာ နေရာတွင် မြေဖို့စွန့်ပစ်ရန် ဆက်သွယ်စီမံခြင်း
လေအရည်အသွေး	ဖုန်၊ အမှုန်အမွှား ထွက်ရှိခြင်း	(၁)လုပ်ငန်းသုံးယာဉ်များနှင့်စက်ပစ္စည်းများပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း (၂) ယာဉ်သုံးစွဲမှုအနည်းဆုံးဖြစ်စေရေးဆောင်ရွက်ခြင်း (၃) အရည်အသွေးပြည့်မှီသည့် လောင်စာဆီများ အသုံးပြုခြင်း (၄) လုပ်ငန်းခွင်တွင်ရေဖြန်းခြင်း (၅) စွန့်ပစ်ပစ္စည်းများအား မီးရှို့မှုမပြုလုပ်ခြင်း

၇။ ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ဘေးအန္တရာယ်များ လျော့ပါးစေရေး စီမံခန့်ခွဲမှု

(၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး

ရည်ရွယ်ချက်များ	စနစ်တကျ လုပ်ငန်းခွင်ဘေးအန္တရာယ် ရှင်းလင်းရေး စီမံခန့်ခွဲမှု နှင့်စောင့်ကြည့်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် လုပ်ငန်းခွင်အန္တရာယ်ကို လျှော့ချနိုင်စေရန်၊
ဥပဒေလိုအပ်ချက်များ	-မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ ဥပဒေအပိုဒ် (၁၄ C၊ ၂၅)၊ -၁၉၅၁ စက်ရုံဥပဒေ (အခန်း ၃၊ အခန်း ၄)၊ -OSH လုပ်ငန်းခွင်ဘေးအန္တရာယ်ရှင်းလင်းရေး ဥပဒေ (အခန်း ၈၊ ဥပဒေအပိုဒ် ၃၄ နှင့် ၄၉)၊
လျော့ပါးရေးနည်းလမ်း	(၁) ကုန်ပစ္စည်းများ အလွယ်တကူမရန် အထောက်အကူပြုသယ်ဆောင်ကိရိယာ အသုံးပြုခြင်း (၂) အပူရှိန်များသောနေရာများတွင် လေဝင်လေထွက်ကောင်းမွန်စေရန် လေမှုတ်ပန်ကာများ၊ လေစုပ်ပန်ကာများတပ်ဆင်ပေးခြင်း (၃) စက်ယန္တရားများ လည်ပတ်ရာနေရာတွင် မီးလောင်ပေါက်ကွဲနိုင်သော ပစ္စည်းများမရှိအောင်ကြိုတင် ရှင်းလင်းခြင်း

	(၄) မော်တာ၊ဒလက်ပါသောစက်များနေရာတွင် လုံခြုံရေး အကာအကွယ် များ တပ်ဆင်ခြင်း (၅)အသုံးပြုစက်ပစ္စည်းများအားစတင်အသုံးမပြုမီ လျှပ်စစ်ကြိုးများ ကို ပေါက်ပြဲ ပျက်စီးနေလျှင် ပြုပြင်လဲလှယ်ခြင်း (၆) စက်ယန္တရားများကို ကျမ်းကျင် ဝန်ထမ်းများသာလျှင် ကိုင်တွယ် အသုံးပြု ခြင်း (၇) ရုတ်တရက်မတော်တဆမှုအား ကာကွယ်နိုင်ရန် အသုံးပြုစက်ပတ်မှုအရေးပေါ် ရပ်နားသည့် ခလုတ်/စနစ်များကို အလွယ်တကူ မြင်နိုင်သည့်နေရာတွင် တပ်ဆင်ခြင်း (၈) ထိခိုက်ပွန်းရှနိုင်သည့် ပစ္စည်းများ ကိုင်တွယ်ရာတွင် လက်အိတ် အသုံးပြုခြင်း (၉) ဝန်ထမ်းများအားလုံးအတွက် တစ်ကိုယ်ရည် အကာအကွယ်သုံးပစ္စည်း (မျက်မှန်၊လက်အိတ်၊N95နှာခေါင်းစည်း) များ အသုံးပြုနိုင်ရန်ထောက်ပံ့ပေးခြင်း (၁၀) လက်ဆေးဘေစင်များ၊ မျက်လုံးသန့်စင်ဘေစင်များ၊ လုပ်ငန်းခွင်အနီးတွင် ထားရှိခြင်း (၁၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း (၁၂) ကူးစက်ရောဂါကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (၁၃) အရေးပေါ်ဆေးသေတ္တာထားရှိခြင်း (၁၄) ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် ထားရှိခြင်း (၁၅) ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ယင်လုံအိမ်သာများအား စနစ်တကျထိန်းသိမ်းစီစဉ်ထားခြင်း
အကောင်ထည်ဖော် ဆောင်ရွက်မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ၊
တာဝန်ယူမှု	Longmen Company Limited

ရန်ပုံငွေလျာထားချက်	**လျော့ပါးစေရေးလုပ်ဆောင်ချက်**	နှစ်စဉ်ခန့်မှန်းကုန်ကျငွေပမာဏ(သိန်း)
	ကုန်ပစ္စည်းများ အလွယ်တကူ မရန်အထောက်အကူပြု သယ်ဆောင်ကိရိယာအသုံးပြုခြင်း	၁,၀၀၀,၀၀၀(သိန်း)
	ထိခိုက်ပွန်းရှနိုင်သည့်ပစ္စည်းများ ကိုင်တွယ်ရာတွင် လက်အိတ်အသုံးပြုခြင်း	
	စက်တွင် အကာအရံ တပ်ဆင်ခြင်း	
	လေမှုတ်ပန်ကာများ၊ လေစုပ်ပန်ကာများ တပ်ဆင်ပေးခြင်း	
	လက်ဆေးဘေစင်များ၊မျက်လုံးသန့်စင်ဘေစင်များလုပ်ငန်းခွင်းအနီးတွင် ထားရှိခြင်း	
	လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးသတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း	
	အရေးပေါ်ဆေးသေတ္တာထားရှိခြင်း	
	ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် ထားရှိခြင်း	

(၂) မီးဘေးအန္တရာယ်

ရည်ရွယ်ချက်များ	စနစ်တကျစီမံခန့်ခွဲမှုနှင့်စောင့်ကြည့်ရေးစီမံချက်ကို အကောင်အထိတ်အမျိုးမျိုး ဖော်ခြင်းဖြင့် မီးဘေး အန္တရာယ်ကို လျှော့ချရန်
ဥပဒေလိုအပ်ချက်များ	မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ ဥပဒေအပိုဒ် (၁၄ ဂ၊ ၂၅)၊

လျော့ပါးရေးနည်းလမ်း	(၁)စက်ရုံဝင်းအတွင်းဆေးလိပ်သောက် ခြင်းကိုလုံးဝပိတ်ပင်တားမြစ်ခြင်း (၂)အရေးပေါ်ထွက်ပေါက်များကိုရှင်းလင်းစွာဖော်ပြခြင်း (၃)ထွက်ပေါက်လမ်းများကိုအမြဲသန့်ရှင်းအောင်ထားခြင်း (၄)မီးသတ်ဆေးဘူးများကို ပုံမှန်စစ်ဆေး၊လဲလှယ် ဖြည့်တင်းခြင်း (၅)မီးငြိမ်းမှု ဇာတ်တိုက်လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်း (၆)ဆီယိုစိမ့်မှုရှိ/မရှိစစ်ဆေးပြီးလိုအပ်သလောက်သာ ဆီပမာဏ အရန်ထားရှိခြင်း (၇) မီးလောင်လွယ်သောဓါတုပစ္စည်းများ၊ ဒီဇယ်ဆီအား သီးခြားစီ စနစ်တကျကန့်သတ်သိုလှောင်ခြင်း (၈) မီးသတ်ဆေးဘူးများ၊ မီးသတိပေးစနစ်၊ အရေးပေါ် တံခါးပေါက်၊လှေကား၊အရေးပေါ်စုရုပ်ကိုအလုံအလောက်ထားရှိခြင်း (၉) အရည်အသွေးကျဆင်းနေသော လျှပ်စစ်ပစ္စည်းများ၊ ဝါယာကြိုးများ၊ မီးသီး၊ မီးချောင်းများ၊ ပြုပြင်လဲလှယ်ခြင်း၊ ဝန်ပိုလျှပ်စစ်ဓာတ်အား အသုံးပြုမှုကို ထိန်းချုပ်ဖြတ်တောက် ပေးနိုင်သည့် အလိုအလျောက် ဖြတ်တောက် ကိရိယာ(Auto voltage cutout)အသုံးပြုခြင်း၊ သတိပေးအသံ တပ်ဆင်ခြင်း၊ (၁၀)မီးလောင်ကျွမ်းနိုင်သည့်ဓာတုပစ္စည်းများ၊ မီးလောင်လွယ်သည့်အရာများကို စနစ်တကျ မီးသတ်စနစ်နှင့် အတူထားရှိခြင်း
အကောင်ထည်ဖော်ဆောင်ရွက်မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ၊

တာဝန်ယူမှု	Longmen Company Limited	
ရုံပုံငွေလျာထားချက်	လျော့ပါးစေရေးလုပ်ဆောင်ချက်	နှစ်စဉ်ခန့်မှန်းကုန်ကျငွေပမာဏ(သိန်း)

	မီးသတ်ဆေးဘူးများကို ပုံမှန်စစ်ဆေး၊ဖြည့်တင်းခြင်းဝန်ပို လျှပ်စစ်ဓာတ်အား အသုံးပြုမှုကိုထိန်းချုပ်ဖြတ်တောက်ပေးနိုင်သည့် အလိုအလျောက်ဖြတ်တောက် ကိရိယာ(Auto voltage cutout) အသုံးပြုခြင်း၊ သတိပေးအသံ တပ်ဆင်ခြင်း၊	၂,၀၀၀,၀၀၀(သိန်း)

(၃) စွန့်ပစ်ပစ္စည်း

ရည်ရွယ်ချက်များ	စနစ်တကျ စီမံခန့်ခွဲရေး အစီအစဉ်ကို ပံ့ပိုးပေးခြင်းဖြင့် စွန့်ပစ်အမှိုက်မှ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးစေရန်
ဥပဒေလိုအပ်ချက်များ	၁။ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ စာပိုဒ်(၁၄၊၁၅)၊ ၂။ ၁၉၅၁ စက်ရုံအလုပ်ရုံဥပဒေ (၁၄၊ က)
လျော့ပါးရေးနည်းလမ်း	(၁) အထွေထွေစွန့်ပစ်အမှိုက်များအား အမှိုက်အိတ်များဖြင့် ထုပ်ပိုးထားခြင်း (၂) စွန့်ပစ်အိတ်များကို ယာယီသီးသန့်နေရာသတ်မှတ်၍ စနစ်တကျစုဆောင်းခြင်း (၃)စွန့်ပစ်ပစ္စည်းစုဆောင်းသူကိုပြန်လည်ရောင်းချခြင်း (၄)အမှိုက်ပုံးများအားအမျိုးအစားခွဲခြားစွန့်ပစ်ရန် လုံလောက်စွာထားခြင်း (၅)ပြည်ကြီးတံခွန်မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့်သတ်မှတ်ထားသောနေရာတွင် အမှိုက်သယ်ယာဉ်ဖြင့် ပို့ဆောင်စွန့်ပစ်ခြင်း (၆) အစားအသောက်အကြွင်းအကျန်အမှိုက်များအား နေ့စဉ်ပုံမှန်စွန့်ပစ်နိုင်ရန် စီစဉ်ထားခြင်း

အကောင်ထည်ဖော်ဆောင်ရွက်မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ၊	
တာဝန်ယူမှု	Longmen Company Limited	
ရံပုံငွေလျာထားချက်	လျော့ပါးစေရေးလုပ်ဆောင် ချက်	နှစ်စဉ်ခန့်မှန်းကုန်ကျငွေပမာဏ(သိန်း)
	-အမှိုက်များ၊ အပိုပစ္စည်း များကိုသေချာစွာ စုဆောင်း၍ မြို့တော်စည်ပင် (ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး) ၏ လမ်းညွှန်မှု ဖြင့် သတ်မှတ်ထားသော အမှိုက်စွန့်ပစ်ရာ နေရာ တွင် စွန့်ပစ်ရန် ဆက်သွယ် စီမံခြင်း	၁,၀၀၀,၀၀၀(သိန်း)

(၄) ဆူညံသံ

ရည်ရွယ်ချက်များ	စနစ်တကျ စီမံခန့်ခွဲမှုအစီအစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ဆူညံသံများမှ ဝန်ထမ်းများနှင့် ဘေးပတ်ဝန်းကျင်ကို ထိခိုက်စေနိုင် သည့် လုပ်ငန်းခွင် အန္တရာယ်ကို လျှော့ချရန်
ဥပဒေလိုအပ်ချက်များ	အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက် စာပိုဒ် (၁.၃)
လျော့ပါးရေးနည်းလမ်း	(၁) စက်ပစ္စည်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းမှုများ ပြုလုပ်ခြင်း (၂) မီးစက်အသုံးပြုခြင်း နေရာတွင် အသံလုံစေရန်နှင့် ပျံလွှင့်မှုလျော့နည်းစေရန် ဖော့အကာအကွယ် တပ်ဆင်ခြင်း (၃) ဆူညံမှုများသောလုပ်ငန်းခွင်နေရာရှိ ဝန်ထမ်းအား နားကြပ် (ear plus)တပ်ဆင်နိုင်ရန်ဆောင်ရွက်ခြင်း
အကောင်ထည်ဖော်ဆောင်ရွက် မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ၊

တာဝန်ယူမှု	Longmen Company Limited	
ရံပုံငွေလျာထား ချက်	လျော့ပါးစေရေးလုပ်ဆောင် ချက်	နှစ်စဉ်ခန့်မှန်းကုန်ကျ ငွေပမာဏ(သိန်း)
	(၁) စက်ပစ္စည်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းမှုများ ပြုလုပ်ခြင်း (၂) မီးစက်အသုံးပြုခြင်း နေရာတွင် အသံလုံစေရန်နှင့် ပုံလွင့်မှုလျော့နည်းစေရန် ဖော့အကာအကွယ် တပ်ဆင်ခြင်း (၃) ဆူညံမှုများသော လုပ်ငန်းခွင်နေရာရှိ ဝန်ထမ်းအား နားကြပ် (ear plus) တပ်ဆင်နိုင်ရန် ဆောင်ရွက်ခြင်း	၁,၀၀၀,၀၀၀(သိန်း)

(၅) လေအရည်အသွေး

ရည်ရွယ်ချက်များ	ဖုန်မှုန့်နှင့် အမှုန်အမွှားများကို လုံလောက်စွာ ထိန်းညှိပေးသည့် လျော့ပါး စေရေးနည်းစနစ်ကြောင့် လုပ်ငန်းခွင် ကျန်းမာရေးအန္တရာယ် နည်းပါး စေရန်အတွက်
ဥပဒေလိုအပ်ချက်များ	၁။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ စာပိုဒ် (၁၄၊၁၅)၊ ၂။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက် စာပိုဒ် (၁.၁)
လျော့ပါးရေးနည်းလမ်း	(၁) ဝန်ထမ်းများအတွက် N95နှာခေါင်းစည်းများ အလုံအလောက် စီစဉ် ထားရှိခြင်း (၂) ဆပ်ပြာမှုန့်များပုံ့လွှင့်မရှိစေရန် ရောနှောမွှေစက်တွင် အလုံပိတ်အဖုံးတပ်ဆင်ခြင်း၊ (၃) အသုံးပြုကုန်ကြမ်းများထားရှိရာနေရာတွင် အမှုန်အမွှားစုပ်စက် အသုံးပြု၍ စုဆောင်းခြင်း (၄) ဝန်ထမ်းများ၏ လုပ်ငန်းခွင်နေရာတွင် လေစုပ်ပန်ကာ/ လေမှုတ်ပန်ကာများတပ်ဆင်ခြင်း

	(၄) ကုန်တင်ယာဉ်၊ဒီဇယ်မီးစက်များအား ပြုပြင်ထိန်းသိမ်းခြင်း (၅) အိတ်ဇောသန့်စင်စက်၊ လေစစ်ဇကာ တပ်ဆင်အသုံးပြုခြင်း (၆) ဝန်ထမ်းများ၏ လုပ်ငန်းခွင်နေရာတွင် အမှုန်ထုတ်လွှတ်မှု၊ စိုထိုင်းဆနှင့် အပူချိန်တိုင်းတာသည့် ကိရိယာ တပ်ဆင်ခြင်း	
အကောင်ထည်ဖော်ဆောင်ရွက် မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ	
တာဝန်ယူမှု	Longmen Company Limited	
ရံပုံငွေလျာထား ချက်	လျော့ပါးစေရေးလုပ်ဆောင် ချက်	နှစ်စဉ်ခန့်မှန်းကုန်ကျငွေပမာဏ(သိန်း)
	(၁)ဝန်ထမ်းများအတွက်N95နှာခေါင်းစည်းများ အလုံအလောက် စီစဉ် ထားရှိခြင်း (၂) ဆပ်ပြာမှုန့်များပျံ့လွင့်မရှိစေရန် ရောနှောမွှေစက်တွင် အလုံပိတ်အဖုံး တပ်ဆင်ခြင်း၊ (၃) အသုံးပြုကုန်ကြမ်းများထားရှိရာနေရာတွင် အမှုန်အမွှားစုပ်စက် အသုံးပြု၍ စုဆောင်းခြင်း (၃) ဝန်ထမ်းများ၏ လုပ်ငန်းခွင်နေရာတွင် လေစုပ်ပန်ကာ/ လေမှုတ်ပန်ကာများ တပ်ဆင်ခြင်း (၄) ကုန်တင်ယာဉ်၊ဒီဇယ်မီးစက်များအား ပြုပြင်ထိန်းသိမ်းခြင်း (၅) အိတ်ဇောသန့်စင်စက်၊ လေစစ်ဇကာ တပ်ဆင်အသုံးပြုခြင်း (၆) ဝန်ထမ်းများ၏ လုပ်ငန်းခွင်နေရာတွင် အမှုန်ထုတ်လွှတ်မှု၊ စိုထိုင်းဆနှင့် အပူချိန်တိုင်းတာသည့် ကိရိယာ တပ်ဆင်ခြင်း	၁,၀၀၀,၀၀၀(သိန်း)

(၆) စွန့်ထုတ်ရေ

ရည်ရွယ်ချက်များ	စနစ်တကျ စီမံခန့်ခွဲရေး အစီအစဉ်ကို ပံ့ပိုးပေးခြင်းဖြင့် စွန့်ပစ်ရေ ထွက်ရှိမှုကြောင့်မှ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရန်	
ဥပဒေလိုအပ်ချက်များ	၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ စာပိုဒ် (၁၄၊၁၅)၊ ၂။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် စာပိုဒ် (၁.၂)	
လျော့ပါးရေးနည်းလမ်း	(၁) ရေအလေအလွင့်မရှိစေရန် ပိုက်လိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း (၂) ရေနွေတ်မြောင်းအတွင်း စွန့်ပစ်ပစ္စည်းများ၊ ဆပ်ပြာမှုန့်များ၊ ဓာတုပစ္စည်းကုန်ကြမ်းများ မကျအောင် အကာအကွယ် ပြုလုပ်ခြင်း (၃) စက်ရုံ၏ရေနွေတ်မြောင်းတွင် အနည်စုကန်နှင့် အနည်စစ်ဇကာသို့ ဖြတ်သန်းစေပြီးမှ ပြင်ပရေမြောင်းအတွင်းသို့စွန့်ပစ်ခြင်း (၄) မိလ္လာကန်အား စနစ်တကျတည်ဆောက်ထားရှိပြီး ပြုပြင်ထိန်းသိမ်းခြင်း (၅) စက်ရုံကြမ်းခင်းများသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဆပ်ပြာမှုန့်ရေများအား စွန့်ပစ်ရေတွင်မပါဝင်စေရန် စနစ်တကျဆောင်ရွက်ခြင်း	
အကောင်ထည်ဖော်ဆောင်ရွက်မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ	
တာဝန်ယူမှု	Longmen Company Limited	
ရံပုံငွေလျာထား ချက်	လျော့ပါးစေရေးလုပ်ဆောင်ချက်	နှစ်စဉ်ခန့်မှန်းကုန်ကျငွေပမာဏ(သိန်း)
	(၁) ရေအလေအလွင့်မရှိစေရန် ပိုက်လိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း (၂) ရေနွေတ်မြောင်းအတွင်း စွန့်ပစ်ပစ္စည်းများမကျအောင် အကာအကွယ် ပြုလုပ်ခြင်း (၃) ရေနွေတ်မြောင်း အနည်စုကန်သို့ဖြတ်သန်းစေပြီး	၁,၀၀၀,၀၀၀(သိန်း)

	မှ စက်မှုဇုန်ရေမြောင်း အတွင်းသို့စွန့်ပစ်ခြင်း (၄) မိလ္လာကန်တွင်စုဆောင်းပြီး ပြည်ကြီးတံခွန်မြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ လမ်းညွှန်မှုဖြင့် သတ်မှတ်ထားသောရေဒေသတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီမိလ္လာတင်ယာဉ်ဖြင့် ဖယ်လတစ်ကြိမ်ပို့ဆောင်စွန့်ပစ်ခြင်း	

(၇) ဓာတုပစ္စည်းအန္တရာယ်နှင့်ယိုဖိတ်မှု

ရည်ရွယ်ချက်များ	ဓာတုပစ္စည်းများအားစီမံခန့်ခွဲမှု နှင့်စောင့်ကြည့်ရေးအစီအစဉ်ကို စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် ဓာတုပစ္စည်းအန္တရာယ်နှင့်ယိုဖိတ်မှု ကို လျော့ချနိုင်စေရန်၊
ဥပဒေလိုအပ်ချက်များ	-မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ ဥပဒေအပိုဒ် (၁၄ C၊ ၂၅)၊ -၁၉၅၁ စက်ရုံဥပဒေ (အခန်း ၃၊ အခန်း ၄)၊ -OSH လုပ်ငန်းခွင်ဘေးအန္တရာယ်ရှင်းလင်းရေး ဥပဒေ (အခန်း ၈၊ ဥပဒေအပိုဒ် ၃၄ နှင့် ၄၉)၊ -ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ
လျော့ပါးရေးနည်းလမ်း	(၁)အန္တရာယ်ရှိသော ပစ္စည်းများအား ကိုယ်တွင်အသုံးပြုရာတွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေး ပစ္စည်းများ (PPE) အပြည့်အစုံဖြင့် စနစ်တကျဝတ်ဆင်ခြင်း၊ (၂)ဓာတုပစ္စည်းသိုလှောင်သောနေရာများတွင် လေဝင်လေထွက်ကောင်းမွန်စေရန် Ventilation System နှင့် Air Flow System များ ပန်ကာများ တပ်ဆင်ပေးခြင်း၊ (၃)လုပ်သားများအား ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်း၊

	ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ (၄)စက်ရုံတွင် အရေးပေါ်ပြုစုရန် ဆေးသေတ္တာထားရှိခြင်း သို့ပြင်ပ ဆေးပေးခန်းနှင့် ချိတ်ဆက်ထားခြင်း။ (၅)ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများအားစေလွှတ်၍ စက်ရုံတွင် ဆင့်ပွားသင်တန်းများပြုလုပ်ပေးခြင်း၊ (၆) မသတ်မှတ်ထားသည့် အမျိုးအမည်မရှိသော ဓာတုပစ္စည်းများသိုလှောင်ခြင်းအား မပြုလုပ်ခြင်း။ Material Safety Data Sheet (MSDS)ပါအတိုင်းလိုက်နာဆောင်ရွက်ခြင်း၊အန္တရာယ်အဆင့်အလိုက် သတိပေးအမှတ် အသားကပ်ခြင်း (၇)သတ်မှတ်ထားသော ပမာဏထက် ကျော်လွန်အသုံးမပြုဘဲ ညွှန်ကြားချက်များအတိုင်း ကိုင်တယ်အသုံးပြု သိုလှောင်ခြင်း။ -ထူးခြားသော အခြေအနေဖြစ်ပေါ်လာပါက အသုံးပြုနိုင်ရန် ဆက်သွယ်ရန် တယ်လီဖုန်းတို့ကို လုပ်ငန်းခွင်တွင် ထားရှိခြင်း။ (၈)လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများကို ဓာတုပစ္စည်းများသုံးစွဲခြင်းဖြင့် ရရှိလာမည့် ဆိုးကျိုးနှင့် ကျန်းမာရေးထိခိုက်နိုင်မှုတို့ကို ကြိုတင်အသိပေးခြင်း။ (၉) ဓာတုပစ္စည်းယိုစိမ့်မှုရှိ/မရှိအမြဲစစ်ဆေးပြီး စက်ရုံကြမ်းခင်းတွင် အခံစက္ကူများခင်းထားခြင်း၊ အောက်ခံခုံဖြင့် ထားရှိခြင်း (၁၀) ယိုစိမ့်မှု၊ ယိုဖိတ်သည့်အခါ အရေးပေါ်လုပ်ဆောင်မည့် နည်းစနစ်များ သင်တန်းများပေးထားခြင်း	
အကောင်ထည်ဖော်ဆောင်ရွက်မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ၊	
တာဝန်ယူမှု	Longmen Company Limited	
ရန်ပုံငွေလျာထားချက်	**လျော့ပါးစေရေးလုပ်ဆောင်ချက်**	နှစ်စဉ်ခန့်မှန်းကုန်ကျငွေပမာဏ(သိန်း)
	(၁)အန္တရာယ်ရှိသော ပစ္စည်းများအား	**၁,၀၀၀,၀၀၀(သိန်း)**

	ကိုယ်တွင်အသုံးပြုရာတွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေး ပစ္စည်းများ (PPE) အပြည့်အစုံဖြင့် စနစ်တကျဝတ်ဆင်ခြင်း၊ (၂)ဓာတုပစ္စည်းသိုလှောင်သောနေရာများတွင် လေဝင်လေထွက် ကောင်းမွန်စေရန် Ventilation System နှင့် Air Flow System များ ပန်ကာများ တပ်ဆင်ပေးခြင်း၊ (၃)လုပ်သားများအား ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ (၄)စက်ရုံတွင် အရေးပေါ်ပြုစုရန် ဆေးသေတ္တာထားရှိခြင်း သို့ ပြင်ပ ဆေးပေးခန်းနှင့် ချိတ်ဆက်ထားခြင်း။ (၅)ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများအား စေလွှတ်၍ စက်ရုံတွင် ဆင့်ပွားသင်တန်းများပြုလုပ်ပေးခြင်း၊ အလိုက် သတိပေးအမှတ် အသားကပ်ခြင်း (၉) ဓာတုပစ္စည်းယိုစိမ့်မှုရှိ/မရှိ အမြဲစစ်ဆေးပြီး စက်ရုံကြမ်းခင်းတွင် အခံစက္ကူများခင်းထားခြင်း၊ အောက်ခံခုံဖြင့် ထားရှိခြင်း (၁၀) ယိုစိမ့်မှု၊ ယိုဖိတ်သည့်အခါ အရေးပေါ်လုပ်ဆောင်မည့် နည်းစနစ်များ သင်တန်းများပေးထားခြင်း	

(၈) သဘာဝဘေးအန္တရာယ်

ရည်ရွယ်ချက်များ	သဘာဝဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် အရေးပေါ်အခြေအနေမတိုင်မီ ကြိုတင်ပြင်ဆင်နိုင်စေရန်၊
ဥပဒေလိုအပ်ချက်များ	- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) -OSH လုပ်ငန်းခွင်ဘေးအန္တရာယ်ရှင်းလင်းရေး ဥပဒေ (အခန်း ၈၊ ဥပဒေအပိုဒ် ၃၄ နှင့် ၄၉)၊
လျော့ပါးရေးနည်းလမ်း	၁။ ကြိုတင်သတိပေးစနစ်များ၊ ဆက်သွယ်မှုများအတွက် စနစ်များ တပ်ဆင်ခြင်း။ ၂။ စက်ရုံနယ်ပယ်အတွင်း အနီးဆုံးနေရာမှ သဘာဝဘေးအန္တရာယ်များအတွင်း အရေးပေါ်အခြေအနေ တုံ့ပြန်မှုအစီအစဉ်များ ပေးအပ်နိုင်စေရန် ဌာနဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့နှင့်ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်း။ ၃။ သဘာဝဘေးအန္တရာယ်ကာလအတွင်း အရေးပေါ်လုပ်ဆောင်မှုများ ကြိုတင် ပြင်ဆင်နိုင် စေရန်အတွက် မြို့နယ်/တိုင်း/ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ သင်တန်းများ ပေးအပ် ခြင်းကို စက်ရုံမှတာဝန်ရှိသူများတက်ရောက်စေခြင်း၊ လေ့ကျင့်နေစဉ်အတွင်း မတူညီသော အခြေအနေများအတွက် ဖြစ်နိုင်ချေရှိသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကြိုတင်ဆောင်ရွက်ခြင်း။ ၄။ စက်ရုံဝန်ထမ်းအဖွဲ့များတစ်ဦးချင်းအတွက် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အပါအဝင် လူတိုင်းအတွက် သတိပြုမိစေရန်အတွက် ရုံးတွင်း ကြေငြာဘုတ်များတွင် အထူးသတိပေးချက်များထုတ်ပြန်ကာ အထူးသဖြင့်သဘာဝ ဘေးအန္တရာယ်ကျရောက်လေ့ရှိသည့်အချိန်များတွင် ထပ်မံထုတ်ပြန်ခြင်း။ ၅။ အရေးပေါ်အချိန်များတွင် အသုံးပြုရန် ဘေးကင်းသော အမိုးအကာများ၊ ထုထည် မြင့်မားသော တာတမံများ

	ဆောက်လုပ်ခြင်းနှင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် များ ပြုလုပ်ခြင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်ခြင်း။	
အကောင်ထည်ဖော် ဆောင်ရွက်မည့်အချိန်	လုပ်ငန်းလည်ပတ်ကာလ၊	
တာဝန်ယူမှု	Longmen Company Limited	
ရန်ပုံငွေလျာထားချက်	**လျော့ပါးစေရေးလုပ်ဆောင်ချက်**	နှစ်စဉ်ခန့်မှန်းကုန်ကျ ငွေပမာဏ(သိန်း)
	၁။ ကြိုတင်သတိပေးစနစ်များ၊ ဆက်သွယ်မှုများအတွက် စနစ်များ တပ်ဆင်ခြင်း။ ၂။ စက်ရုံနယ်ပယ်အတွင်း အနီးဆုံးနေရာမှ သဘာဝဘေးအန္တရာယ်များအတွင်း အရေးပေါ်အခြေအနေ တုံ့ပြန်မှုအစီအစဉ်များ ပေးအပ်နိုင်စေရန် ဌာနဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့နှင့်ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်း။ ၃။ သဘာဝဘေးအန္တရာယ်ကာလအတွင်း အရေးပေါ်လုပ်ဆောင်မှုများ ကြိုတင် ပြင်ဆင်နိုင် စေရန်အတွက် မြို့နယ်/တိုင်း/ပြည်နယ်အဆင့်အဖွဲ့အစည်း များမှ သင်တန်းများ ပေးအပ် ခြင်းကို စက်ရုံမှတာဝန်ရှိသူများတက်ရောက်စေခြင်း ၊ လေ့ကျင့်နေစဉ်အတွင်း မတူညီသော အခြေအနေများအတွက် ဖြစ်နိုင်ချေရှိသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကြိုတင်ဆောင်ရွက်ခြင်း။ ၄။ စက်ရုံဝန်ထမ်းအဖွဲ့များတစ်ဦးချင်းအတွက်	၁,၀၀၀,၀၀၀(သိန်း)

	သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအပါအဝင် လူတိုင်းအတွက် သတိပြုမိစေရန်အတွက် ရုံးတွင် ကြေငြာဘုတ်များတွင် အထူးသတိပေးချက်များထုတ်ပြန်ကာ အထူးသဖြင့်သဘာဝ ဘေးအန္တရာယ်ကျရောက်လေ့ရှိသည့်အချိန်များတွင် ထပ်မံထုတ်ပြန်ခြင်း။ ၅။ အရေးပေါ်အချိန်များတွင် အသုံးပြုရန် ဘေးကင်းသော အမိုးအကာများ၊ ထုထည်မြင့်မားသော တာတမံများ ဆောက်လုပ်ခြင်းနှင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် များ ပြုလုပ်ခြင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်ခြင်း။	

၈။ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်

ပတ်ဝန်းကျင်ထိခိုက်နိုင်မှု	အမျိုးအစား	နေရာ	စစ်ဆေးမည့်စံနှုန်း	အကြိမ်ရေ	နည်းလမ်း	တာဝန်ယူမှု	ခန့်မှန်းကုန်ကျစရိတ်
မီးဘေး အန္တရာယ်	မီးမတော်တဆ ဖြစ်နိုင်မှု၊ မီးဘေးအန္တရာယ် ကင်းရှင်းမှုအခြေ အနေ၊ လျှပ်စစ် အန္တရာယ်ကင်း	ကုန်ကြမ်း/ကုန်ချော သိုလှောင်နေရာ ဒီဇယ်မီးစက်နေရာ လျှပ်စစ်ပစ္စည်းများ တပ်ဆင်ထားသည့် နေရာ	မီးသတ်ဦးစီးဌာနမှ မီးဘေး အန္တရာယ် ကင်းရှင်းကြောင်း ထောက်ခံချက်၊ စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဌာနမှ လျှပ်စစ်အန္တရာယ်	နေ့စဉ်	စောင့်ကြည့်ကင်မရာဖြင့် စစ်ဆေးခြင်း Fire detector / smoke detector ဖြင့်စောင့်ကြည့်ခြင်း	Longmen Company Limited	၁၀ သိန်း

	ရှင်းမှုအခြေအနေ၊		ကင်းရှင်းကြောင်းထောက်ခံချက်				
လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး	မတော်တဆထိခိုက်ဒဏ်ရာရ နိုင်မှု၊ ကူးစက်ရောဂါများဖြစ်ပွားနိုင်မှုဓာတုအဆိပ်သင့်မှု	ထုတ်လုပ်ရေးနေရာ၊ ကုန်ကြမ်းသိုလှောင်ရေးနေရာ၊ စက်များကိုင်တွယ်အသုံးပြုရာနေရာ	OSHA, ISO ၄၀၀၁	နေ့စဉ်	ထိခိုက်မှုမှတ်တမ်းများဖြင့်၊ နေ့စဉ်checklist ထားစစ်ဆေးခြင်း၊ ဝန်ထမ်းများအားလုံးကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း	Longmen Company Limited	၁၀ သိန်း
စွန့်ပစ်ပစ္စည်း	အမှိုက်များခွဲခြား	အမှိုက်ပုံများ၊ အမှိုက်စွန့်ပစ်ရန်သီးခြားကန့်သတ်ထား	မြို့တော်စည်ပင်သာယာရေးကော်မတီ၏	လုပ်ငန်းကာလတလျော	နေ့စဉ်checklist ထားစစ်ဆေးခြင်း၊	Longmen Company Limited	၁၀ သိန်း

	စွန့်ပစ်ခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း	သည့်နေရာ	စစ်ဆေးထောက်ခံချက်	က်လုံး			
ဆူညံသံ	ဆူညံသံအဆင့်တိုင်းတာမှု ကိုလုပ်ဆောင်ခြင်း (Noise Level)	စက်ရုံဝင်းအတွင်း / လုပ်ငန်းခွင် 21°54'30.77"N, 96°6'30.05"E	Guideline value (NEQEG general guideline ၁.၃)	ဖြတကြိမ်	ဆူညံသံအဆင့်တိုင်းတာကိရိယာဖြင့် စစ်ဆေးခြင်း	Longmen Company Limited	၂ သိန်း
လေအရည်အသွေး	Nitrogen dioxide Ozone ၊ PM10	စက်ရုံဝင်းအတွင်း / လုပ်ငန်းခွင်အနီး 21°54'30.77"N,	Guideline value (NEQEG general	ဖြတကြိမ်	လေအရည်အသွေး တိုင်းတာစက်ဖြင့်	Longmen Company Limited	၁၀ သိန်း

	P2.5၊ VOC Sulfur dioxide Carbon dioxide Carbon monoxide	96°6'30.05"E	guideline ၁.၁)		တိုင်းတာစစ်ဆေး ခြင်း၊		
စွန့်ပစ်ရေအရည် အသွေး	pH,Temperatu re increase TDS,TSS Ammonia DOI BODI COD Total	စက်ရုံ၏ အထွေထွေစွန့်ပစ် ရေနှုတ် မြောင်း၊ 21°54’31.93”N,9 6°6'30.65"E	NEQEG 2.3.4.1 Chlor-alkali	ဖြေ တကြိမ်	ဓာတ်ခွဲခန်းသို့ပို့၍ တိုင်းတာခြင်း	Longmen Company Limited	၁၀ သိန်း

	Phosphorous Total Nitrogen Oil & Grease Ironı Arsenic Zincı Fluoride Cyanideı Chlorine Mercury Sulphide Nitrateı Zinc						

၉။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အစီအစဉ်ခွဲများ

Longmen Company Limited ၏ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများနှင့်သက်ရောက်မှုများကို လျော့ချရန်အတွက် အောက်ဖော်ပြပါဇယားတွင် စီမံကိန်း တည်ဆောက်မှုကာလ၊ လုပ်ငန်းလည်ပတ်ကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေး အစီအစဉ်ခွဲများကို ဖော်ပြထားပါသည်။

ဇယား စ ။ ဆောက်လုပ်ရေးကာလနှင့် လုပ်ငန်းလည်ပတ်မှုကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေး/ကြိုတင်ကာကွယ်ရေး အစီအစဉ်

စဉ်	ပတ်ဝန်းကျင်ထိခိုက်နိုင်မှု	စီမံခန့်ခွဲမှုအစီအစဉ်	ခန့်မှန်းကုန်ကျစရိတ်မြန်မာကျပ်	တာဝန်ရှိသူများ
၁	လေအရည်အသွေး	-မော်တော်ယာဉ် နှင့် စက်ယန္တရားများအား ပုံမှန်ထိန်းသိမ်း စောင့်ကြပ်ကြည့်ရှုခြင်း။ -မော်တော်ကားအနည်းဆုံးအသုံးပြုခြင်းအတွက် စီမံခန့်ခွဲခြင်း။ - NEQEGလမ်းညွှန်ချက်အားလိုက်နာခြင်းဖြင့် လေအရည်အသွေးစောင့်ကြည့်ကြည့်ရှုတိုင်းတာထားခြင်း - အနှံ့ဆိုးနှင့် ဖုန်မှုန့်များကို လျော့ချရန်အတွက် စက်ရုံဝင်းအတွင်း ရေဖြန်းပေးခြင်း -အမှိုက်များကို မီးဖြင့် ဖျက်ဆီးခြင်းအတွက် တားမြစ်ခြင်း။	၁,၀၀၀,၀၀၀	၁။ Longmen Company Limited

၂	ဆူညံသံနှင့် တုန်ခါမှု	- စက်များကို ပုံမှန်စစ်ဆေးခြင်း -ဆူညံသံလျှော့ချသည့်အခန်းတွင်မီးစက်ကိုတပ်ဆင်ခြင်း	၁,၀၀၀,၀၀၀	၁။ Longmen Company Limited
၃	ရေအရည်အသွေး	-ရေမြောင်းများ စနစ်တကျ ဖောက်လုပ်ထိန်းသိမ်းခြင်း။ - ရေပိုက်လိုင်းကို စနစ်တကျ တပ်ဆင်ထိန်းသိမ်းခြင်း။ -NEQEGလမ်းညွှန်ချက်ကို လိုက်နာခြင်းဖြင့် ရေအရည်အသွေးစောင့်ကြည့် တိုင်းတာခြင်း	၁,၀၀၀,၀၀၀	၁။ Longmen Company Limited
၄	မြေအရည်အသွေး	-မော်တော်ယာဉ်များကိုပုံမှန်စစ်ဆေးခြင်း -အမှိုက်ကို စနစ်တကျ စွန့်ပစ်ပြီး တစ်ဦးချင်း ဧရိယာအလိုက် အမှိုက်စွန့်ပစ်ခြင်းကို သတ်မှတ်ခြင်း။ - အိမ်သာစနစ်တကျ ဆောက်လုပ်ခြင်း။	၁,၀၀၀,၀၀၀	၁။ Longmen Company Limited
၅	အမှိုက် (အစိုင်အခဲ၊ အရည်၊ လေထုတ်လွှတ်မှု)၊	-မော်တော်ကားအနည်းဆုံး အသုံးပြုခြင်းအတွက် စီမံခန့်ခွဲခြင်း။ - NEQEGလမ်းညွှန်ချက်ကို လိုက်နာခြင်းဖြင့် လေအရည်အသွေးစောင့်ကြည့်တိုင်းတာကြည့်ခြင်း -အရည်အသွေးမြင့် လောင်စာဆီ အသုံးပြုခြင်း။ - အနှံ့ဆိုးနှင့် ဖုန်မှုန့်များကို လျှော့ချရန်အတွက် စက်ရုံဝင်း အတွင်း ရေဖြန်းပေးခြင်း -အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်း အားတားမြစ်ခြင်း။	၁,၀၀၀,၀၀၀	၁။ Longmen Company Limited

		- ရေမြောင်းများ စနစ်တကျ ဖောက်လုပ်ထိန်းသိမ်းခြင်း။ - စက်မှုလုပ်ငန်းသုံးရေကို တိုက်ရိုက်မစွန့်ပစ်ပဲ ပြန်လည်သုံးစွဲခြင်း - အမှိုက်ကို စနစ်တကျ စွန့်ပစ်ပြီး တစ်ဦးချင်း ဧရိယာအလိုက် အမှိုက်စွန့်ပစ်ခြင်းကို သတ်မှတ်ခြင်း။ - အိမ်သာစနစ်တကျ ဆောက်လုပ်ခြင်း။		
၆	မီးဘေးအန္တရာယ်	- အရေးပေါ်ထွက်ပေါက်များကို ရှင်းလင်း သတ်မှတ်ပြီး အသိပေးခြင်း။ - အရေးပေါ်ထွက်ပေါက်လမ်းကြောင်းများကို အမြဲသန့်ရှင်းရှင်းလင်းနေစေခြင်း။ - မီးသတ်ရေကန်၊ မီးသတ်ဆေးဘူးများနှင့် မီးဖိုဆိုင်းဘုတ်များကို ပုံမှန်စစ်ဆေးခြင်း - မီးသတ်ဆေးဘူးများ ပြန်လည်ဖြည့်သွင်းပြီး သက်တမ်းကုန်ဆုံးချိန်ကို စစ်ဆေးခြင်း - မီးသတ်လေ့ကျင့်ခန်းကို ပုံမှန်လေ့ကျင့်ခြင်း။ - ကုန်ကြမ်းနှင့် ထုတ်ကုန်များ သိုလှောင်မှုအတွက်စနစ်တကျသတ်မှတ်ပေးခြင်း။ - မီးသတ်ဦးစီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်းပါဝင်သည့်အလုပ်သမားအားလုံးအတွက် သင်တန်းပေးခြင်း - စက်ရုံဝင်းအတွင်းရှိ အရေးပေါ်	၁,၀၀၀,၀၀၀	၁။ Longmen Company Limited

		အစီအစဉ်နှင့် အရေးပေါ်ခေါ်ဆိုမှုနံပါတ် ဖော်ပြထားခြင်း		
၇	လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်း လုံခြုံရေး	-လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးကင်းရေးဆိုင်ရာ ဆိုင်းဘုတ်များ ဖော်ပြထားခြင်း - အမှိုက်ကိုစနစ်တကျ စွန့်ပစ်ပြီး တစ်ဦးချင်းဧရိယာအလိုက် အမှိုက်စွန့်ပစ်ခြင်းကို သတ်မှတ်ခြင်း။ - အိမ်သာစနစ်တကျ ဆောက်လုပ်ခြင်း။ - ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေးမှု ဆောင်ရွက်ခြင်း -လုပ်ငန်းခွင်အတွင်း ရှေးဦးသူနာပြုဆေးသေတ္တာကို စီမံထားရှိခြင်း - အလုပ်သမားများအတွက် သောက်သုံးရေကို စီမံထားရှိခြင်း။	၁,၀၀၀,၀၀၀	၁။ Longmen Company Limited

၁၀။ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များထုတ်ဖော်တင်ပြခြင်း

Longmen Company Limited သည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာရေးဆွဲရာတွင် အများပြည်သူနှင့် တွေ့ဆုံတိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေးအား ၂၀၂၄ခုနှစ် ၊ဒီဇင်ဘာလ(၁၂)ရက်နေ့တွင် Longmen Company Limitedစက်ရုံ၏ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ညွှန်ကြားရေးမှူးရုံးမှ ဌာနဆိုင်ရာ အရာရှိ(၂)ဦး၊ ပြည်ကြီးတံခွန်မြို့နယ်ပြည့်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူ(၁)ဦး၊ မန္တလေးတိုင်းဒေသကြီး၊ပြည်ကြီးတံခွန် အသေးစားအလတ်စားစက်မှုဇုန်ဖွံ့ဖြိုးရေး ကော်မတီရုံးမှ တာဝန်ရှိသူ(၁)ဦး၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူ(၁)ဦး၊ စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဌာနမှ

တာဝန်ရှိသူ(၂)ဦး၊ ၊ စီမံကိန်း အနီးဝန်းကျင်ရှိ စက်ရုံမှ ကိုယ်စားလှယ်များ၊ Longmen Company Limited မှတာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများ၊ တတိယအဖွဲ့အစည်းမှ တာဝန်ရှိသူ(၂)ဦး အပါအဝင် စုစုပေါင်း (၁၇) ဦး တက်ရောက်ခဲ့ပါသည်။ ဤဆွေးနွေးပွဲမှ ကောက်ယူရရှိသည့်အကြံပြုချက်စစ်တမ်းများကို အခန်း(၁၀)နှင့် နောက်ဆက်တွဲ(၆)တွင် အသေးစိတ်ဖော်ပြထား ပါသည်။

Longmen Company Limited

၏

ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်

၁။ နိဒါန်း

၁.၁။လုပ်ငန်းနောက်ခံအကြောင်းအရာ

Longmen Company Limited သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အညီ ပေါင်းစပ်ဖွဲ့စည်းထားသော ပုဂ္ဂလိက ကုမ္ပဏီလီမိတက် ဖြစ်သည်။ Longmen Company Limited သည် မှတ်ပုံတင်အမှတ် (111049335)ဖြင့် မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)၏ မှတ်ပုံတင်ဌာနမှ အသိအမှတ်ပြု ကုမ္ပဏီတစ်ခုဖြစ်သည်။ Longmen Company Limited ၏ ရင်းနှီးမြုပ်နှံမှု အမျိုးအစားမှာ ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြုပ်နှံမှုလုပ်ငန်းဖြစ်ပြီး စက်ရုံသည် ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်ဖြန့်ဖြူးရောင်းချ သည့်လုပ်ငန်းဖြစ်သည်။ Longmen Company Limited ၏ စက်ရုံသည် ကွင်းအမှတ်(ဒီ)၊ ဦးပိုင် အမှတ်(ဒီ-၃/၁(က))၊ စက်မှုပန်းခြံလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (ဂ) ရပ်ကွက်၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိထားသော ဂရန်မြေအား ငှားရမ်းအသုံးပြု၍ စက်ရုံ တည်ဆောက်ပြီး ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။

စီမံကိန်း အဆိုပြုသူသည် ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မတီသို့ ခွင့်ပြုမိန့်တောင်းဆိုလျှောက်ထားခဲ့ရာ ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ(၂၇) ရက်စွဲပါ စာအမှတ် ၂/၆/၇ အီးအိုင်အေ (၁၂၇/၂၀၂၄) ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲပြင်ဆင်၍ တင်ပြရန် အကြောင်းကြားထားပါသည်။

၁.၂။ လုပ်ငန်းအဆိုပြုသူဆိုင်ရာအချက်အလက်

Longmen Company Limited ၏ ရင်းနှီးမြုပ်နှံမှု အမျိုးအစားမှာ ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြုပ်နှံမှုလုပ်ငန်းဖြစ်ပြီး စက်ရုံသည် ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်

ဖြန့်ဖြူးရောင်းချနေပြီးဖြစ်သည်။ စက်ရုံနှင့်စီမံကိန်းအဆိုပြုသူဆိုင်ရာ အချက်အလက်များအား အောက်ဖော်ပြပါ ဇယားတွင်ဖော်ပြထားပါသည်။

ဇယား 1 ။ Longmen Company Limited ၏ စက်ရုံအချက်အလက်

စက်ရုံအချက်အလက်	**ဖော်ပြချက်**
ကုမ္ပဏီအမည်	Longmen Company Limited
လုပ်ငန်းအမျိုးအစား	ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း
တည်နေရာ	ကွင်းအမှတ်(ဒီ)၊ ဦးပိုင်အမှတ်(ဒီ-၃/၁(က))၊ စက်မှုပန်းခြံလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (c) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ရင်းနှီးမြှုပ်နှံမှု အမျိုးအစား	မြန်မာနိုင်ငံသားပိုင်ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း
ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ကာလ	၁၀နှစ်အတွက် ၁၇၀၀.၇၇ဒေါ်လာ
စီမံကိန်းစတင်သည့်ကာလ/ လုပ်ငန်းလည်ပတ်ကာလ	၂၀၁၅ခုနှစ် / ၂၀၁၅ခုနှစ်
စက်ရုံဧရိယာ	(၁.၅၆) ဧက
မြေအမျိုးအစား	ဂရန်မြေ

ဇယား 2 ။ Longmen Company Limited ၏ စီမံကိန်းအဆိုပြုသူဆိုင်ရာ အချက်အလက်များ

စီမံကိန်းအဆိုပြုသူဆိုင်ရာ အချက်အလက်များ	**ဖော်ပြချက်**
စီမံကိန်းအဆိုပြုသူအမည်	ဦးသိန်းထွန်း
နိုင်ငံသား	မြန်မာနိုင်ငံသား
ရာထူး	ဒါရိုက်တာ
ရုံးလိပ်စာ	ကွင်းအမှတ်(ဒီ)၊ ဦးပိုင်အမှတ်(ဒီ-၃/၁(က))၊ စက်မှုပန်းခြံလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (c) ရပ်ကွက်၊ ပြည်ကြီးတံခွန်

	မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
စီမံကိန်းအဆိုပြုသူနှင့် ကိုယ်စားပြုသူတို့၏ ဆက်သွယ်ရန်ဖုန်းနံပါတ်/Email	ဦးသိန်းထွန်း ၀၂ ၄၀၆၀၂၂၇ ဒေါ်သီဇီထွေး 09 43196760 longmen.com.mm@gmail.com

၁.၃။လုပ်ငန်းတည်ထောင်ရခြင်း၏ရည်ရွယ်ချက်

အဆိုပါစီမံကိန်းတွင် ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု တိုးမြင့်လာစေရန်အတွက် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့် ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပေးသည့် စနစ်ဖြင့် ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဖြစ်သည်။ စီမံကိန်းအနီးတဝိုက်ရှိ နေထိုင်သော ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်ရန်၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးရန်နှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်တွင်းစက်မှုလုပ်ငန်းများတိုးတက်လာစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။

၁.၄။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာရေးဆွဲတင်ပြသည့် တာဝန်ယူစီစဉ်ဆောင်ရွက်မှု

Longmen Company Limited ၏ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် Environmental Management Plan (EMP) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အသိအမှတ်ပြု လုပ်ငန်းလိုင်စင်ထုတ်ပေးထားသော အကြံပေးအဖွဲ့အမျိုးအစား(က)လုပ်ငန်းလိုင်စင်ရရှိထားသည့် Environmental Compliance Consultancy Co., Ltd. ရေးသားပြင်ဆင်ဆောင်ရွက်ထားပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလလမှစတင်၍ လေ့လာရေးသားပြုစု ဆောင်ရွက်ခဲ့ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ ကို ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ (EIA) လုပ်ထုံးလုပ်နည်း အပိုဒ်ရေ ၆၃ (ဇ) တွင်

ပါဝင်သော သတ်မှတ်ချက်များနှင့် အညီလေ့လာပြုစု ရေးသား ပြင်ဆင်ခဲ့ပါသည်။ အကြံပေးပုဂ္ဂိုလ်များ၏ လုပ်ငန်းလိုင်စင်အား နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားပါသည်။

ဇယား 3 ။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးသားပြုစုသည့် Environmental Compliance Consultancy Co., Ltd၏ပါဝင်ရေးသားသည့်အဖွဲ့ဝင်များ

စဉ်	အမည်	လုပ်ငန်းလိုင်စင်အမှတ်	တာဝန်ယူဆောင်ရွက်သည့်နယ်ပယ်များ
1	ဦးရဲမြတ်ဘုန်းလှိုင်	EIA- AC 114/2024	လေထုညစ်ညမ်းမှုစောင့်ကြပ်ကြည့်ရှုခြင်း
2	ဦးအောကာဖြိုး	EIA- C 059/2024	ဘေးအန္တရာယ်ရှိမှုဆန်းစစ်ခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း
3	ဒေါ်သန္တာထွန်း	EIA- AC 067/2024	ဇလဗေဒ၊ မြေပေါ်ရေနှင့်မြေအောက်ရေထိန်းသိမ်းခြင်း ရေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ထိခိုက်မှုကြိုတင်ခန့်မှန်းခြင်း

ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် ရေးသားပြုစုရာတွင် အထောက်အကူပြု အတက်ပညာရှင်၏ အချက်အလက်အား အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

ဇယား 4 ။ အထောက်အကူပြုအဖွဲ့ဝင်၏အချက်အလက်

1	ဦးအောင်ကောင်းမြတ်	လေထုညစ်ညမ်းမှုစောင့်ကြပ်ကြည့်ရှုခြင်း

ဇယား 5 ။ Environmental Compliance Consultancy Co., Ltd၏ဆက်သွယ်ရန်အချက်အလက်

ဖုန်းနံပါတ်/Email	ဦးရဲမြတ်ဘုန်းလှိုင် ၀၉၇၉၇၇၃၅၆၊ ၀၉၆၅၂၁၉၃၃၈၆ ymph8395@gmail.com / info@envccmyanmar.com
ရုံးလိပ်စာ	အမှတ်(၆၅၁၁)၊သစ်ခွ(၁)လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး

၂။ကတိကဝတ်

စီမံကိန်းအဆိုပြုသူ၏ ကတိကဝတ်များ ညွှန်းဆိုချက်စာရင်း

စဉ်	ကတိကဝတ်စာရင်း	ကတိကဝတ်ဖော်ပြချက်	ညွှန်းဆိုသောအခန်း
၁	တိကျမှုနှင့်ပြည့်စုံမှု	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် သေချာစွာဖော်ပြထားပြီးပြီး အချက်အလက်များပြည့်စုံသည်	အခန်းများအားလုံး
၂	တည်ဆဲဥပဒေများကို တိကျစွာ လိုက်နာခြင်း။	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ကို EIA လုပ်ထုံးလုပ်နည်း အပါအဝင် တည်ဆဲဥပဒေများနှင့် တင်းကျပ်စွာ လိုက်နာရန် ပြင်ဆင်ထားကြောင်း၊ နှင့် စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာပါ ကတိကဝတ်များ၊ လျော့ပါးရေးအစီအမံများနှင့် အစီအစဉ်များကို အချိန်တိုင်း လိုက်နာဆောင်ရွက်သွားမည်။	အခန်း ၂ (ကတိကဝတ်များ)၊ ၃ (ဥပဒေ၊နည်းဥပဒေ၊မူဘောင်)
၃	လုပ်ငန်းဆောင်ရွက်မှုကာလအတွင်း အတည်ပြုထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း	လုပ်ငန်းဆောင်ရွက်မှုကာလအတွင်း အတည်ပြုထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မြှင့်တင်ခြင်း၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ်မူတည်၍ ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များပြုလုပ်ရန် ညွှန်ကြားချက်များကို	အခန်း (၇) စီမံခန့်ခွဲမှုနှင့် အခန်း (၈) စောင့်ကြည့်လေ့လာရေး အစီအစဉ်

		လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။	
၄	ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ကို ပြင်ဆင်ခြင်း။	စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အား ပြင်ဆင်လိုပါက အတည်ပြုချက်နှင့် ပြင်ဆင်ချက်ရရှိမည်ဖြစ်သည်။	အခန်း(၃) (ဥပဒေ၊ နည်းဥပဒေ၊မူဘောင်)
၅	စက်ရုံဖျက်သိမ်းခြင်း။	ရင်းနှီးမြုပ်နှံမှုပြီးမြောက်ပြီး စက်ရုံပိတ်သိမ်း သည့်အခါတွင် လူမှုအသိုင်း အဝိုင်းအပေါ် သက်ရောက်မှု နည်းပါးသွားအောင် ဆောင်ရွက်မည်ဖြစ်သည်။ မတော်တဆမှုများ၊ ဘေးအန္တရာယ်များ လျော့ရေး၊ လူမှုစီးပွားပူးပေါင်း ဆောင်ရွက်ရေး စီမံချက်များချမှတ် ဆောင်ရွက် မည် ဖြစ်သည်။	အခန်း(၉.၄)စက်ရုံဖျက် သိမ်းရေးစီမံခန့်ခွဲမှုအစီ အစဉ်

အစီရင်ခံစာရေးဆွဲသူ(တတိယအဖွဲ့အစည်း)၏ ကတိကဝတ်များ ညွှန်းဆိုချက်စာရင်း

စဉ်	**ကတိကဝတ်စာရင်း**	**ကတိကဝတ်ဖော်ပြချက်**	**ညွှန်းဆိုသောအခန်း**
၁	တိကျမှန်ကန်ပြည့်စုံမှု	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် သေချာစွာဖော်ပြထားပြီးပြီး အချက်အလက်များပြည့်စုံသည်	အခန်းများအားလုံး
၂	ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပါအဝင် သက်ဆိုင်ရာ တည်ဆဲ	ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ကို EIA လုပ်ထုံးလုပ်နည်း အပါအဝင် တည်ဆဲဥပဒေများ နှင့် တင်းကျပ်စွာ လိုက်နာရန် ပြင်ဆင်ထားကြောင်း	အခန်း ၂ (ကတိကဝတ်များ)၊ ၃ (ဥပဒေ၊ နည်းဥပဒေ၊

	ဥပဒေ လုပ်ထုံးလုပ်နည်းများ၊နည်းဥပဒေများအတိုင်းဖော်ပြခြင်း		မူဘောင်)
၃	တိုးတက်နေသည့် နည်းညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်များ ရှိလာပါက လိုက်နာဆောင်ရွက်ခြင်း	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အကြံပြုချက်များအတိုင်း ပြင်ဆင်ဖြည့်စွက် ရေးသားရမည်ဖြစ်ကြောင်း	အခန်း(၃)(ဥပဒေ၊ နည်းဥပဒေ ၊ မူဘောင်)

၃။ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

၃.၁။ ကုမ္ပဏီ၏ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေ၊ မူဘောင်ဆိုင်ရာ အချက်အလက်များ

Longmen Company Limited သည် ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းနှင့် အညီချမှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကို လိုက်နာသွားပါမည်။

- ပတ်ဝန်းကျင်ဆိုင်ရာတာဝန်ဝတ္တရားများ၊ ဥပဒေရေးရာကိစ္စရပ်များနှင့် စည်းမျဉ်း စည်းကမ်းများကို သိရှိနားလည်ပြီး ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်ရန်။
- ဘေးပတ်ဝန်းကျင်ထိခိုက်မှုကာကွယ်ရေးကိုလုပ်ငန်းဗျူဟာကျစွာ ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၃.၂။ မူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်

မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုအတွက် သဘာဝသယံဇာတအရင်းအမြစ်များကို အားထားရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ သဘာဝသယံဇာတအရင်းအမြစ်များကို အကောင်းဆုံးနည်းလမ်းဖြင့် ရေရှည်စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအား ဖွဲ့စည်း ထားရှိ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၊လူမှုရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကောင်အိတ်အမျိုးမျိုး ဖော်ဆောင်ရွက်လျက်ရှိပြီး၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်တို့အား ထုတ်ပြန် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၃.၃။ စီမံကိန်းဆိုင်ရာ လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များ

စီမံကိန်းဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူနှင့် ဆက်စပ်ပါဝင်သူများအနေဖြင့် မြန်မာနိုင်ငံမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် စီမံကိန်းနှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးတို့နှင့် သက်ဆိုင်သည့် အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များအား အထူးဂရုပြုလိုက်နာသွားမည်ဖြစ်ပါသည်။-

(၁)မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒ (၂၀၁၉)

(၂)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)

(၄)ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅/ ပြင်ဆင် ၂၀၁၉)

(၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် (၂၀၁၅)

(၆) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅)

(၇) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)

(၈) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၇)

(၉) အလုပ်ရုံများအက်ဥပဒေ (၁၉၅၁/ပြင်ဆင် ၂၀၁၆)

(၁၀) မြန်မာ့အာမခံဥပဒေ (၁၉၉၃)

(၁၁) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၅)

(၁၂)ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၅)

(၁၃) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)(ပြင်ဆင်၂၀၁၁)

(၁၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉)

(၁၅) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆)

(၁၆) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)

(၁၇) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) (ပြင်ဆင်၂၀၁၇)

(၁၈) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

(၁၉) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)

(၂၀) အလုပ်သမားလျော်ကြေးငွေဥပဒေ(၁၉၂၃)(ပြင်ဆင်၂၀၁၈)

(၂၁) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

(၂၂) ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ (၁၉၅၁/ ပြင်ဆင် ၂၀၁၄)

(၂၃) အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

(၂၄) အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)

(၂၅) လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

(၂၆) မော်တော်ယာဉ်ဥပဒေ (၂၀၁၅)

(၂၇) လျှပ်စစ်ဥပဒေ (၂၀၁၄)

(၂၈) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)

(၂၉) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

(၃၀) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)

(၃၁) ဓာတုနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေများ (၂၀၁၆)

(၃၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)

(၃၃) မြေအောက်ရေကြီးကြွပ်မှုအက်ဥပဒေ (၁၉၃၀)

(၃၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊စာချုပ်များ၊ သဘောတူညီချက်များ

(၃၅) ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)၏ သောက်သုံးရေ လမ်းညွှန်ချက်တန်ဖိုး (Geneva-၁၉၉၃)

(၃၆) အမျိုးသားမြေပေါ်ရေ အရည်အသွေးဆိုင်ရာ မြန်မာ စံချိန်စံညွှန်း (၂၀၂၄)

(၃၇) ပို့ကုန် သွင်းကုန်ဥပဒေ(၂၀၁၂)

(၃၈) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)

(၃၉) အမျိုးသားမြေအသုံးချမှုမူဝါဒ(၂၀၁၆)

(၄၀) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ(၁၉၉၀)

(၄၁) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် [၂၀၁၈-၂၀၃၀](၂၀၂၀)

၃.၃.၁။ မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ(၂၀၁၉)

ဤအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒတွင်ပါရှိသော အောက်ပါ ပင်မတန်ဖိုးများကို အခြေပြုရေးဆွဲ ထားပါသည်-

(က) နိုင်ငံတစ်နိုင်ငံ၏ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ ပြည်သူများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတပစ္စည်းများပင်ဖြစ်သည်။

(ခ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးနွယ်ဆက်များ၏ အကျိုးငှာ သဘာဝသယံဇာတ ပစ္စည်းများကို ကာကွယ် ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့်နိုင်ငံသားတိုင်း၏ တာဝန် ဖြစ်သည်။

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ် စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထာဝစဉ်ထားရှိရမည်ဖြစ်သည်။

၃.၃.၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်

(က) ပတ်ဝန်းကျင်ကို ညစ်ညမ်းစေခဲ့လျှင် ဝန်ကြီးဌာနကသတ်မှတ်သည့် လျော်ကြေးငွေကို ပေးလျော်ရပါမည်။ (အပိုဒ် ၇၊ အပိုဒ် ခွ (ဏ) အရ)

(ခ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်ပေါ်စေသည့် ထုတ်လွှတ်ခြင်းကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ထုတ်လွှတ်ပါမည်။ (အပိုဒ် ၁၄ အရ)

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက် အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုပါမည်။ ထိုသို့ မဆောင်ရွက်နိုင်ပါက စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်ပါမည်။ (အပိုဒ် ၁၅ အရ)

(ဃ) ဝန်ကြီးဌာနကထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ခြင်းရှိ/မရှိလာရောက်စစ်ဆေးသည့် တာဝန်ရှိပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းအား စစ်ဆေးခွင့်ပြုပါမည်။ (အပိုဒ် ၂၄ အရ)

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြေညာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်များကို လိုက်နာပါမည်။ (အပိုဒ် ၂၉ အရ)

၃.၃.၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)

စီမံကိန်းပိုင်ရှင်သည်-

(က) နည်းဥပဒေ ၆၉၊ နည်းဥပဒေ အပိုဒ်ခွဲ (က) အရ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကို အများပြည်သူအား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင် မည့် နေရာတစ်ခုခုတွင် တစ်နည်းအားဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ် ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ခ) နည်းဥပဒေ ၆၉ ၊ နည်းဥပဒေ အပိုဒ်ခွဲ (က) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းပညာများ တစ်ခုခုအရ အမိန့်ကြေညာစာဖြင့် သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ ပစ္စည်းများကို အများပြည်သူအား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့်နေရာ တစ်ခုခုတွင် တစ်နည်းအားဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ဂ) နည်းဥပဒေ ၆၉၊ နည်းပညာအပိုဒ်ခွဲ (ခ) အရ ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ် ပြောင်းလဲနေသော ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးနိုင်သည့် ပြုလုပ်မှုကို ဆောင်ရွက် ခြင်းမပြုပါ။

၃.၃.၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ၊ မိမိကိုယ်စား ဆောင်ရွက်သည့် ကန်ထရိုက်တာ ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပေါ်ပေါက်လာသည့် ဆိုးကျိုးသက်ရောက်မှုကို တာဝန်ယူပါမည်။ (အပိုဒ် ၁၀၂ (က) အရ)

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူကိုလက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်းတည်ထောင်နိုင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးပေးပါမည်။ (အပိုဒ်၁၀၂ (ခ) အရ)

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊စီမံကိန်းကတိကဝတ်အားလုံးနှင့်စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ပါမည်။ မိမိကိုယ်စား ဆောင်ရွက်သည့် ကန်ထရိုက်တာ၊လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာများက စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်ပါမည်။ (အပိုဒ် ၁၀၄ အရ)

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင် ပါရှိသောလိုအပ်ချက်အားလုံးကိုတာဝန်ယူသည့်အပြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ (အပိုဒ် ၁၀၅ အရ)

(င) အကြုံတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း နှင့် လုပ်ငန်းပိတ်သိမ်းပြီးကာလတို့တွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ် ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဘက်စုံ စောင့်ကြပ်စစ်ဆေးပါမည်။ (အပိုဒ် ၁၀၆ အရ)

(စ) မိမိ၏တာဝန် သို့မဟုတ် ဆောင်ရွက်ချက်ပျက်ကွက်မှုကို အမြန်ဆုံးစာဖြင့် တင်ပြပါမည်။ ပျက်ကွက်မှုကြောင့် ပတ်ဝန်းကျင်သက်ရောက်မှု ဖြစ်နိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရန် လိုအပ်သည့်ကိစ္စကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားကိစ္စဖြစ်ပါက စတင်သိရှိချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ တင်ပြပါမည်။ (အပိုဒ် ၁၀၇ အရ)

(ဆ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ (EMP)အား အတည်ပြု ပြန်ကြားပြီးသည့်နေ့မှစ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ၆လတစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြပါမည်။ (အပိုဒ် ၁၀၈ အရ)

(ဇ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ဥပဒေအပိုဒ် ၁၀၉ ပါ သတ်မှတ်ချက်များ အနည်းဆုံး ထည့်သွင်းဖော်ပြပါမည်။ (အပိုဒ် ၁၀၉ အရ)

(စျ) ဥပဒေအပိုဒ် ၁၀၈ အရ တင်ပြသည့်နေ့ရက်မှ ၁၀ ရက်အတွင်း အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်၊ စာကြည့်တိုက်၊ ပြည်သူ့ခန်းမ၊ အများပြည်သူ စုဝေးရာနေရာနှင့် စီမံကိန်းရုံးဌာနတို့တွင် အများပြည်သူသိရှိစေရန် ယင်းအစီရင်ခံစာ ကိုတင်ပြပါမည်။ယင်းအစီရင်ခံစာ၏ဒီဂျီတယ်မိတ္တူ တောင်းခံချက်ကို လက်ခံရရှိသည့် နေ့မှစ၍၁၀ရက်အတွင်းအီးမေလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ တောင်းခံသူအား ဖြန့်ဝေပေးပါမည်။ (အပိုဒ် ၁၁၀ အရ)

(ည) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန် တာဝန်ရှိသူကို သာမန်အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့်ပြုပါမည်။(အပိုဒ် ၁၁၃ (က) အရ) စီမံကိန်း၏ရုံးများ၊ လုပ်ငန်းခွင်၊ စီမံကိန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြားနေရာများသို့ လိုအပ်ပါက အချိန်မေ့ရွေး တင်ရောက်ခွင့်ပြုပါမည်။

(ဉ) အရေးပေါ် အခြေအနေတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသို့ပျက်ကွက်နိုင်သည်ဟု ယူဆလျှင်ဖြစ်စေ စစ်ဆေးရန် တာဝန်ရှိသူက ဝင်ရောက် စစ်ဆေးလိုသည့်အချိန်တွင် ချက်ချင်းခွင့်ပြုပါမည်။ (အပိုဒ် ၁၁၅ အရ)

(ဋ) ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်သူ ဆပ်ကန်ထရိုက်တာတို့ကို တာဝန်ရှိသူက စစ်ဆေးခြင်းကို ခွင့်ပြုပါမည်။ (အပိုဒ် ၁၁၇ အရ)

၃.၃.၅။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

စီမံကိန်းမှထွက်ရှိသည့်စွန့်ပစ်ရေအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်(၂၀၁၅) မှ ၂.၃.၄.၁ Chlor-alkali နှင့်အညီ စွန့်ပစ်သွားပါမည်။ ဆူညံသံအဆင့်နှင့် ထုတ်လွှင့်မှုလေအရည်အသွေးများအတွက် အမျိုးသား ပတ်ဝန်းကျင်

အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (NEQG)၁,၁ နှင့် ၁.၃ကို ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာတွင် ကိုးကား၍ နှိုင်းယှဉ်ဖော်ပြထားသည်။ အောက်ဖော်ပြပါများသည် Longmen Company Limited မှ လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်စံနှုန်းများနှင့် လမ်းညွှန်ချက်များဖြစ်သည်။

ဇယား 6 ။ လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း စွန့်ပစ်ရေအတွက် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများ(NEQG) ၂.၃.၄.၁ Chlor-alkali

အမျိုးအစား	**ယူနစ်**	**လမ်းညွှန်တန်ဖိုး**
Chlor-alkali/Hydrochlorc Acid Plant		
Chemical oxygen demand (COD)	mg/l	၂၅၀
Chlorine	mg/l	၀.၂
Mercury	mg/l	၀.၀၁
Sulphide	mg/l	၁
Total suspended solids	mg/l	၅၀

ဇယား 7 ။ ဆူညံသံအဆင့်စံနှုန်း (NEQG)

လုပ်ငန်းအမျိုးအစား	**One နာရီ LAeq (dBA)**	
	နေ့ခင်းအချိန် (၇:၀၀-၂၂:၀၀) အစိုးရရုံးပိတ်ရက် (၁၀း၀၀-၂၂း၀၀)၊	**ညအချိန် ၇:၀၀-၂၂:၀၀) အစိုးရရုံးပိတ်ရက် (၁၀း၀၀-၂၂း၀၀)**
လူနေထိုင်ရေးဆိုင်ရာ ပညာရေး	၅၅	၄၅
စက်မှုစီးပွားရေး	၇၀	၇၀

.

ဇယား 8 ။ လေအရည်အသွေးစံနှုန်း (NEQG)

အမျိုးအစား	ပျမ်းမျှကာလ	လမ်းညွှန်တန်ဖိုး µg/m^3
Nitrogen dioxide	၁-နှစ် ၁-နာရီ	၄၀ ၂၀၀
Ozone	၈-နာရီ နေ့စဉ် အများဆုံး	၁၀၀
PM10	၁-နှစ် ၂၄ နာရီ	၂၀ ၅၀
PM2.5	၁-နှစ် ၂၄ နာရီ	၁၀ ၂၅
Sulfur dioxide	၂၄-နာရီ ၁၀-မိနစ်	၂၀ ၅၀၀

၃.၃.၆။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

တိုင်းရင်းသားလူမျိုး၏ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဌာနေ တိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေး၍ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။ (အပိုဒ် ၅ အရ)

၃.၃.၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆) **(ပြင်ဆင်၂၀၁၉)**

စီမံကိန်းပိုင်ရှင်သည်-

(က) မြေယာ၊ အဆောက်အအုံများအား ငှားရမ်းဆောင်ရွက်ခြင်းအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်။ (ဥပဒေအပိုဒ် ၅၀၊၅၁ အရ)

(ခ) သဘာဝတွင်းထွက်ပစ္စည်းများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများနှင့် ရတနာသိုက် အစရှိသည်တို့ကိုတွေ့ရှိပါက ကော်မရှင်ထံသို့ ချက်ချင်းသတင်းပေးအကြောင်းကြားခြင်း၊ သဘာဝ မြေမျက်နှာသွင်ပြင် သို့မဟုတ် မြေနိမ့်အမြင့်အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှုကို ကော်မရှင်၏ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံး စံချိန်စံညွှန်းများနှင့် အညီ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် လိုက်နာ ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပြည်တွင်းအသိအမှတ်ပြု စာရင်းကိုင် စံနှုန်းများနှင့် အညီ ကောင်းမွန်စွာ ပြုစုမှတ်တမ်းတင်ထားရှိခြင်း၊ အလုပ်သမားနှင့် ၎င်းတို့၏ လုပ်စာများနှင့် ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများ ခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်းစသည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းနှင့် လူမစီးပွားပေါ်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါက အဆိုပါ ဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့် လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ခြင်း၊ ဥပဒေနှင့်အညီ အာမခံထားရှိခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၆၅ (ငဃ) မှ (ဏ) အရ)

၃.၃.၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၇)

စီမံကိန်းပိုင်ရှင်သည်-

(က) ခွင့်ပြုမိန့်နှင့် အခြားသက်ဆိုင်သည့် ဥပဒေများတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များအားလုံးကို လိုက်နာသွားပါမည်။ (နည်းဥပဒေ ၂၀၂ အရ)

(ခ) ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့် ထိခိုက်နစ်နာရသူများအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းမှုလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အပြည့်အဝကူညီဆောင်ရွက်သွားပါမည်။(နည်းဥပဒေ ၂၀၃ အရ)

(ဂ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသားကျွမ်းကျင်သူအား ဥပဒေအပိုဒ် ၅၁ (က) အရ ခန့်အပ်လိုပါက ကော်မရှင်ရုံးသို့ တင်ပြလျောက်ထား၍ ခွင့်ပြုချက်ရယူခြင်းတို့အား လိုက်နာဆောင်ရွက်သွားပါ မည်။ (နည်းဥပဒေ ၂၀၆ အရ)

၃.၃.၉။ မြန်မာ့အာမခံဥပဒေ (၁၉၉၃)

စီမံကိန်းပိုင်ရှင်သည်-

စီမံကိန်းနှင့်ပတ်သက်သည့် အာမခံထားရှိမှုများအား မြန်မာ့အာမခံလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေအရ)

၃.၃.၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၅)

စီမံကိန်းပိုင်ရှင်သည်-

(က) အစိုးရ၏လုပ်သားပြည်သူတို့ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ၎င်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်ခြင်းမှ ကာကွယ်ရန်၎င်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လုပ်သားပြည်သူတို့ ထုတ်လုပ်ရောင်းချသော အစားအသောက်နှင့် ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံး ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကိုယ်ပိုင်ဆေးကုဂေဟာများနှင့်ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန် လိုအပ်သည့် ဆေးဝါးနှင့်ပတ်သက်သည့် ကိစ္စများကို အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့် လုပ်ငန်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၃ အရ)

(ခ) အချိန်အခါမရွေး ဝင်ရောက်စစ်ဆေး ညွှန်ကြားခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၅ အရ)

၃.၃.၁၁။ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)(ပြင်ဆင်ချက်၂၀၁၁)

စီမံကိန်းပိုင်ရှင်သည်-

(က) အများပြည်သူတို့သည် ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့်ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ကျန်းမာရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဦးစီးဌာနတို့၏အပိုဒ် ၃ ပါဆောင်ရွက်ချက် များကို လိုက်နာဆောင်ရွက်ကြရမည်။"(ဥပဒေ အပိုဒ် ၄ (က) အရ)

(ခ) လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၄ အရ)

(ဂ) ကြက်ငှက်အပါအဝင် တိရစ္ဆာန်များ အစုလိုက် အပြုံလိုက် သေဆုံးခြင်း၊ ကြွက်ကျခြင်း၊ ကူးစက်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း၊ တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်းသိရှိလျှင် သိရှိချင်း အနီးဆုံးကျန်းမာရေး ဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ပါမည်။ (ဥပဒေ အပိုဒ် ၉ အရ)

(ဃ) ကျန်းမာရေးအရာရှိ၏ အောက်ပါဆောင်ရွက်မှုတို့ကိုလိုက်နာပါမည်။ ကူးစက်ရောဂါ ဖြစ်ပွား သူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်း၊ ကျန်းမာရေး စစ်ဆေး စေခြင်း၊ မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊ အခြားလိုအပ်သော စစ်ဆေးမှုများကိုပြုလုပ်ခြင်း၊ ကူးစက်ရောဂါဖြစ်သည်ဟု သံသယရှိသည့်တိရစ္ဆာန်သို့မဟုတ် ယင်း တိရစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။ (ဥပဒေ အပိုဒ် ၁၁ အရ)

၃.၃.၁၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (၂၀၁၉)

စီမံကိန်းပိုင်ရှင်သည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုများ လျော့နည်း ပပျောက်စေရန်နှင့်ကြိုတင်ကာကွယ်တားဆီးနိုင်ရန် ၊လုပ်ငန်းခွင်အတွင်းကျန်းမာစွာ ကိုင်တွယ်နိုင် စေရန် အတွက် ကျန်းမာရေးဆိုင်ရာကိစ္စရပ်တို့အား ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၃ အရ)

၃.၃.၁၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆)

စီမံကိန်းပိုင်ရှင်သည်-

ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၊ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့်နေရာများအား ဖော်ညွှန်းသည့်စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားရှိခြင်း၊ လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စစ်ဆေးခံယူခြင်းတို့အား ဆောင်ရွက်သွားပါမည်။ (ဥပဒေအပိုဒ် ၉ အရ)

၃.၃.၁၄။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည် -

မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၂၅ အရ)

၃.၃.၁၅။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) (ပြင်ဆင်၂၀၁၇)

စီမံကိန်းပိုင်ရှင်သည်-

(က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအားပြောင်းလဲစေခြင်း၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်းတို့အား မပြုလုပ်ပါ။ (ဥပဒေ အပိုဒ် ၈ အရ)

(ခ) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းဖြစ်စေမည့် စက်သုံးဆီ ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများ စွန့်ပစ်ခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများစွန့်ပစ်ခြင်း၊ အဆိပ်သင့်စေသော ပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောပစ္စည်းဖြင့် ဖောက်ခွဲ၍ ဖြစ်စေ ရေနေသတ္တဝါများအား ဖမ်းဆီးခြင်း၊ တို့အား မပြုလုပ်ပါ။ (ဥပဒေ အပိုဒ် ၁၁ အရ)

(ဂ) ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များအား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေ အပိုဒ် ၆ အရ)

(ဃ) ဦးစီးဌာန၏ မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း မရှိစေရန် စီမံဆောင်ရွက်ခြင်းအား လိုက်နာပါမည်။ (ဥပဒေ အပိုဒ် ၅ အရ)

(င) ရေလမ်းပျက်စီးခြင်း သို့မဟုတ် ရေကြောင်းပြောင်းလဲခြင်း ဖြစ်ပေါ်စေမည့် အရာဝတ္ထု တစ်ခုခုကို မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းတို့အား ောရှောင်ကြဉ်ပါမည်။ (ဥပဒေ အပိုဒ် ၁၉ အရ)

(စ) မြို့ပြကျေးလက်လူနေမှုပုံစံနှင့် မသင့်လျော်သည့် အိမ်သာများဆောက်လုပ်ခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်း၊ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မြေတူးခြင်းတို့အား ရှောင်ကြဉ်ပါမည်။ (ဥပဒေ အပိုဒ် ၂၁ အရ)

၃.၃.၁၆။ အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

စီမံကိန်းပိုင်ရှင်သည်-

အလုပ်သမားအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ တို့အရ)

၃.၃.၁၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၉)

စီမံကိန်းပိုင်ရှင်သည်-

ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မပြုခြင်း၊ အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်းမပြုခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုလုပ်ဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းမပြုခြင်း၊ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ် အတွင်း လုံလောက်သော အကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှု ကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့ကဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝ ပေးဆောင်ခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၃၈၊ ၃၉၊ ၄၀၊ ၅၁ တို့အရ)

၃.၃.၁၈။ အလုပ်သမားလျော်ကြေးဥပဒေ(၂၀၁၈)

စီမံကိန်းပိုင်ရှင်သည်-

လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်သည့် မတော်တဆထိခိုက်မှုများ ၊ သေကြေပျက်စီးမှုများနှင့် သဘာဝဘေးကြောင့် ဖြစ်ပေါ်သည့်မတော်တဆ ထိခိုက်နစ်နာရသည့် လုပ်အားများအတွက် အလုပ်သမားလျော်ကြေးဥပဒေနှင့်ကူညီထောက်ပံ့လျော်ကြေးပေးမှုများ ဆောင်ရွက်သွားပါမည်။ (အလုပ်သမားလျော်ကြေးဥပဒေ အရ)

၃.၃.၁၉။ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်အပ်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုခြင်း၊ အလုပ်ခန့်အပ်ထားခြင်း မပြုမီ အကြိုသင်တန်းကာလနှင့် အစမ်းခန့်ကာလ သတ်မှတ်ပါက ယင်းသင်တန်းသားသည် အပိုဒ်ခွဲငယ် (ဘ) ပါ သတ်မှတ်ချက်နှင့် သက်ဆိုင်ခြင်းမရှိခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်အား ဥပဒေနှင့်အညီချုပ်ဆိုခြင်း၊ ဥပဒေနှင့်အညီ သတ်မှတ်ထားသော နစ်နာကြေးပေးခြင်း၊ လုပ်ငန်းခွင်စည်းကမ်း နှင့် အကျိုးခံစားခွင့်များကို တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလိုပြင်ဆင်ခြင်း၊ အလုပ်ခန့်အပ်ထားဆိုင်ရာ သဘောတူညီချက် စာချုပ်မိတ္တူကို သက်ဆိုင်ရာအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ သတ်မှတ်ကာလအတွင်း အလုပ်ရှင်က ပေးပို့ပြီး အတည်ပြုချက် ရယူထားခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေ အပိုဒ် ၅အရ)

(ခ) အလုပ်ရှင်သည် အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့် မြင့်မားစေရန် ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၁၄အရ)

(ဂ) စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ်ရှင်သည် ယင်း၏လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့် နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမားများအား ပေးချေရသည့် စုစုပေါင်းလုပ်ခ၊ လစာ၏ သုည၀သမ ငါးရာခိုင်နှုန်းအောက်မနည်းသောငွေကို ရန်ပုံငွေသို့ ထည့်ဝင်ခြင်းအဖြစ် လစဉ်မပျက်မကွက် ပေးသွင်းခြင်းနှင့် ပေးသွင်းသည့်ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊လစာမှ ဖြတ်တောက်ခြင်းမပြုခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၃၀အရ)

၃.၃.၂၀။ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁)

စီမံကိန်းပိုင်ရှင်သည်-

ခွင့်ရက်နှင့်အလုပ်ပိတ်ရက်များအား ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်သွားပါမည်။

၃.၃.၂၁။ အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

စီမံကိန်းပိုင်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက်လျော့နည်း၍ မပေးခြင်း၊ အနည်းဆုံးအခကြေးငွေမှ နုတ်ယူခွင့်ရှိသည်ဟု သတ်မှတ်ထားသော အခကြေးငွေမှအပ အခြား အခကြေးငွေကို နုတ်ယူမှုမပြုပါ။ (ဥပဒေအပိုဒ် ၁၂အရ)

(ခ) လုပ်ငန်းနှင့်သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ်သမားများအား အသိပေးခြင်းအပြင် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာ အလုပ်သမားများ မြင်နိုင်စေရန် ကြော်ငြာ ထားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာ မှတ်တမ်းပြုစုထားရှိခြင်း၊ သက်ဆိုင်ရာဦးစီး ဌာနသို့အစီရင်ခံခြင်း၊ စစ်ဆေးရေးအရာရှိက စစ်ဆေးရန်ဆင့်ဆိုသည့်အခါ သွားရောက်စစ်ဆေး ခြင်းနှင့် တောင်းခံသည့်အခါ တင်ပြခြင်း၊ အလုပ်သမားများဖျားနာ၍ အလုပ်မလုပ်ကိုင်နိုင်သည့် အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ်နားခွင့်ပေးခြင်း၊ အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘနာရေးကိစ္စဖြစ်သည့်အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်း မပြုဘဲ သတ်မှတ်ချက်များနှင့်အညီ အလုပ်နားခွင့်ပေးခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၁၃အရ)

၃.၃.၂၂။ အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိအမှတ်ပြုသည့် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေခြင်း၊ ငွေသားတစ်ချို့ တစ်ဝက်နှင့် ဒေသပေါက်စျေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်း တစ်ချို့တစ်ဝက်တွဲဖက်၍ ပေးချေနိုင် ခြင်း၊အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါထိုအလုပ်သမား

အားအထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀)အတွက် အခကြေးငွေ ထုတ်ပေးခြင်း ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၃ အရ)

(ခ) အလုပ်ပြီးဆုံးသည့်အခါဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေပေးချေခြင်း၊ အခကြေးငွေပေးချေရန် အလုပ်သမားနှင့် သဘောတူညီသည့် အချိန် ကာလအပိုင်းအခြားသည် တစ်လထက် မကျော်စေခြင်း၊ အမြဲတမ်း အလုပ်အတွက် အခကြေး ငွေကို ဥပဒေနှင့်အညီ လစာပေးချေခြင်း၊ အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက်နှစ်ရက်အတွင်း ပေးချေခြင်း၊ အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်အကြောင်းကြားစာပေးပို့၍ မိမိဆန္ဒအရအလုပ်မှနုတ်ထွက် ပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြားကုန်ဆုံးသည့်နေ့တွင် ပေးချေခြင်း၊ အလုပ်သမား သေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကိုသေဆုံးပြီးနောက် အလုပ် ဖွင့်ရက်နှစ်ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေဆက်ခံသူထံသို့ ပေးချေခြင်း၊ နှစ်ရက်အတွင်း သေဆုံးသူ၏တရားဝင်အမွေဆက်ခံသူထံသို့ ပေးချေခြင်း၊ အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့် နေ့ရက်တွင် ပေးချေခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၄ အရ)

(ဂ) သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်လာသဖြင့် အပိုဒ်၄၊ အပိုဒ်ခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့ရက်သို့ ပြောင်းလဲ ပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြပါမည်။ (ဥပဒေအပိုဒ် ၅အရ)

(ဃ) အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းများအား ဥပဒေနှင့်အညီ ဆောင်ရွက် ပါမည်။ (ဥပဒေအပိုဒ် ၇ အရ)

(င) အလုပ်ရှင်သည် အပိုဒ် ၇နှင့် အပိုဒ် ၁၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ မည်သည့်ကိစ္စအတွက်မျှ နုတ်ယူဖြတ်တောက်ခြင်း မပြုပါ။ (ဥပဒေ အပိုဒ် ၈ အရ)

(စ) အလုပ်ရှင်သည် အပိုဒ် ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့် အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပို စေရပါ။ (ဥပဒေအပိုဒ် ၉ အရ)

(ဆ) အလုပ်ရှင်သည် အပိုဒ် ၁၁ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းများအား ဥပဒေနှင့် အညီ ဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၁၀ အရ)

(ဇ) အလုပ်ရှင်သည် အလုပ်သမား၏ ပြုလုပ်မှုများ သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ်သတ်မှတ်ပြီး ဥပဒေနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ပါမည်။ (ဥပဒေ အပိုဒ် ၁၁ အရ)

(ဈ) အလုပ်သမားသည် မိမိနစ်နာမှုများအတွက် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ စက်ရုံအတွင်းလုပ်ငန်းညှိနှိုင်းရေးကော်မတီကဖြစ်စေ၊ စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေးကော်မတီကဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့ တောင်းဆိုနိုင်ခြင်း၊ (ဥပဒေအပိုဒ် ၁၂ အရ)

(ည) စစ်ဆေးရေးအရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ်များအား စစ်ဆေးပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ခြင်း၊ အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် အယူခံနိုင်ခြင်း၊ စစ်ဆေးရေးအရာရှိချုပ်သည် အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ခြင်း၊ စစ်ဆေးရေးအရာရှိချုပ်ကချမှတ်သည့် အမိန့်သည် အပြီးအပြတ်ဖြစ်ခြင်း။ (ဥပဒေအပိုဒ် ၁၃ အရ)

(ဋ) အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပို အခကြေးငွေနှုန်းထားကို ဥပဒေအရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၁၄ အရ)

၃.၃.၂၃။ လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံတင် ဆောင်ရွက်ထားရှိပါမည်။ (ဥပဒေအပိုဒ် ၁၁ အရ)

(ခ) လူမှုဖူလုံရေးရန်ပုံငွေထားရှိခြင်း၊ လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အလုပ်သမားများတို့သည် ရန်ပုံငွေများသို့ မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးများအား ပေးသွင်းပါမည်။ (ဥပဒေအပိုဒ် ၁၅ အရ)

(ဂ) လူမှုဖူလုံရေးအတွက် မှတ်ပုံတင်ပြီး အာမခံထားရှိခြင်းနှင့် ထည့်ဝင်ကြေးများထည့်ဝင်ပါမည်။ (ဥပဒေအပိုဒ် ၁၈ အရ)

(ဃ) အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိသော အလုပ်သမားများအတွက် အလုပ်ရှင်များသည် မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်ပါမည်။ (ဥပဒေအပိုဒ် ၄၈ အရ)

(င) အလုပ်ရှင်သည် မှတ်တမ်းနှင့်စာရင်းများကို မှန်ကန်စွာပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်းတို့ကို လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေအပိုဒ် ၇၅ အရ)

၃.၃.၂၄။ မော်တော်ယာဉ် ဥပဒေ (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

မော်တော်ယာဉ် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မော်တော်ယာဉ် မှတ်ပုံတင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်း၊ ဆူညံသံ၊ အခိုးအငွေ့ အမှုန်အမွှားထွက်ရှိမှုများအား သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ခြင်းတို့ကို လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေအရ)

၃.၃.၂၅။ လျှပ်စစ်ဥပဒေ (၂၀၁၄)

လျှပ်စစ်ဥပဒေ (၂၀၁၄)တွင် ပြဋ္ဌာန်းထားသော ပုဒ်မ ၄၅၊ ၄၇၊ ၅၂ နှင့် ၅၃ တို့အား စီမံကိန်းဆောင်ရွက်သူမှ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပုဒ်မ ၄၅။ ခွင့်ပြုမိန့်ရရှိသူ မည်သူမျှခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကိုမျှ လုပ်ကိုင် ဆောင်ရွက်ခြင်း မပြုရ။

ပုဒ်မ ၄၇။ မည်သူမျှလျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ် ခြင်း၊ ဆက်သွယ်အသုံးပြုခြင်း မပြုရ။

ပုဒ်မ ၅၂။ ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန်းတီးခြင်း၊ အသုံးပြုခြင်း မပြုရ။

ပုဒ်မ ၅၃။ မည်သူမျှလျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်း တစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်း ကိရိယာများကို ဖျက်ဆီးခြင်း မပြုရ။

၃.၃.၂၆။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)

စီမံကိန်းပိုင်ရှင်သည်-

(က)ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၉ အရ)

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူမှုပို့ဆောင်မှုနှင့် ထားသိုမှုတို့နှင့်ပတ်သက်သည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေအပိုဒ် ၁၀ အရ)

၃.၃.၂၇။ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ (ဥပဒေအပိုဒ် ၂၅ အရ)

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့်ရရှိသူနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာအကောင်အထည်အမျိုးမျိုးဖော် ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက် ပါမည်။ (ဥပဒေအပိုဒ် ၁၆ အရ)

၃.၃.၂၈။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)

စီမံကိန်းပိုင်ရှင်သည်-

(က) သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို စတင်လုပ်ကိုင်ခြင်း မပြုမီ လိုင်စင်ရရှိသူမှ လိုက်နာရန်သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၁၅ နှင့် ၁၆ တို့အရ)

(ခ) လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ လူနှင့်တိရစ္ဆာန်တို့ကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်ပါက လျော်ကြေးပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီအာမခံ ထားရှိပါမည်။ (ဥပဒေအပိုဒ် ၁၅ အရ)

(ဂ) မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင်ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကိုလည်း လိုက်နာပါမည်။ (ဥပဒေအပိုဒ် ၂၂အရ)

(ဃ) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်မပါရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုရန်ရှိပါက မှတ်ပုံတင်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ထပ်မံလျောက်ထားပါမည်။ (ဥပဒေအပိုဒ် ၂၃အရ)

(င) လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အန္တရာယ်ကို ထိန်းချုပ်ကာကွယ်ရန် နှင့် လျော့ပါးစေရန် သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေအပိုဒ် ၂၇ အရ)

၃.၃.၂၉။ ဓာတုနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေများ (၂၀၁၆)

စီမံကိန်းပိုင်ရှင်သည် ဓာတုနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေများအအတိုင်း လိုက်နာဆောင်ရွက်ပါမည်။

၃.၃.၃၀။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေး အတွက် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ဂ)သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင်ပြည်တွင်း ပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြား အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(ဃ)သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည် ထိန်းသိမ်းကာကွယ်ရန်၊

(c)ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့်လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်။

ပုဒ်မ (၁၃) ပုဒ်မခွဲ (က)။။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးနိုင်သမျှ လျော့ပါးရေး အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များနှင့်အညီ လုပ်ငန်းအစီအစဉ်များ ချမှတ်ပြီးအောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ် မကျရောက်မီသဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ၊

(၂) သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများ၊

(၃) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရောက်ရှိစေရန် ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ။

ပုဒ်မ (၁၃) ပုဒ်မခွဲ (ခ)။ ။ ပုဒ်မခွဲ (က)ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ နှင့် အမျိုးသမီးများ(အထူးသဖြင့် ကိုယ်ဝန်ဆောင် မိခင်များနှင့် သားသည်မိခင်များ)အား ဦးစားပေးပြီးကူညီ စောင့် ရှောက်ရမည်။

ပုဒ်မ (၁၃) ပုဒ်မခွဲ (ဂ)။ ။ ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူဂုဏ်သိက္ခာထိခိုက် စေမည့် ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန် ရှောင်ကြဉ်ရမည်။

ပုဒ်မ (၁၇)။။ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူများကို အရေးပေါ်ရှာဖွေ ကယ်ဆယ်ခြင်း၊

(ခ)ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ယာယီခိုလှုံရာ အဆောက်အအုံများတွင် နေရာချ ထားပေးခြင်း၊

(ဂ)စားရေရိက္ခာနှင့် ကယ်ဆယ်ရေး ပစ္စည်းများအရေးပေါ် ထောက်ပံ့ပေးခြင်း၊

(ဃ) အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရန် လိုအပ်မှုများအတွက် ဆန်းစစ်ချက်များပြုလုပ်ခြင်း၊

(င)သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ်ကွပ်ကဲရေးရုံးဖွင့်လှစ်ပြီး အနီးကပ် ကြီးကြပ် ကွပ်ကဲခြင်း၊

(စ)နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များဖွဲ့စည်း၍ ဒေသခံပြည်သူတို့အားအရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း နှင့်ကူးစက်ရောဂါများ မကျရောက်စေရေးအတွက် ကာကွယ် ခြင်း၊

(ဆ)ယာယီဆေးခန်းနှင့်ဆေးရုံများဖွင့်လှစ်၍ထိခိုက်ဒဏ်ရာရသူ နှင့် မကျန်းမာသူများအား ဆေးဝါး ကုသမှုပေးခြင်း၊

(ဇ)သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ)ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၃.၃.၃၁။ မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ(၁၉၃၀)

စီမံကိန်းပိုင်ရှင်သည် မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ ပုဒ်မ ၃ နှင့် ၆ တို့နှင့်အညီ လိုအပ်သည့် ခွင့်ပြုချက်များရယူ၍ သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်သွားပါမည်။

၃.၃.၃၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များ

ကျွန်ုပ်တို့သည် ဤစက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်များနှင့် သဘောတူညီချက်များကို လိုက်နာပါမည်။

ဇယား 9 ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊စာချုပ်များ၊ သဘောတူညီချက်များ

အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊	**လက်မှတ်ထိုး ရက်**	**အသက်ဝင်မည့်ရက်စွဲ**	**အဖွဲ့ဝင်ရက်စွဲ**	**ကော်ဘိနော် စတင်သည့်ရက်စွဲ**
ကုလသမဂ္ဂ မူဘောင်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်၊ နယူးယောက်၁၉၉၂ (UNFCCC)	၁၁-၆-၁၉၉၂	၂၅-၁၁-၁၉၉၄ (Ratification)		၄၁/၉၄ ဧ-၁၁-၁၉၉၄
အိုဇုန်းလွှာကာကွယ်ရေးအတွက် ဗီယင်နာညီလာခံ၊ ဗီယင်နာ, ၁၉၈၅		၂၄-၁၁-၁၉၉၃ (Ratification)	၂၂-၉-၁၉၉၄	၄၆/၉၃
အိုဇုန်းလွှာလျော့နည်းစေသောပစ္စည်းများဆိုင်ရာ မွန်ထရီရယ် ပရိုတိုကော, ၁၉၈၇		၂၄-၁၁-၁၉၉၃ (Ratification)	၂၂-၉-၁၉၉၄	၄၆/၉၃
အိုဇုန်းလွှာကို လျော့နည်းစေသောဒြပ်စင်များဆိုင်ရာ		၂၄-၁၁-၁၉၉၃ (Ratification)	၂၂-၉-၁၉၉၄	၄၆/၉၃

မွန်ထရီရယ် ပရိုတိုကောကို ပြင်ဆင်ရန် လန်ဒန်, ၁၉၉၀				
နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှု အာဆီယံ သဘောတူညီချက်	၁၀-၆-၂၀၀၂	၁၃-၃-၂၀၀၃ (Ratification)		၇/၂၀၀၃(၂၇-၂-၂၀၀၃)
အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ရွှေ့လျားမှုနှင့် ၎င်းတို့၏ စွန့်ပစ်မှုနယ်နိမိတ်ထိန်းချုပ်ရေးကိစ္စ အခြေခံသဘောတူစာချုပ်တွင် ပါဝင်သူများ		၆-၄-၂၀၁၅ (Ratification)		

၃.၃.၃၃။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)၏ သောက်သုံးရေ လမ်းညွှန်ချက်တန်ဖိုး (Geneva-၁၉၉၃)

သောက်သုံးရေတွင် သဘာဝအတိုင်းဖြစ်ပေါ်နေသော ဓာတုပစ္စည်းများ၏ ရင်းမြစ်များစွာ ရှိသည်။ သဘာဝအတိုင်းအရင်းအမြစ်ရေတွင် အော်ဂဲနစ်နှင့် အော်ဂဲနစ် ဓာတုပစ္စည်းများ အများအပြား ပါဝင်ပါသည်။ မူလရင်းမြစ်ရေသည် စီးဆင်းနေသော ကျောက်တုံးများနှင့် မြေဆီလွှာမှ ဆင်းသက်လာသည်။ နောက်ပိုင်းတွင် အပင်ထွက်ပစ္စည်း သို့မဟုတ် ရေညှိများနှင့် ရေသို့မဟုတ် အနည်အနှစ်များပေါ်တွင် ပေါက်ရောက်သော ရေညှိများနှင့် အခြားသော အဏုဇီဝပိုးမွှားများမှ ဆင်းသက်လာခြင်းဖြစ်သည်။ လမ်းညွှန်တန်ဖိုးများ သို့မဟုတ် လမ်းညွှန်ချက်တန်ဖိုး သတ်မှတ်ခြင်းအတွက် ထည့်သွင်းစဉ်းစားထားသော သဘာဝအတိုင်း ဖြစ်ပေါ်နေသော ဓာတုပစ္စည်း အများစုသည် ဇီဝရုပ်ကြွင်းများဖြစ်သည်။

ဇယား 10။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)၏ သောက်သုံးရေ လမ်းညွှန်ချက်တန်ဖိုး (Geneva-၁၉၉၃) ဇယား

လမ်းညွှန်ချက်အမျိုးအစား	ယူနစ်	**WHO** သောက်သုံးရေ လမ်းညွှန်ချက်တန်ဖိုး
pH	S.U	၆.၅ – ၈.၅
Colour	TCU	၁၅
Turbidity	NTU	၅
TDS	mg/l	၁၀၀၀
TSS	mg/l	၁၀၀၀
Iron	mg/l	၀.၃
Phosphate	mg/l	၅၀၀
Nitrate	mg/l	၅၀
Copper	mg/l	၂၀၀

၃.၃.၃၄။ အမျိုးသားမြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်း (၂၀၂၄)

စီမံကိန်းအနေဖြင့် မြေပေါ်ရေအရည်အသွေးနှင့်သက်ဆိုင်သော အမျိုးသားမြေပေါ်ရေ ဆိုင်ရာ အရည်အသွေးမြန်မာစံချိန်စံညွှန်း (၂၀၂၄) တွင် ပါဝင်သော သတ်မှတ် စံချိန်စံညွှန်းများကို ကိုးကားလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃.၃.၃၅။ ပို့ကုန် သွင်းကုန်ဥပဒေ (၂၀၁၂)

စက်ရုံပိုင်ရှင်သည်အောက်ပါဥပဒေအချက်များကိုလိုက်နာရမည်။

(က) မည်သူမျှ ကန့်သတ်တားမြစ် ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်း ခြင်းမပြုရ။(အပိုဒ် ၄.၅)

(ခ)မည်သူမျှ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်း မရှိဘဲ တင် ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း မပြုရ။(အပိုဒ် ၄.၆)

(ဂ) မည်သည့်ခွင့်ပြုချက် ရရှိသူမျှ ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ။(အပိုဒ် ၄.၆)

၃.၃.၃၆။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)

စီမံကိန်းအဆိုပြုသူ၏ ကုမ္ပဏီသည် အောက်ပါဥပဒေအချက်များကိုလိုက်နာဆောင်ရွက်ရမည်။

အပိုဒ်၄။ (က) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသောကုမ္ပဏီသည် အောက်ပါ အချက်များ ရှိရမည်-

(၁) အမည်၊

(၂) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊

(၃) ထုတ်ဝေသည့် အစုရှယ်ယာအနည်းဆုံးတစ်ခုရှိခြင်း (သို့ရာတွင်ခံဝန်ချက်အားဖြင့် တာဝန် ကန့် သတ်ထားသည့်ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ မတည်ငွေရင်းထားရှိရန် မလိုအပ်) ၊

(၄) ပါဝင်သူဦးရေ အနည်းဆုံးတစ်ဦး၊

(၅) အပိုဒ်ခွဲငယ် (၆) နှင့်အညီ အနည်းဆုံး ဒါရိုက်တာတစ်ဦးရှိရမည်ဖြစ်ပြီး ၎င်းသည် နိုင်ငံတော် အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦး၊

(၆) ကုမ္ပဏီသည်အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါက အနည်းဆုံး ဒါရိုက်တာ သုံးဦးရှိရ မည်ဖြစ်ပြီး ၎င်းတို့အနက်မှတစ်ဦးသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူ မြန်မာနိုင်ငံသား တစ်ဦးနှင့်

(၇) နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသည့် ရုံးခန်းလိပ်စာတစ်ခု။

(ခ) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအတွင်းရေးမှူး တစ်ဦးကို ခန့်အပ်နိုင်သည့်အပြင် အများသုံး ရုံးတံဆိပ် တစ်ခုလည်း ထားရှိနိုင်သည်။

ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် အခွင့်အာဏာများ

အပိုဒ်၅။ (က) ကုမ္ပဏီသည်-

(၁) ၎င်းတွင်ပါဝင်သူများ၏ အခွင့်အရေးနှင့် သီးခြားဖြစ်သော ကိုယ်ပိုင် အခွင့်အရေးများ ရှိသည့် တရားဝင် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းမပြုသရွေ့ အခွင့်အရေးများ၊ အခွင့်အာဏာများနှင့် အကျိုးခံစားခွင့်များ အပြည့်အဝ ဆက်လက် တည်ရှိ ရမည်။ ၎င်းအပြင်

(၂) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်တို့အရ နိုင်ငံတော်အတွင်း၌သော်လည်းကောင်း၊ ပြင်ပ၌သော်လည်းကောင်းအောက်ပါကိစ္စရပ်များအားဆောင်ရွက်နိုင်ခွင့်အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်သို့မဟုတ်ဆောင်ရွက်မှုတစ်ရပ်ရပ်လုပ်ကိုင်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ရန် တရားဝင် လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် အပြည့်အဝရှိသည်-

(ကက) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီတွင်အစုရှယ်ယာများအဖြစ်ပြောင်းလဲ နိုင်သော အခြား ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်း၊

(ခခ) ကုမ္ပဏီ၌ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ ပိုင်ဆိုင်နိုင်သည့် အော့ပ်ရှင် (option) များ ပေးခြင်း၊

(ဂဂ) ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင် အာမခံအကျိုးခံစားခွင့်တစ်ရပ်ပေးခြင်း၊

(ဃဃ) ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ကုမ္ပဏီတွင်ပါဝင်သူများအား ပစ္စည်းအနေဖြင့်သော်လည်း ကောင်း၊ အခြား နည်းဖြင့်သော်လည်းကောင်း ခွဲဝေပေးခြင်း။

(ခ) ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ အခွင့်အရေးများ၊ အခွင့်အာဏာများ သို့မဟုတ် အကျိုးခံစားခွင့်များကို ကန့်သတ်ထားရှိမှသာလျှင် ယင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ကုမ္ပဏီ ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိနိုင်သည်။

(ဂ) ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီ၏အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုအဖြစ်ရပ်တည်နိုင်ပြီး လက်အောက်ခံ ကုမ္ပဏီများစွာကို တည်ထောင်နိုင်သည့်အပြင် ယင်းတို့၏အစုရှယ်ယာများကိုလည်း ပိုင်ဆိုင်နိုင်သည်။

၃.၃.၃၇။ အမျိုးသားမြေအသုံးချမှုမူဝါဒ

အမျိုးသားမြေအသုံးချမှုမူဝါဒ၏ အခြေခံမူများမှာအောက်ပါအတိုင်းဖြစ်သည်။

ဥပဒေအပိုဒ် (၈) အမျိုးသား မြေအသုံးချမှု မူဝါဒ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

က။ ပြည်သူများ အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူလမ်းသမားများ၊ ဆင်းရဲသားများ၊တိုင်းရင်းသားလူမျိုးများနှင့်အမျိုးသမီးများ၏ မြေလုပ်ပိုင်ခွင့်ကို ဒေသခံအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့် အပေါ် ဥပဒေအရ အသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်၊

ခ။ လုပ်ထုံးလုပ်နည်းများ၏ ရှင်းလင်းလွယ်ကူခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တိုးတက်ဖြစ်ထွန်းခြင်းတို့ ပါဝင်စေခြင်းဖြင့် တရားဥပဒေ စိုးမိုးရေး နှင့်ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်တို့ကို မြှင့်တင်ရန်၊

ဂ။ ပြည်သူများက သတင်းအချက်အလက်များကို အလွတ်တကူရယူသုံးစွဲရေး၊ အပါအဝင် ထိရောက်သောမြေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေရန်၊

ဃ။ အမျိုးသားစားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မြေယာ၊ သားငါး၊ သစ်တောတို့နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များစီမံခန့်ခွဲရာတွင် လိုက်နာသင့်သည့် လမ်းညွှန်းချက်များ အပါအဝင် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးစံများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန်၊

င။ မြေအသုံးချမှုနှင့် မြေအရင်းအမြစ်များ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် ပြည်သူများ ပိုမိုပါဝင်ဆွေးနွေးခွင့်ပြုရန်၊

စ။ မြေစျေးကစားမှုအပါအဝင် မြေစီမံခန့်ခွဲရာတွင် ကြုံတွေ့ရသော ကိစ္စရပ်များကို ဖြေရှင်ရာ၌ မြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုခြင်း၊ ထိရောက်သော မြေခွန်ကောက်ခံမှု နည်းလမ်းသစ်များကဲ့သို့သော စျေးကွက်ကို အခြေခံသည့် နည်းလမ်းများကို ထိရောက်စွာ အသုံးပြုရန်၊

ဆ။ အမျိုးသားမြေအသုံးချမူဝါဒကိုပြောင်းလဲလျက်ရှိသောနိုင်ငံတော်၏ လူမှုစီးပွားရေး အခြေအနေလိုအပ်ချက်များအရ လိုအပ်သလို ပြန်လည်သုံးသပ်ပြင်ဆင်ရန်၊

ဇ။ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်းခြင်း၊ ပြန်လည် အစားထိုးဖြည့်ဆည်းပေးခြင်းနှင့် စစ်ဘေးစစ်ဒဏ်များကြောင့် ဖြစ်စေ၊ မတရားသိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိနေထိုင် လုပ်ကိုင်သောမြေကို စွန့်ခွာသွားရသူများနှင့် ဌာနကို ပြန်လာသူများ၏ တရားမျှတသော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်

စျ။ တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်ချက်များ သို့မဟုတ် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ငွေကြေးအကုန်အကျသက်သာသည့် မြေနှင့် သက်ဆိုင်သော အခြားအငြင်းပွားမှုများ ဖြေရှင်းရေး လုပ်ငန်းစဉ်များကို အလွယ်တကူရယူ အသုံးပြုနိုင်ရန်၊

၃.၃.၃၈။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)

စက်ရုံပိုင်ရှင်သည်အောက်ပါဥပဒေအချက်များကိုလိုက်နာရမည်။

ဥပဒေအပိုဒ် ၁၃။ လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဦးစီးဌာနကသတ်မှတ်ထားသောမှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) မှတ်ပုံတင်ထားသော မိမိလုပ်ငန်းအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရမည်၊

(ဃ) မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် စာရင်းဇယားများကို ဦးစီးဌာန ကသတ်မှတ်သည့်အတိုင်း စနစ်တကျပြည့်စုံစွာထားရှိ၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က တောင်းခံလာပါက တင်ပြရမည်၊

(င) ဦးစီးဌာန သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်သောပုဂ္ဂိုလ် သို့မဟုတ် စစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးလျှင် စစ်ဆေးခြင်းကို ခံယူရမည်၊

(စ) လုပ်ငန်းတည်နေရာ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းအမျိုးအမည်ပြောင်းလဲခြင်း၊ လုပ်ငန်းအချင်းချင်း ပေါင်းစပ်ခြင်းနှင့် လုပ်ငန်းခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဦးစီးဌာန၏ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်၊

(ဆ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဇ) တည်ဆဲဥပဒေများကိုလည်း လိုက်နာရမည်။

ဥပဒေအပိုဒ်၁၄။ လုပ်ငန်းရှင်သည် သက်ဆိုင်ရာအစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများထံမှ အောက်ပါ လိုအပ်ချက်များကို လျှောက်ထားနိုင်ခွင့်ရှိသည်-

(က) မိမိလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သောမြေ၊ ရေ၊ အား၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစသည်များ၊

(ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊

(ဂ) ပုံသေငွေရင်းနှင့် လှည့်ပတ်ငွေရင်းအတွက် ချေးငွေများ၊

(ဃ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် ပြည်တွင်း ပြည်ပ ကုန်ကြမ်း၊ စက်နှင့် စက်အရန်ပစ္စည်းများ၊

(င) ကုန်ပစ္စည်း ပိုမိုထုတ်လုပ်ရေးနှင့် ထုတ်ကုန်ပစ္စည်းများအရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ပြည်တွင်းပြည်ပနည်းပညာများ။

ဥပဒေအပိုဒ် ၁၅။ လုပ်ငန်းရှင်သည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခွင့်ရှိသည်-

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားမှကျွမ်းကျင်သူများနှင့်အတတ်ပညာရှင်များကို ခန့်ထားခြင်း၊

(ခ) လုပ်ငန်းအမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်ခြင်းတို့ကို သတ်မှတ်သည့်နည်းလမ်းအတိုင်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း

ဥပဒေအပိုဒ် ၂၆။ မည်သူမျှ အပိုဒ် ၄ ပါ ပုဂ္ဂလိက စက်မှုလုပ်ငန်းကို ဤဥပဒေအရ မှတ်ပုံတင်မရရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

ဥပဒေအပိုဒ် ၂၇။ လုပ်ငန်းရှင်သည်-

(က) မိမိထုတ်လုပ်သော ကုန်ပစ္စည်းကို ဖြန့်ဖြူးရောင်းချရာတွင် ကုန်အမှတ်တံဆိပ်မပါဘဲ ရောင်းချခြင်း မပြုလုပ်ရ၊

(ခ) အပိုဒ် ၁၃ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုလုပ်ရ၊

(ဂ) ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

၃.၃.၃၉။ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာ ပင်မလုပ်ငန်းအစီအစဉ် ချမှတ်ခြင်း(၂၀၂၀)

လက်ရှိကာလမြန်မာနိုင်ငံ၏ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်အား စနစ်တကျပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် လမ်းညွှန်ချက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းစဉ်းစားလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စီမံကိန်းအကြောင်းအရာဖော်ပြချက်

၄.၁။ လုပ်ငန်း၏တည်နေရာ

Longmen Company Limited သည် ကွင်းအမှတ် (ဒီ)၊ ဦးပိုင်အမှတ်(ဒီ-၃/၁(က))၊ ၆၂ လမ်း၊ စက်မှုပန်းခြံလမ်း၊ ၁၂၄ လမ်းနှင့် ၁၂၅ လမ်းကြား၊ (c) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသောစုစုပေါင်းမြေဧရိယာ (စီမံကိန်းဧရိယာ) ၁.၂၅ ဧကအား ငှားရမ်းအသုံးပြု၍ လုပ်ကိုင် ဆောင်ရွက်ခြင်း ဖြစ်သည်။ စက်ရုံဧရိယာ အတွင်းတွင် ရုံးခန်း၊ ထုတ်လုပ်ရေးစက်ရုံ၊ လုံခြုံရေးဂိတ်၊ ကုန်ကြမ်း သိုလှောင်ရာနေရာ၊ စားသောက်ဆောင်နှင့် ကုန်ပစ္စည်းသိုလှောင်ရာနေရာတို့ ပါဝင်ဖွဲ့စည်း တည်ဆောက် ထားပါသည်။ စက်ရုံသည် အရှေ့လောင်ဂျီကျ21°54'31.78"Nနှင် မြောက်လတ္တီကျ 96°6'29.73"E တွင် တည်ရှိသည်။ စက်ရုံတည်ဆောက်ထားသော နေရာသည် စက်မှုဇုန်ဧရိယာထဲတွင်ရှိသောကြောင့် အနီးဝန်းကျင်တွင်လည်း အခြားစက်ရုံများတည်ရှိသည်။ Longmen Company Limited ၏ စက်ရုံတည်နေရာကို ပုံ(၁)တွင်ဖော်ပြထားပါသည်။



ပုံ (1) Longmen Company Limited ၏ စက်ရုံတည်နေရာပြမြေပုံ





ပုံ (2) စက်ရုံတည်ရှိရာနေရာနှင့် အနီးဝန်းကျင်ပြမြေပုံ

၄.၂။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ဇယား

Longmen Company Limited သည် ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်သည့် လုပ်ငန်းအား ၂၀၁၅ ခုနှစ်ကတည်းက လုပ်ငန်းအား စတင်လည်ပတ်ခဲ့ပါသည်။ အဆိုပြုလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုခွင့်ပြုမိန့်အား ၂၀၂၄ခုနှစ်တွင် လျှောက်ထားခဲ့ပြီး၊ တည်ဆောက်ပြင်ဆင်မှု ကာလ(၁)နှစ်ရရှိထားကာ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုကာလမှာ (၁၀) နှစ် သက်တမ်း ဖြစ်သည်။ စီမံကိန်းပိတ်သိမ်း ဆောင်ရွက်ချက်များအား (၃)လမှ (၆)လအတွင်း အပြီးအစီးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလဇယားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဇယား 11 ။ Longmen Company Limited ၏စီမံကိန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလဇယား

ဆောင်ရွက်မည့် လုပ်ငန်းကာလ	၂၀၁၄ ခုနှစ်မှ ၂၀၁၅	၂၀၂၅ ခုနှစ်မှ ၂၀၃၅ ခုနှစ်	၂၀၃၅ခုနှစ်နောက်ပိုင်း
ဆောက်လုပ်ခြင်း	၁နှစ်		
လုပ်ငန်းလည်ပတ်ခြင်း		၁၀နှစ်(သက်တမ်းတိုး)	
ဖျက်သိမ်းခြင်း			၈လ

Longmen Company Limited ၏ အဆောက်အဦးအရေအတွက်နှင့် အရွယ်အစားကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။ စီမံကိန်းဧရိယာမှာ (၁.၅၆) ကေဖြစ်ပြီး ရုံးခန်း၊ ထုတ်လုပ်ရေးစက်ရုံ၊ လုံခြုံရေးဂိတ်၊ ကုန်ကြမ်းသိုလှောင်ရာနေရာ၊ ဝန်ထမ်းစားသောက်ဆောင်နှင့် ကုန်ပစ္စည်းသိုလှောင်သည့်နေရာတို့ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားပါသည်။ စက်ရုံဝင်းအတွင်းတွင် ဖွဲ့စည်းတည်ဆောက်ပုံစံများ အဆောက်အဦးများတည်ဆောက်ထားပုံကို အောက်တွင်ဖော်ပြထားပါသည်။

၂
၁
၆
၃
၄
၅



ပုံ (3) Longmen Company Limited ၏ layout Plan

ဇယား 12 ။ Longmen Company Limited ၏ စက်ရုံတွင်းအဆောက်အဦးစာရင်း

အဆောက်အဦး အမှတ်စဉ်	အဆောက်အဦးအရွယ်အစား	လုပ်ငန်းစဉ်နေရာ	အရေ အတွက်
၁	၁ထပ် (၁၉၉×၆၅) ပေ	(ထုတ်လုပ်ရေး)(ကုန်ချောသိုလှောင်နေရာ)	၁လုံး
၂	၁ထပ် (၁၆၅×၆၅) ပေ	(ထုတ်လုပ်ရေး) ကုန်ကြမ်းသိုလှောင်နေရာ	၁လုံး
၃	၁ထပ် (၁၂၅×၄၅) ပေ	ကုန်ကြမ်းသိုလှောင်နေရာ	၁ လုံး
၄	၂ထပ်(၁၃၅× ၄၀) ပေ	လုပ်ငန်းသုံးရုံးခန်း	၁လုံး
၅	၂ ထပ် (၇၆×၃၅) ပေ	ဝန်ထမ်းအဆောင်	၁လုံး

၄.၃။ စက်ရုံ၏ တည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များ

စက်ရုံတည်ဆောက်မှုမတိုင်မီလုပ်ငန်းများ၊ ပင်မတည်ဆောက်မှု လုပ်ငန်းများ၊ လုပ်ငန်းလည်ပတ်ကာလ ကဲ့သို့သော ပရောဂျက်၏ လုပ်ဆောင်မှုအဆင့်ဆင့်အရ လက်ရှိနေရာအား ပတ်ဝန်းကျင်နှင့်အကောင်းဆုံးလိုက်လျောညီထွေဖြစ်အောင် တွက်ချက်စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဇယား 13။ ပရောဂျက်၏ တည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်း ၏လုပ်ငန်းစဉ်များ

အကြိုတည်ဆောက်ရေးလုပ်ငန်းစဉ်	မြေတူးဖော်၍ အောက်ခြေခံကွန်ကရစ်တိုင်လောင်းခြင်း။ ပင်မအဆောက်အဦးတိုင်တပ်ဆင်တည်ဆောက်ခြင်း။ ဂဟေဆက်ခြင်း။ ခြံဝင်းတံတိုင်းတည်ဆောက်ခြင်း။
အဓိကဆောက်လုပ်ရေးလုပ်ငန်းစဉ်	ကွန်ကရစ်ခင်းခြင်းနှင့် အမိုးတပ်ဆင်ခြင်း
လုပ်ငန်းလည်ပတ်ရန်ပြင်ဆင်ခြင်း	စက်ယန္တယားနှင့် လျှပ်စစ်မီး တပ်ဆင်ခြင်း။ အဝီစိရေ (မြေအောက်ရေ)တူးဖော်ခြင်း၊

	ရေပိုက်လိုင်းတပ်ဆင်ခြင်း၊ စက်ပစ္စည်းများအတွက်တပ်ဆင်ပြီး နေရာသတ်မှတ်ခြင်း
ဖျက်သိမ်းခြင်း။ အပြီးပိတ်သိမ်းချိန်နှင့် အပြီးပိတ်သိမ်းချိန်လွန်ကာလ	စက်ရုံကြမ်းပြင်နှင့်ရေမြောင်းများအားလုံးကို သန့်ရှင်းရေးလုပ်ခြင်း။ အဆောက်အဦးအတွက် မလိုအပ်တည်ဆောက်မှုတွေကို ဖျက်သိမ်းခြင်း။ ကုန်ကြမ်း၊ကုန်ချောများကိုပြန်လည်ဖြန့်ဖြူးခြင်း၊ရောင်းချသူ ထံ အပြီးပြန်လည်အပ်နှံခြင်း သို့မဟုတ် စွန့်ပစ်ခြင်းအတွက် ဆက်စပ်ပစ္စည်းများ၊ ဆီများ သို့မဟုတ် အခြားပစ္စည်းများကို ဖယ်ရှားခြင်း၊ ထပ်တိုးတည်ဆောက်မှုရှိသော အဆောက်အဦ များနှင့် စက်ကိရိယာများကို ဖျက်သိမ်းခြင်း။ - ယာယီရုံးများ သို့မဟုတ် သိုလှောင်ရာနေရာများကို နေရာမှ ဖယ်ရှားခြင်း။ - ထရန်စဖော်မာကို ဝန်ဆောင်မှုမှ ဖယ်ရှားခြင်း - ဘွိုင်လာအိုးများကို နေရာမှ ဖြုတ်သိမ်းခြင်း။

၄.၄။ ထုတ်လုပ်မှုလုပ်ငန်းစဉ်

၄.၄.၁။ ဆပ်ပြာမှုန့် ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်

Longmen Company Limited၏ စက်ရုံသည် ဆပ်ပြာမှုန့်နှင့်ဆပ်ပြာခရင်(မ်)ထုတ်လုပ်သည့် စက်ရုံဖြစ်ပါသည်။ ထုတ်ကုန် ၁၀၀ ရာခိုင်နှုန်းအား ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ဆပ်ပြာမှုန့် ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းများအား Elevator ဖြင့် မတင်၍ ဝန်ထမ်းအင်အား(Men Power) ဖြင့် ပတ်တားရွေ့လျားလိုင်းဖြင့် ပေးပို့ခြင်း၊ ရောနှေမွှေစက်ဖြင့် မွှေခြင်း၊ ဇလားကန် များသို့ထည့်ခြင်း၊ ပါကင်ပိတ်ခြင်း၊ အလေးချိန်စစ်ဆေးခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို အောက်ပါပုံတွင် ဖော်ပြထားပါသည်။



ပုံ (4) Longmen Company Limited ၏ ဆပ်ပြာအမှုန့်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်များ

(က) ကုန်ကြမ်းသိုလှောင်ခြင်း

ဆပ်ပြာမှုန့်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် အဓိကလိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ဆပ်ပြာအမှုန့်များအား ပြည်ပ(တရုတ်နိုင်ငံ)မှ ရယူမည်ဖြစ်ပြီး အဆိုပါ ကုန်ကြမ်းဆပ်ပြာမှုန့် (၅,၇၀၀)တန်အား ကုန်ကြမ်းသိုလှောင်ရုံတွင် စနစ်တကျ သိုလှောင်သိမ်းဆည်းထားပါသည်။ ဆပ်ပြာမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံမှရယူထားသည့် ကုန်ကြမ်းဆပ်ပြာမှုန့်တွင် အမွှေးဆီဖျန်းခြင်းလုပ်ငန်းစဉ်ကို သာဆောင်ရွက်ပါသည်။ ဤဌာန၏ အဓိကတာဝန်မှာ ဆပ်ပြာမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းအားလုံးကို သိုလှောင်ရန် ဖြစ်သည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ် ချောမွေ့စေရန် ကုန်ကြမ်းဌာနသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပါသည်။

(ခ)ပတ်တားလိုင်းဖြင့်ပေးပို့ခြင်း

ဤအဆင့်သည် ကုန်ကြမ်းပစ္စည်းဖြစ်သည့် ဆပ်ပြာမှုန့်များအား Elevator ဖြင့်မတင်၍ Men Power ဖြင့် ပတ်တားလိုင်း (Belt Conveyor) ပေးပို့လာသည့် ဆပ်ပြာမှုန့် ကုန်ကြမ်းများအား ရောနှောမွှေစက် (Agitation Mill) သို့ စနစ်တကျပို့ဆောင်ခြင်းဖြစ်ပါသည်။ ပတ်တားလိုင်း (Belt Conveyor) ဖြင့် ကုန်ကြမ်းပစ္စည်းများအား ပေးပို့ခြင်းဖြင့် လုပ်သားအင်အားကို လျော့ချနိုင်ပြီး ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်အား လျှင်မြန်လွယ်ကူစေပါသည်။

(ဂ) ရောနှောမွှေစက်ဖြင့် မွှေခြင်း

ပတ်တားလိုင်း (Belt Conveyor) ဖြင့်ပေးပို့လာသည့် ကုန်ကြမ်းဆပ်ပြာမှုန့်များအား အမွှေးဆီများဖြင့် ရောစပ်၍ Agitation Mill ဖြင့် မွှေပြီး ဇလားကန်များသို့ ထည့်သွင်းပါသည်။ အဆိုပါရရှိလာသည့် ကုန်ချောများအား အိတ်ထုတ်စက်များဆီသို့ ပေးပို့ခြင်း၊ အိတ်ထုတ်စက်များမှ ထွက်ရှိလာသည့် ဆပ်ပြာမှုန့်အိတ်များအား ပါကင်ပိတ်ခြင်း၊ အလေးချိန် စစ်ဆေးချိန်တွယ်ခြင်းများ ပြုလုပ်ပြီး ကုန်ချောသိုလှောင်ရုံသို့ပေးပို့ခြင်းကိုဆောင်ရွက်ပါသည်။

ပုံ(၄) Longmen Company Limited ၏ ဆပ်ပြာအမှုန့်ထုတ်ကုန်များ



ပုံ (၅) Longmen Company Limited ၏ ဆပ်ပြာခရင်(မ်)ထုတ်လုပ်မှုလုပ်ငန်းအဆင့်များ

၄.၄.၂။ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်

Longmen Company Limited ၏စက်ရုံသည် ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်သည့် စက်ရုံဖြစ်ပါသည်။ ထုတ်ကုန် ၁၀၀ ရာခိုင်နှုန်းအားပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။ ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အနေဖြင့် ဆပ်ပြာအမှုန့်(အမွှေးဆီရောပြီး)

ကုန်ကြမ်းများအား Elevator ဖြင့်မတင်၍ Men Power ဖြင့် ပတ်တားလိုင်းဖြင့် ပေးပို့ခြင်း၊ အခဲချေစက်ဖြင့်ချေခြင်း၊ဆားဖျော်ရည်(ဆိုဒီယမ်ကလိုရိုဒ်)ရောရ၍ ရောနှေမွေစက်ဖြင့်မွှေခြင်း၊ ခရင်(မ်)ပန့်မှတစ်ဆင့် ခရင်(မ်)ဘားများသို့ ပေးပို့ခြင်း၊ ပါကင်ပိတ်၍ (၇) ရက် QC စောင့်ကြည့်ခြင်း၊ Logestic ပြုလုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို အောက်ပါပုံတွင် ဖော်ပြထားပါသည်။

(က) ကုန်ကြမ်းသိုလှောင်ခြင်း

ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ကုန်ကြမ်းဖြစ်သည့် ဆပ်ပြာအမှုန့်များ Longmen company Limited ထုတ်လုပ်ထားသည့် အမွှေးဆီရောပြီး ဆပ်ပြာမှုန့် ကုန်ကြမ်းများကိုသာပြန်လည်အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါ ကုန်ကြမ်း (၄,၃၀၀) တန်အား ကုန်ကြမ်းသိုလှောင်ရုံတွင်စနစ်တကျသိုလှောင်သိမ်းဆည်းထားပါသည်။ ဤဌာန၏အဓိကတာဝန်မှာဆပ်ပြာမှုန့် ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းအားလုံးကို သိုလှောင်ရန်ဖြစ်သည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ် ချောမွေ့စေရန် ကုန်ကြမ်းဌာနသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

(ခ) အခဲချေစက် (Crusher)

ဤအဆင့်တွင် အမွှေးဆီရောပြီး ဆပ်ပြာမှုန့် ကုန်ကြမ်းများကို Elevator ဖြင့်မတင်၍ Men Power ဖြင့် ပတ်တားလိုင်း (Belt Conveyor) မှ တစ်ဆင့်ပေးပို့လာသည့် ဆပ်ပြာမှုန့် ကုန်ကြမ်းများအား ကြေညက်သွားအောင် အခဲချေစက်ကို အသုံးပြု၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(ဂ)ရောနှောမွေစက်ဖြင့် မွှေခြင်း

အခဲချေစက်ဖြင့် အမှုန့်ကြိတ်ပြီးသား ဆပ်ပြာမှုန့်များအား ဆားဖျော်ရည်ဖြင့် ရောစပ်၍ Agitation Millဖြင့် မွှေပြီးရရှိလာသည့် ဆပ်ပြာခရင်(မ်)များကို ခရင်(မ်)ပန့်မှတစ်ဆင့် ခရင်(မ်)ဘား

များသို့ပေးပို့ခြင်းကိုဆောင်ရွက်ပါသည်။ အဆိုပါရရှိလာသည့် ဆပ်ပြာခရင်(မ်)များအား ပါကင်ပိတ်၍ဆပ်ပြာခရင်(မ်)များ အရည်ပျော်ခြင်းနှင့် အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ သိရှိစေရန် (၇) ရက်ကြာ QC စောင့်ကြည့်ပါသည်။ ရရှိလာသည့် အရည်အသွေးပြည့်မီသည့် ဆပ်ပြာခရင်(မ်)များအား ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်ပါသည်။

ပုံ (၅) Longmen Company Limited ၏ ဆပ်ပြာခရင်(မ်)ထုတ်ကုန်များ

၄.၅။ ကုန်ကြမ်းပစ္စည်းများဖော်ပြချက်

စီမံကိန်းအတွက် အဓိကကုန်ကြမ်းဖြစ်သည့်ဆပ်ပြာမှုန့်အား ပြည်ပ(တရုတ်)နိုင်ငံမှမှာယူပြီး ရန်ကုန်တိုင်းဒေသကြီးဆိပ်ကမ်းမှ တဆင့်ကုန်တင်ကားများဖြင့် စက်ရုံသို့ တိုက်ရိုက်သွင်းယူပါသည်။ ဆပ်ပြာအမှုန့်နှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများအား အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ အောက်ဖော်ပြပါ ကုန်ကြမ်း

အမျိုးအစားများမှာ တရုတ် နိုင်ငံမှတင်သွင်းသည့် ကုန်ကြမ်းဆပ်ပြာအမှုန့်တွင် ပါဝင်သည့် ကုန်ကြမ်းပစ္စည်းအမျိုးအစားသာဖြစ်ပါသည်။ Longmen Company ၏ ဆပ်ပြာမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် ကုန်ကြမ်းအဖြစ် အမွှေးဆီအား အသုံးပြုခြင်း၊ ဆပ်ပြာခရင်(မ်) ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် ကုန်ကြမ်းအဖြစ် ဆားဖျော်ရည် (Sodium Bicarbonate and Sodium Chloride) ကိုသာ အသုံးပြုပါသည်။ ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုကုန်ကြမ်းများအအား Material safety Data Sheet (MSDS)ပါ လမ်းညွှန်ချက်များအတိုင်း ထားရှိပြီး ပါဝင်ပစ္စည်းများ၏ Material safety Data Sheet (MSDS)များကို နောက်ဆက်တွဲ (၃) တွင်ဖော်ပြထားပါသည်။ တရုတ် နိုင်ငံမှတင်သွင်းသည့် ကုန်ကြမ်း ဆပ်ပြာအမှုန့်တွင် ပါဝင်သည့် ကုန်ကြမ်းပစ္စည်းအမျိုးအစားအား အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ပုံ (5) ဆပ်ပြာအမှုန့်နှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများထားရှိသောနေရာ

ဇယား 14။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်ခြင်းအတွက် လိုအပ်သည့်ကုန်ကြမ်း အမျိုးအစားများ

စဉ်	Item Name	Use Ton of One year	Price (USD)	အသုံးဝင်ပုံ
၁	CLEANING AGENT (RAW FOR INDUSTRY)	6,000	100	ဆပ်ပြာမှုန့်ကုန်ကြမ်း
၂	BLEACHING AGENT (EARTH) (RAW FOR INDUSTRY)	500	400	အရောင်ချွတ်ဆေး (Cream)
၃	LINEAR ALKYL BENZENE SULFONIC ACID (LABSA)	1,000	417	မဲနေတာ/ချေး ချွတ်ဆေး (Cream)
၄	SODA ASH LIGHT (WASHING SODA)	1,000	194	ချဲအောင်သုံးတာ
၅	SODIUM HYDROXIDE (CAUSTIC SODA FLAKES)	1,500	400	ချေး ချွတ်ဆေး(ဆပ်ပြာမှုန့်မှာ သုံးတာ)
၆	SODIUM LAURYL ETHER SULPHATE (SLES/AES)	1,000	210	အမြှုပ်ထွက် ချေးလည်းချွတ်တယ်
၇	SODIUM SULPHATE 90%	600	69	ကာလာစေ့ (ဆပ်ပြာမှုန့်မှာ သုံးတာ)
၈	SODIUM SILICATE	300	530	ဆပ်ပြာချဲအောင်လုပ်တာ
၉	SODIUM LAURYL SULFATE (SULPHATE)(SIS)	1,000	420	အမြှုပ်ထွက်
၁၀	SODIUM SULPHATE (SULPHIDE)	1,000	220	ရေဆေးရင်ပြောင်လွယ်အောင်
၁၁	SAPONATED CRESOL SOLUTION (CRESOL SOAP SOLUTION)	500	400	ရေသန့်ဇင် (Cream)
၁၂	SODIUM BICARBONATE	500	194	ဆား/ Soda ဆပ်ပြာ - အနံ့အသက် ပျောက်စေသည်
၁၃	SODIUM BISULFITE	200	650	ဆား/ Soda ဆပ်ပြာ -အနံ့ အသက် ပျောက်စေသည်

စဉ်	Item Name	Use Ton of One year	Price (USD)	အသုံးဝင်ပုံ
၁၄	PLASTIC BAG (PLAIN/PRINTED)	1,500	250	Inner Bags
၁၅	PP WOVEN BAG (PLAIN/PRINTED)	1,500	690	Outer Bags
၁၆	PLASTIC RESIN	1,000	500	Injection & Blow (ဆပ်ပြာဘူးခွံ နှင့် ပုံးခွံ)
၁၇	PHOSPHORIC ACID	150	540	လုပ်ငန်းသုံး စက်ပစ္စည်း သံချေးချွတ်ရန်
၁၈	SOAP POWDER	200	320	ဆပ်ပြာမာအောင်လုပ်တာ
၁၉	SODIUM TRIPOLYPHOSPHATE	300	240	ချေးချွတ်အား ကောင်းစေတယ်/ အနည်ထိုင်စေတယ်
၂၀	SODIUM CHLORIDE	200	230	ဓာတုဆား
၂၁	SODIUM CARBOXYMETHYL CELLULOSE (CMC)	150	940	အသားအေး စေတယ်
၂၂	SOAP NOODLE	300	870	ဆပ်ပြာခဲပြုလုပ်ရာတွင် သုံးသောကုန်ကြမ်း
၂၃	SULFUR	300	200	အရေးပြာယာယံခြင်းမဖြစ်အောင်ကာကွယ်သည့်ပစ္စည်း
၂၄	GLYCERINE	300	610	အလှဆီ
၂၅	PALM KERNEL OIL	500	720	အစိုဓာတ်ထိန်းညှိပေး/သန့်စင်ချောမွေ့စေ
	Total	21,500	10,315	

၄.၆။ ထုတ်ကုန်များဖော်ပြချက်

Longmen Company Limited ၏ အဓိကထုတ်ကုန်များဖြစ်သည့် ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခဲရင်(မ်)များအား ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။ ပထမ (၁)နှစ် မှ (၁၀) နှစ်တွင် ဆပ်ပြာအမှုန့် (၁၉၅၆၅) တန်နှင့် ဆပ်ပြာခဲရင်(မ်) (၅၁၈၄) တန် စုစုပေါင်း (၁၆၂၅) တန်အား ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ Longmen Company Limited ၏ နှစ်အလိုက် ထုတ်လုပ်မှုနှုန်းကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

ဇယား 15။ Longmen Company Limited ၏ နှစ်အလိုက် ကုန်ချောထုတ်လုပ်မှုဇယား (၁၀ နှစ်အတွက်)

စဉ်	ခုနှစ်	ပစ္စည်းအမျိုးအမည်	
		Detergent Powder (Ton)	Detergent Cream (Ton)
1	2024	1,277	348
2	2025	1,708	470
3	2026	2,305	634
4	2027	3,142	856
5	2028	4,167	1,156
6	2029	5,684	1,561
7	2030	7,757	2,107
8	2031	10,491	2,845
9	2032	14,325	3,840
10	2033	19,565	5,184

Products Items

Longmen Products
(Jasmine , Dishwash ,
smalless) All size

Pink Products

(Pink Powder, Cream, Lin)

Detergent Powder
1 Pink
2 Longmen
(Jasmine, smalless)

Detergent Cream
1. Pink

Dishwash
1. Longmen

၄.၇။ စက်ပစ္စည်းနှင့် လုပ်ငန်းသုံးကိရိယာပစ္စည်းစာရင်း

စက်ရုံတွင် အသုံးပြုမည့် စက်ပစ္စည်းနှင့် လုပ်ငန်းသုံးကိရိယာများကို ပြည်တွင်းမှ ဝယ်ယူ၍ တပ်ဆင် အသုံးပြုခြင်းဖြစ်သည်။ Longmen Company Limited တွင် အသုံးပြုသည့် စက်ကိရိယာနှင့် စက်ပစ္စည်းစာရင်းများကို နောက်ဆက်တွဲ (၄)တွင် ဖော်ပြထားသည်။

၄.၈။ စွမ်းအင်သုံးစွဲမှု

Longmen Company Limitedမှ လျှပ်စစ်ဓာတ်အား မြန်မာ့လျှပ်စစ်ဓာတ်အားပေးလိုင်းမှ ချိတ်ဆက်အသုံးပြုသည်။ အဆိုပါစက်ရုံတွင် ၃၅၀ KVA ထရန်စဖော်မာ(၁) လုံးနှင့် ၃၁၅ KVA

ဒီဇယ်အင်ဂျင် လျှပ်စစ်ထုတ်စက်(၁) လုံး တို့ကို တပ်ဆင် အသုံးပြုသွားမည်ဖြစ်သည်။ စက်ရုံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည်တစ်နှစ်လျှင်(၂၉၅,၂၀၀)ကီလိုဝပ်နာရီဖြစ်သည်။ လျှပ်စစ်သွယ်တန်း သုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံချက်နှင့် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဌာနမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း ထောက်ခံချက်များအား ရရှိထားပြီး နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။ သုံးစွဲမှုဒီဇယ် မီးစက်အတွက် ဒီဇယ်လောင်စာအားပြင်ပရောင်းချသူထံမှဝယ်ယူအသုံးပြုခြင်းသည်။ လောင်စာဆီများကို သံတိုင်ကီများဖြင့် ပတ်ဝန်းကျင်သို့ ယိုဖိတ်မှု မရှိစေရန် အောက်တွင်သဲခင်း၍ သော်လည်းကောင်းအောက်ခံခွက်ထားရှိ၍ လည်းကောင်း ထားရှိမည်ဖြစ်သည်။ ဒီဇယ်ဆီသုံးစွဲနိုင်မှု ခန့်မှန်းပမာဏမှာ တစ်ရက်လျှင် ၁၅ ဂါလံ ဖြစ်သည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ဘွိုင်လာ သုံးစွဲမှုမရှိပါ။

ပုံ(6) ဒီဇယ်မီးစက်နှင့် အရေးပေါ်သုံးအရံလောင်စာဆီထားရှိမှု

၄.၉။ ရေသုံးစွဲမှု

Longmen Company Limited ၏ ရေသုံးစွဲမှုသည် မော်တာအင်ဂျင်စက်အသုံးပြု၍ ပေ(၃၀၀)အနက်မှ အချင်း၀က်(၄)လက်မရှိ PVCပိုက်အမျိုးအစား အသုံးပြုဖြင့်ထည့်သွင်းထားပြီး (၁၆၀၀ဂါလံ) ဆန့် ကွန်ကရစ်ရေကန် (၁) ကန်တွင် သိုလှောင်ထားရှိပါသည်။ ကွန်ကရစ်ရေကန်မှ အဝီစိရေအား ကုန်ချောထုတ်လုပ်သည့် စက်ရုံရှိ တမံတလင်းများအား ဆေးကြောခြင်း၊ လက်ဆေးခြင်း၊ ဝန်ထမ်းသန့်စင်ခန်း၊ မီးဖိုချောင်သုံးရေနှင့် အထွေထွေအသုံးပြုရေ အဖြစ်

အသုံးပြုပြီး တစ်ရက်လျှင် (၂၀၀) လီတာခန့်အသုံးပြုပါသည်။ ဝန်ထမ်း သောက်သုံးရေအား ထောက်ပံ့နိုင်ရန် တစ်နာရီလျှင်(၂၀၀)လီတာသန့်စင်ပေးနိုင်သည့် Reverse Osmosis (RO) ရေသန့်စက်အား တပ်ဆင်ဆောင်ရွက်ပေးထားပါသည်။ အရေးပေါ် မီးသတ်စနစ်တွင် သုံးစွဲရန် ရေ(၁,၆၀၀)ဂါလံ ဆန့် ကွန်ကရစ်ရေကန် (၂) ကန်တွင်လည်း အရန်သိုလှောင်ထားရှိသည်။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)များထုတ်လုပ် လည်ပတ်မှု အဆင့်များတွင် လုပ်ငန်းသုံးရေ သုံးစွဲမှုမရှိပါ။

ပုံ(7) ကွန်ကရစ်ရေကန်တစ်ခု (၁၆၀၀ ဂါလံ) ဖြင့်လည်းအရန် သိုလှောင်ထားပုံနှင့် ဝန်ထမ်း သောက်သုံးရေအား ထောက်ပံ့နိုင်ရန် Reverse Osmosis (RO) ရေသန့်စက်အား တပ်ဆင်ထားပုံ

၄.၁၇။လုပ်သားအင်အားနှင့် လုပ်ငန်းလည်ပတ်ချိန်

Longmen Company Limited ၏ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအား ဝန်ထမ်းအင်အား မှာ အမျိုးသား(၂၀)ဦး၊ အမျိုးသမီး(၆၀)ဦး၊ စုစုပေါင်း(၈၀)ဦးဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စက်ရုံမှ အလုပ်သမားများအတွက် အလုပ်ချိန်သည် တနလ်ာမှ သောကြာနေ့ထိ အလုပ်ချိန် (၈) နာရီ ဖြစ်ပါသည်။ Longmen Company Limited ၏ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်သည့် စက်ရုံအတွက် ဆက်လက်ခန့်ထားမည့်လုပ်သားအင်အားစာရင်းကအောက်ပါအတိုင်း ဖြစ်ပါသည်။ စက်ရုံ၏ လုပ်ငန်း လည်ပတ်ချိန်နာရီမှာ တစ်နှစ်တွင် (၂,၅၂၀) နာရီခန့်ဖြစ်ပါသည်။

၄.၁၈။ အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်မှုများ

လူသားအရင်းအမြစ်နှင့်အုပ်ချုပ်ရေး (HR) ဌာန၊ စာရင်းကိုင်၊ အရည်အသွေးစစ်ဆေးရေး (QC)၊ ပြုပြင်ထိန်းသိမ်းရေး၊ သိုလှောင်ဌာန(Warehouse)နှင့်ထုတ်လုပ်မှုဌာန (Production) စသည့် ဌာန ခြောက်ခု ရှိပြီး မန်နေးဂျင်းဒါရိုက်တာ၊ အထွေထွေမန်နေဂျာ၊စက်ရုံမှူး နှင့် ဌာနဆိုင်ရာ ခေါင်းဆောင်များက ဦးဆောင်၍ ကောင်းမွန်စွာလုပ်ငန်းလည်ပတ်နိုင်ရန် စုပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၄.၁၉။ စွန့်ပစ်အစိုင်အခဲထွက်ရှိမှုနှင့်ဆောင်ရွက်ချက်

ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်) ထုတ်လုပ်ခြင်း စက်ရုံသည် အဓိကအားဖြင့် ကုန်ကြမ်းများ သိုလှောင်ရာမှစက္ကူစ၊ပလပ်စတစ်အမျိုးမျိုး၊စက္ကူပုံးအလွတ်များ၊ အမွှေးဆီဖြန်းခြင်းမှ အမွှေးဆီပုံး အလွတ်များ၊ ရောနှောခြင်းလုပ်ငန်းစဉ်မှ အမှုန်အမွှားများ၊ထုတ်ပိုးခြင်းလုပ်ငန်းစဉ်မှ စက္ကူစ၊ ပလပ် စတစ်အိတ်ပျက်အမျိုးမျိုး၊ စက်ရုံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်မှ လျှပ်စစ်ပစ္စည်းပျက်များ၊ ဝါယာကြိုးဟောင်းများ၊ မီးသီး၊ မီးချောင်းပျက်များ၊ ဒီဇယ်အင်ဂျင် မီးစက်နှင့် ကုန်တင်ကား

အသုံးပြုမှုလုပ်ငန်းစဉ်မှ ဒီဇယ်ဆီဟောင်း၊ အင်ဂျင်ဝိုင်ဟောင်းများ၊ အင်ဂျင်ဝိုင်ဖူးများ၊ ဝန်ထမ်းစားသောက်ခန်း၊ ရုံးခန်းနှင့် သန့်စင်ခန်းများ အသုံးပြုခြင်းလုပ်ငန်းစဉ်မှ အစားအသောက် အကြွင်းအကျန်အမှိုက်၊ သန့်စင်ခန်းသုံးစွန့်ပစ်ပစ္စည်းများ၊ အမျိုးသမီးသုံးစွန့်ပစ်စွန့်ပစ်ပစ္စည်းများ၊ ရုံးသုံးစာရွက်၊စာရေးကိရိယာအဟောင်းအပျက်များထွက်ရှိနိုင်သည်။သို့သော်ပြန်လည်ရောင်းချ၍ရသည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ဝယ်ယူစုဆောင်းသူထံ ပြန်လည်ရောင်းချခြင်း၊ ဘေးအန္တရာယ်ရှိ စွန်ပစ်ပစ္စည်းများ(လျှပ်စစ်ပစ္စည်းပျက်များ၊ ဝါယာကြိုး ဟောင်းများ၊ မီးသီး၊ မီးခြောင်းပျက်များ) အား ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် သီးခြားထုတ်ပိုး၍ ခွဲခြားစုဆောင်းထားပြီး မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်ဖြင့် သတ်မှတ်ထားသည့် နေရာတွင် စွန့်ပစ်ရန် စီစဉ်ထားရှိသည်။ အောက်ဖော်ပြပါ ဇယားသည် ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုလုံးမှ စွန့်ပစ်ပစ္စည်းများ ထွက်ရှိနိုင်မှုကို ဖော်ပြထားသည်။

ဇယား 16။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်းမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်း ပမာဏ

လုပ်ငန်းစဉ်	စွန့်ပစ်ပစ္စည်း	တနှစ်ထွက်ရှိမှုပမာဏ
ကုန်ကြမ်းသိုလှောင်ခြင်း	စက္ကူစု၊ ပလပ်စတစ်အမျိုးမျိုး၊ စက္ကူပုံးအလွတ်များ	၁၀၀ ကီလိုဂရမ်
အမွှေးဆီဖြန်းခြင်း	အမွှေးဆီပုံး အလွတ်များ	၅၀၀ကီလိုဂရမ်
ထုတ်ပိုးခြင်း	စက္ကူစု၊ ပလပ်စတစ် အိတ်ပျက်အမျိုးမျိုး	
စက်ရုံပြုပြင်ထိန်းသိမ်းခြင်း	လျှပ်စစ်ပစ္စည်းပျက်များ၊ ဝါယာကြိုး ဟောင်းများ၊ မီးသီး၊ မီးခြောင်းပျက်များ	၁၀ကီလိုဂရမ်
ဒီဇယ်အင်ဂျင်မီးစက်နှင့် ကုန်တင်ကား အသုံးပြုမှု	ဒီဇယ်ဆီဟောင်း၊ အင်ဂျင်ဝိုင်ဟောင်းများ၊ အင်ဂျင်ဝိုင်းဖူးများ၊	၁၀၀ ကီလိုဂရမ်
ဝန်ထမ်းစားသောက်ခန်း၊ ရုံးခန်းနှင့် သန့်စင်ခန်းများ အသုံးပြုမှု	အစားအသောက်အကြွင်းအကျန်အမှိုက်၊ သန့်စင်ခန်းသုံးစွန့်ပစ်ပစ္စည်းများ၊ အမျိုးသမီးသုံးစွန့်ပစ် စွန့်ပစ်ပစ္စည်းများ၊ ရုံးသုံးစာရွက်၊စာရေးကိရိယာအဟောင်းအပျက်များ	၁၀၀ ကီလိုဂရမ်



ပုံ(8) စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု

ပုံ(9) အထွေထွေစွန့်ပစ်ပစ္စည်းများခွဲခြားစွန့်ပစ်ရန် အမှိုက်ပုံးများစီမံထားရှိမှု

၄.၂၀။ စွန့်ပစ်ရေထွက်ရှိမှု

သုံးစွဲရေကို အဝီစီရေတွင်းတစ်တွင်းမှ ထုတ်ယူပြီး ၎င်းရေကို စက်ရုံ၏သန့်ရှင်းရေးလုပ်ငန်းစဉ်များ၊ ဝန်ထမ်းသန့်စင်ခန်းများနှင့် ဝန်ထမ်းအဆောင်တွင် အသုံးပြုပါသည်။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)များထုတ်လုပ် လည်ပတ်မှု အဆင့်များတွင် လုပ်ငန်းသုံးရေ သုံးစွဲမှုမရှိပါ။ ဝန်ထမ်းစားသောက်ခန်း၊ လက်ဆေးရေ၊ ရုံးခန်းများ အသုံးပြုမှုမှ ထွက်ရှိသော အထွေထွေသုံးစွန့်ပစ်ရေများကို စက်ရုံမြောင်းမှတဆင့် စည်ပင်လမ်းနယ်နိမိတ် ရေနုတ်မြောင်းသို့ စွန့်ပစ်ပါသည်။ စက်ရုံရေနုတ်မြောင်းအတွင်းသို့ စွန့်ပစ်ရေထွက်ရှိမှု ပမာဏသည် တစ်နေ့လျှင် (၂၀၀) လီတာခန့်ရှိသည်။

ရုံးခန်းနှင့် သန့်စင်ခန်းများအသုံးပြုမှုမှဝန်ထမ်းသုံးမိလ္လာရေများကို မိလ္လာကန်တွင် စုဆောင်းထားရှိပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ အကူအညီဖြင့် ၆ လတစ်ကြိမ် နှုန်းဖြင့် စွန့်ပစ်ရန်စီစဉ်ထားရှိပါသည်။

ပုံ(10) အထွေထွေစွန့်ပစ်ရေစီးဆင်းသည့် ရေနုတ်မြောင်းစီမံထားရှိမှု

၅။ ပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက်

လက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများကို လေ့လာခြင်းအားဖြင့် စီမံကိန်းနှင့် အနီးဝန်းကျင်ဒေသတဝိုက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်သက်ရောက်မှုအခြေအနေများကို ပိုမိုသဘောပေါက်လာစေမည်ဖြစ်သဖြင့် ဤအခန်းတွင် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြေခံ အချက်အလက်များကို လေ့လာ၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်ကာ ဖော်ပြထားခြင်းဖြစ်ပါသည်။

၅.၁။ လေ့လာမှုဆိုင်ရာကန့်သတ်ချက်များ သတ်မှတ်ခြင်း

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရန်အတွက် လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များနှင့် သက်ရောက်နိုင်မှုနယ်ပယ် အကျယ်အဝန်းပေါ်မူတည်၍ နယ်ပယ်အတိုင်းအတာသတ်မှတ်ပြီး လေ့လာဆန်းစစ်ဆောင်ရွက်ရပါသည်။ Longmen Company Limited ၏ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များအပေါ် အခြေခံ၍ နယ်ပယ်အတိုင်းအတာသတ်မှတ်ရာတွင် စီမံကိန်းအတွင်းနှင့် အနီးဝန်းကျင်ဖြစ်သည့် အလယ်ဗဟိုမှ အချင်းဝက်(၅၀၀) မီတာခန့်အတွင်း လေ့လာဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

၅.၂။ ရုပ်ပိုင်းဆိုင်ရာ အချက်အလက်များ

၅.၂.၁။ တည်နေရာအကျယ်အဝန်း

ပြည်ကြီးတံခွန်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၁ဒီဂရီ ၅၆မိနစ် ၃၀စက္ကန့်နှင့် ၂၁ဒီဂရီ ၉၆မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၅မိနစ် ၃၀စက္ကန့်နှင့် ၉၆ဒီဂရီ ၀၈မိနစ်အကြားတွင် တည်ရှိသည်။ အရှေ့မှ အနောက်သို့ ၂မိုင်၊ တောင်မှမြောက်သို့ ၄မိုင်ရှိပြီး ၉.၈၉စတုရန်းမိုင် ကျယ်ဝန်းသည်။

၅.၂.၂။ မြေမျက်နှာသွင်ပြင်နှင့် ဧလဗေဒ

ပြည်ကြီးတံခွန်မြို့နယ်၏ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့နယ်၊ တောင်ဘက်နှင့်အနောက်ဘက်တွင် အမရပူရမြို့နယ်၊ မြောက်ဘက်တွင် ချမ်းမြသာစည်မြို့နယ်တို့ တည်ရှိသည်။ ညီညာပြန့်ပြူးသောမြေပြန့်ဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၅ဖေပေတွင် တည်ရှိသည်။ ပြည်ကြီးတံခွန်မြို့နယ်သည် စက်မှုဇုန်များတည်ရှိရာဖြစ်သည်။ မြို့နယ်အတွင်း စပါး၊ ဟင်းသီးဟင်းရွက်၊ နေကြာ စသည်တို့အနည်းငယ် စိုက်ပျိုးသည်။ စက်မှုဇုန်များတွင် စက်ရုံ ၁၈၇ရုံ၊ အလုပ်ရုံ ၇၈၄ရုံ ရှိသည်။ အိမ်တွင်းစက်မှုလုပ်ငန်း ၂၁၈ခုရှိသည်။

၅.၃။ မိုးလေဝသနှင့် ရာသီဥတု

၅ .၃.၁။ အပူချိန်

ပြည်ကြီးတံခွန်မြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် ၃၈.၈၈ (ဒီဂရီဆဲစီးရပ်) နှင့် အနိမ့်ဆုံး အပူချိန်မှာ (၂၇.၇၇ ဒီဂရီဆဲစီးရပ်) ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ် ခဲ့သော မိုးရေချိန်နှင့် အပူချိန်မှာ weatherspark.com မှကိုးကားထားပြီး ၂၀၂၄ ခုနှစ်အထိ အပူချိန်နှင့် မိုးရေချိန်အား အောက်ဖော်ပြပါပုံများတွင် ဖော်ပြထားသည်။



ပြည်ကြီးတံခွန်မြို့နယ်၏ တစ်နှစ်စာပျမ်းမျှအပူချိန်ပြပုံ (၂၀၂၄ ခုနှစ်) ရင်းမြစ်- weatherspark.com

၅.၃.၂။ မိုးရေချိန်

ပြည်ကြီးတံခွန်မြို့နယ်သည် ရာသီအလိုက် မိုးရွာသွန်းမှုကွာခြားချက် များပြားပါသည်။ မိုးရာသီကာလမှာ မေလ ၈ရက်နေ့မှ အောက်တိုဘာ ၆ ရက်နေ့အထိ စုစုပေါင်း ၅ လခန့် ကြာမြင့်ပါသည်။ မေလတွင် မိုးအများဆုံးရွာသွန်းဖြစ်ပြီး ပျမ်းမျှမိုးရေချိန် ၁၇ မီလီမီတာခန့်ရှိပါသည်။ အောက်တိုဘာ ၆ ရက်နေ့မှ မေ ၈ ရက်နေ့အထိ ၇ လတာ မိုးရွာသွန်းမှု မရှိပါ။



ရင်းမြစ်- weatherspark.com

ပြည်ကြီးတံခွန်မြို့နယ်၏ တစ်နှစ်စာပျမ်းမျှမိုးရေချိန်ပြပုံ (၂၀၂၄ ခုနှစ်)

၅.၄။ လူမှုစီးပွားပတ်ဝန်းကျင်

ပြည်သူ့အင်အားဦးစီဌာန၊ ပြည်ကြီးတံခွန်အစီရင်ခံစာအရ ပြည်ကြီးတံခွန်မြို့နယ်၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို အောက်ဖော်ပြပါအတိုင်း ကောက်နုတ်တင်ပြ ထားပါသည်-

၅.၄.၁။ လူဦးရေနှင့်အိမ်ခြေ

လူဦးရေစုစုပေါင်း	၂၃၇,၆၉၈ *		
ကျား ဦးရေ	၁၂၀,၇၉၄		
မ ဦးရေ	၁၁၆,၉၀၄		
ကျား/မ အချိုး	၁၀၃ (မ ၁၀၀ ရှိ ကျား ဦးရေ)		
မြို့ပြလူဦးရေ ရာခိုင်နှုန်း	၁၀၀.၀ %		
ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ)	၂၅.၆ **		
လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ)	၉,၂၇၄.၇ ဦး		
ရပ်ကွက် စုစုပေါင်း	၁၆		
ကျေးရွာအုပ်စု စုစုပေါင်း	-		
	စုစုပေါင်း	မြို့ပြ	ကျေးလက်
အိမ်ထောင်စုလူဦးရေ	၂၁၉,၄၅၄	၂၁၉,၄၅၄	-
အိမ်ထောင်စုအရေအတွက်	၄၃,၈၂၅	၄၃,၈၂၅	-
ပျမ်းမျှအိမ်ထောင်စုအရွယ်အစား	၅.၀ ဦး ***		

- ပြည်ကြီးတံခွန်မြို့နယ်တွင် မ ဦးရေသည် ကျား ဦးရေထက် အနည်းငယ်လျော့နည်းပြီး မ (၁၀၀) ဦးတွင် ကျား (၁၀၃) ဦးရှိပါသည်။
- ပြည်ကြီးတံခွန်မြို့နယ်တွင် လူဦးရေအားလုံးသည် မြို့ပြဒေသတွင် နေထိုင်ကြပါသည်။
- ပြည်ကြီးတံခွန်မြို့နယ်၌ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ (၉,၂၇၅) ဦးနေထိုင်ပါသည်။
- ပြည်ကြီးတံခွန်မြို့နယ်တွင် အိမ်ထောင်စုတစ်စုစီ၌ ပျမ်းမျှလူဦးရေ (၅.၀) ဦးနေထိုင်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုလူဦးရေထက် အနည်းငယ်များပါသည်။

၅.၄.၂။ စီးပွားရေး

ပြည်ကြီးတံခွန်မြို့နယ်၏ အသက် (၁၅-၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် အလုပ်အကိုင် အမျိုးအစား



- ပြည်ကြီးတံခွန်မြို့နယ်တွင် အသက် (၁၅-၆၄) အုပ်စုရှိ အလုပ်ရှိသူ (၃၅.၇) ရာခိုင်နှုန်းမှာ လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း အလုပ်သမားများဖြစ်ကြပြီး ဒုတိယအများဆုံးမှာ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ (၂၄.၉) ရာခိုင်နှုန်းဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၄၁.၅) ရာခိုင်နှုန်းသည် လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း အလုပ်သမားများဖြစ်ကြပြီး မ ဦးရေ (၃၅.၈) ရာခိုင်နှုန်းသည် ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများဖြစ်သည်ကို တွေ့ရှိရပါသည်။
- မန္တလေးတိုင်းဒေသကြီးတွင် လက်မှုပညာနှင့်ဆက်စပ်လုပ်ငန်း အလုပ်သမားများမှာ (၁၈.၂) ရာခိုင်နှုန်းဖြစ်ပြီး ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများမှာ (၁၄.၈) ရာခိုင်နှုန်းဖြစ်ပါသည်။

၅.၄.၃။ ပညာရေးအခြေအနေ

ပညာရေးဆိုင်ရာ အချက်အလက်များအနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း (၃) ကျောင်း၊ အလယ်တန်းကျောင်း (၆) ကျောင်း၊ မူလတန်း၊မူလွန်၊အလယ်တန်း(ခွဲ) ၁၇ ကျောင်းရှိသည်။

- အသက် (၅) နှစ်မှ (၂၉) နှစ်အတွင်း လူဦးရေနှင့် ကျောင်းတက်နေသူအရေအတွက်ကို ကျား/မ ခွဲခြားဖော်ပြသောဇယား

အသက်	လူဦးရေ			ကျောင်းတက်နေသူ		
	စုစုပေါင်း	ကျား	မ	စုစုပေါင်း	ကျား	မ
၅	၃,၅၃၀	၁,၈၂၄	၁,၇၄၆	၉၈၃	၅၀၈	၄၇၉
၆	၃,၉၂၆	၁,၉၅၅	၁,၉၇၁	၃,၀၄၃	၁,၅၂၉	၁,၅၁၈
၇	၄,၁၆၅	၂,၁၁၅	၂,၀၅၀	၃,၅၁၉	၁,၇၈၀	၁,၇၃၉
၈	၃,၇၀၆	၁,၈၃၉	၁,၈၆၇	၃,၀၉၃	၁,၅၁၉	၁,၅၇၄
၉	၃,၅၈၀	၁,၇၆၄	၁,၈၁၆	၂,၉၉၀	၁,၄၆၂	၁,၅၂၈
၁၀	၃,၇၃၈	၁,၉၁၀	၁,၈၂၈	၃,၀၈၈	၁,၅၆၈	၁,၅၂၀
၁၁	၃,၅၃၈	၁,၇၆၉	၁,၇၆၉	၂,၈၅၃	၁,၄၁၂	၁,၄၄၁
၁၂	၃,၉၂၇	၁,၉၆၆	၁,၉၆၁	၂,၉၃၀	၁,၄၆၁	၁,၄၈၆
၁၃	၄,၈၈၅	၂,၀၂၂	၂,၀၉၃	၂,၉၃၀	၁,၄၂၂	၁,၅၀၈
၁၄	၄,၂၉၁	၂,၀၄၂	၂,၀၈၉	၂,၂၆၉	၁,၀၈၄	၁,၁၅၅
၁၅	၄,၀၉၀	၂,၀၄၃	၁,၉၆၅	၁,၆၇၆	၈၀၀	၈၇၆
၁၆	၄,၁၃၅	၂,၀၁၂	၁,၉၂၃	၁,၄၅၃	၆၄၄	၈၀၉
၁၇	၄,၅၃၉	၂,၄၅၁	၂,၀၈၈	၁,၃၁၈	၆၁၉	၆၉၉
၁၈	၅,၄၃၉	၂,၉၅၀	၂,၅၂၉	၁,၁၆၀	၅၁၇	၆၄၃
၁၉	၄,၆၃၀	၂,၄၁၂	၂,၂၁၈	၈၁၉	၃၅၂	၄၆၇
၂၀	၅,၇၆၄	၃,၀၃၅	၂,၇၂၉	၆၁၁	၃၀၀	၃၁၁
၂၁	၄,၃၉၀	၂,၅၆၀	၂,၃၆၉	၃၁၅	၂၀၀	၁၇၂
၂၂	၄,၆၁၇	၂,၀၈၅	၂,၂၉၆	၁၅၄	၁၀၅	၉၃
၂၃	၄,၆၂၉	၂,၀၅၃	၂,၃၆၆	၈၇	၄၁	၄၆
၂၄	၄,၆၁၇	၂,၀၈၅	၂,၃၃၉	၆၇	၃၅	၃၂
၂၅	၅,၀၀၆	၂,၄၅၇	၂,၅၄၉	၆၇	၃၅	၃၂
၂၆	၄,၁၃၀	၂,၀၅၁	၂,၀၇၉	၃၆	၃၁	၂၀
၂၇	၄,၂၃၉	၂,၀၉၉	၂,၁၄၀	၅၅	၃၂	၂၃
၂၈	၄,၆၀၇	၂,၂၂၇	၂,၃၈၀	၃၇	၁၄	၂၃
၂၉	၄,၁၉၅	၂,၀၀၈	၂,၁၈၇	၃၅	၁၃	၂၂

၅.၄.၄။ ကိုးကွယ်ယုံကြည်မှု

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ဗုဒ္ဓဘာသာ (၉၅.၇) ရာခိုင်နှုန်း၊ ခရစ်ယာန် (၁.၁) ရာခိုင်နှုန်း၊ အစ္စလာမ် (၃) ရာခိုင်နှုန်းနှင့် ဟိန္ဒူ (၀.၂) ရာခိုင်နှုန်းရှိပြီး နတ်ကိုးကွယ်မှု၊ အခြားဘာသာနှင့် ဘာသာမရှိသူများသည် (၀.၁) ရာခိုင်နှုန်းထက် လျော့နည်းပါသည်။

၅.၅။ ရေအရည်အသွေး

၅.၅.၁။ အဝီစိရေ (မြေအောက်ရေ)

ကွန်ကရစ်ရေကန်မှ အဝီစိရေအား ကုန်ချောထုတ်လုပ်သည့် စက်ရုံရှိ တမံတလင်းများအား ဆေးကြောခြင်း၊ လက်ဆေးခြင်း၊ ဝန်ထမ်းသန့်စင်ခန်း၊ မီးဖိုချောင်သုံးရေနှင့် အထွေထွေအသုံးပြုရေ အဖြစ် အသုံးပြုပြီး တစ်ရက်လျှင် (၂၀၀) လီတာခန့်အသုံးပြုပါသည်။ စက်ရုံတွင် လုပ်ငန်းစဉ် သုံးရေသည် ထုတ်လုပ်လည်ပတ်မှုအဆင့်များတွင် သုံးစွဲမှု မရှိပါ။ ထုတ်လုပ်ရေးလုပ်ငန်းစဉ်များကြောင့် နှစ်ကာလကြာလွန်ချိန်တွင် မြေအောက်ရေ အရည်အသွေးသည် ထိခိုက်နိုင်မှုအခြေအနေအားသိရှိနိုင်ရန်အတွက် အဝီစိရေ (မြေအောက်ရေ) နမူနာကို စက်ရုံ၏ အဝီစိရေ (မြေအောက်ရေ)ပိုက်လိုင်းမှ ရေနမူနာကောက်ယူပြီး ALARM Ecological ဓာတ်ခွဲခန်းတွင် စစ်ဆေးထားပါသည်။ ALARM Ecological ဓာတ်ခွဲခန်းမှ စစ်ဆေးမှုရလဒ်များကို ဇယားတွင် ပြထားသည်။

ဇယား 17။အဝီစိရေ (မြေအောက်ရေ)၏စစ်ဆေးမှုရလဒ်ပြဇယား

Sr.	Parameters	Results	Units	Drinking Standards	Remarks
1	pH	8.63	S.U	6.5- 8.5	Nearly Base Range
2	Colour	0	HU	≤ 15	Normal
3	Turbidity	< 5	FAU	≤ 5	Normal
4	TDS	330	mg/ L	≤ 1000	Normal
5	Total Hardness	29	mg/ L	≤ 500	Normal

6	Chloride	18	mg/ L	≤ 250	Normal
7	Iron	0.21	mg/ L	≤ 3	Normal
8	Sulfate	5	mg/ L	-	-
9	Manganese	0.04	mg/ L	≤ 0.4	Normal
10	Arsenic	0	mg/ L	≤ 0.5	Normal
11	Cyanide	< 0.01	mg/ L	-	-
12	Copper	ND	mg/ L	≤ 2	LOD=0.02 mg/ L

ပုံ(11) အဝိစိရေ (မြေအောက်ရေ)နမူနာကောက်ယူနေပုံ



ပုံ(12) အဝီစိရေ (မြေအောက်ရေ)နမူနာကောက်ယူနေရာပြမြေပုံ

၅.၅.၂။ စွန့်ပစ်ရေ

သုံးစွဲရေကို အဝီစီရေတွင်းတစ်တွင်းမှ ထုတ်ယူပြီး ဤရေကို လက်ဆေးခြင်းနှင့် အိမ်သာများတွင် အသုံးပြုသည်။ စက်ရုံ၏ထုတ်လုပ်မှု အဆင့်များဖြစ်သည့် အမွှေးဆီဖျန်းခြင်းနှင့် ခရင်(မ်)ထုတ်လုပ်မှုများတွင် ရေသုံးစွဲမှုမပါဝင်ပါ။ စက်ရုံအတွင်း သန့်ရှင်းရေးရေဆေးသန့်စင်ခြင်းသာရှိသည့်အတွက် စွန့်ပစ်ရေပမာဏမှာ နည်းပါးပါသည်။ စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေများကို စက်ရုံမြောင်းမှတဆင့် စက်မှုဇုန်ရေနုတ်မြောင်းများတွင် စွန့်ပစ်ပါသည်။ စက်ရုံတွင် စွန့်ပစ်ရေ သန့်စင်ရေးစနစ် မရှိပါ။ ဝန်ထမ်းသုံးမိလ္လာရေများကို မိလ္လာကန်တွင် စုဆောင်းထားရှိပြီး စည်ပင်သာယာရေးကော်မတီ၏ အကူအညီဖြင့် ၆လ တစ်ကြိမ်နှုန်းဖြင့် စွန့်ပစ်ပါသည်။

စွန့်ပစ်ရေကောက်ယူသည့်နမူနာယူမှတ် (21°54’31.93”N,96°6'30.65"E) သည် စက်ရုံ၏ မြောင်းထွက်ပေါက်အနီးဆုံးနောက်ဆုံးစွန့်ပစ်ရာနေရာဖြစ်ပါသည်။ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာခရင်(မ်)များထုတ်လုပ်ရာတွင် လုပ်ငန်းသုံးရေ သုံးစွဲမှုမရှိသော်လည်း Chlor-alkaliများ

ဖြစ်သည့် Chlorine၊ Caustic Soda၊ Soda Ash)စသည့်ဓာတုပစ္စည်းများအသုံးပြုသော ကြောင့် စွန့်ပစ်ရေအရည်အသွေးစစ်ဆေးရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ ထုတ်လွှင့်မှု ဆိုင်ရာအရည်အသွေးလမ်းညွှန်ချက်မှ Large Volume Inorganic Compounds Manufacturing and Coal Tar Distillation ၂.၃.၄.၁ (Chlor-alkali) နှင့် အောက်ပါဇယားတွင် နှိုင်းယှဉ်ဖော်ပြထားသည်။ စွန့်ပစ်ရေကောက်ယူသည့် နမူနာ၏စစ်ဆေးမှုရလဒ်အရ စွန့်ပစ်ရေအရည်အသွေးတို့သည် လမ်းညွှန်ချက်အမှတ်များအောက်တွင်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား 18။ စွန့်ပစ်ရေစစ်ဆေးမှုရလဒ်ပြဇယား

Sr.	Parameters	Results	Units	NEQEG 2.3.4.1 Chlor-alkali	Remarks
1	pH	8.28	S.U	6-9	In Base Range
2	Temperature increase	26.8	° C	± 3	-
3	TDS	50	FAU	-	-
4	TSS	16	mg/ L	≤ 20	Normal
5	Ammonia	0.3	mg/ L	-	Normal
6	Disssolved Oxygen	4.16	mg/ L	-	-
7	BOD	34	mg/ L	-	Normal
8	COD	57	mg/ L	≤ 150	Normal
9	Total Phosphorous	1.2	mg/ L	-	Normal
10	Total Nitrogen	1.3	mg/ L	-	-
11	Oil & Grease	4	mg/ L	-	Normal
12	Iron	0.48	mg/ L	-	Normal
13	Arsenic	0.005	mg/ L	-	Normal
14	Zinc	<0.02	mg/ L	-	Normal
15	Fluoride	1.2	mg/ L	-	Normal
16	Cyanide	<0.01	mg/ L	-	Normal

17	Chlorine	<0.01	mg/l	0.2	
18	Mercury	ND	mg/l	0.05	
19	Sulphide	0.143	mg/l	1	
20	Total Coliform count	0		-	Normal

ND = မရှိ (Not Detected)



ပုံ(13) စွန့်ပစ်ရေနမူနာကောက်ယူနေပုံ



ပုံ(14) စွန့်ပစ်ရေနမူနာကောက်ယူနေရာပြမြေပုံ

၅.၆။ ထုတ်လွှင့်မှုလေအရည်အသွေး

၅.၆.၁။ လေအရည်အသွေးစောင့်ကြည့်ရေးနှင့် ပတ်ဝန်းကျင်

စက်ရုံ၏ ထုတ်လုပ်ရေးလုပ်ငန်းစဉ်များမှ လေထုညစ်ညမ်းစေသည့် အဓိက အရင်းအမြစ်များမှာ စက်လည်ပတ်မှု၊ ဒီဇယ်ဂျင်နရေတာနှင့် လုပ်ငန်းသုံးမော်တော်ယာဉ်များ ဝင်ထွက်သွားလာမှုစသည်တို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်နိုင်ချေရှိပါသည်။ ထို့ကြောင့် လေအရည်အသွေးအား စောင့်ကြည့်တိုင်းတာပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ ထုတ်လွှင့်မှု ဆိုင်ရာအရည်အသွေး(လေအရည်အသွေး)လမ်းညွှန်ချက်ထက် ကျော်လွန်မှု ရှိ/မရှိ အခြေအနေအား ဆန်းစစ်လေ့လာဆောင်ရွက်ခဲ့ပါသည်။

၅.၆.၂။ လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုစနစ်ပုံစံ

Haz- Scanner Environmental Perimeter Air station (EPAS) ကို ပတ်ဝန်းကျင် လေအရည်အသွေးစောင့်ကြည့်တိုင်းတာစုဆောင်းခြင်းနှင့် လုပ်ငန်းခွင်လေအရည်အသွေးအား

တိုင်းတာခြင်းတွင် အသုံးပြုခဲ့ပါသည်။ လေအရည်အသွေး စောင့်ကြည့်တိုင်းတာမှုနှုန်း (သို့မဟုတ်) လေအရည်အသွေးအချက်အလက်ကို တစ်မိနစ်တိုင်း အလိုအလျောက် တိုင်းတာပြီး *Longmen Company Limited* တိုင်းတာသည့်နေရာတွင် တိုက်ရိုက်ဖတ်ရှုပြီး မှတ်တမ်းတင်ခြင်း ဖြစ်သည်။ လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှု အမျိုးအစား (၁၁)မျိုး (*NO2, O_3, PM10, PM2.5, SO_2, CO_2,VOC, CO,* စိုထိုင်းဆ *(Relativity humidity),* လေတိုက်နှုန်း၊ ဦးတည်ချက်နှင့် အပူချိန်) တို့အား တိုင်းတာဆောင်ရွက်ထားခြင်းဖြစ်သည်။

၅.၆.၃။ လေထုအရည်အသွေးတိုင်းတာမှုရလဒ်နှင့် လေထုညစ်ညမ်းမှု၏သက်ရောက်မှုများကို ဖော်ထုတ်ခြင်း

Longmen Company Limited ၏ စက်ရုံသည် လေထုအရည်အသွေးကို စောင့်ကြည့် တိုင်းတာနေချိန်တွင် လုပ်ငန်းလည်ပတ်နေချိန်ဖြစ်သည်။ ထို့ကြောင့် တိုင်းတာမှု နေရာသည် လုပ်ငန်းလည်ပတ်မှုလုပ်ငန်းများနှင့် ရွေ့လျားယာဉ်များကြောင့် သက်ရောက်မှုရှိသော လက်ရှိ လေထု အရည်အသွေးဆိုင်ရာ အချက်အလက်များကို စုဆောင်းရန် စက်ရုံဝင်းအတွင်းတွင် နေရာ သတ်မှတ်တိုင်းတာ ထားပါသည်။ ထို့ကြောင့် SO_2 NO_2 CO_2၊ CO၊ PM2.5 နှင့် PM10 တို့သည် အမျိုးသားပတ်ဝန်းကျင် အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက် ၏ ကန့်သတ်ပမာဏထက် ကျော်လွန်နေခြင်းရှိမရှိ သိရှိရန် ပတ်ဝန်းကျင်လေထုအရည်အသွေးကို အမျိုးသားပတ်ဝန်းကျင် အရည်အသွေး(ထုတ်လွှင့်မှု) လမ်းညွှန်ချက် (NEQEG ၁.၁) ဖြင့် နှိုင်းယှဉ်တိုင်းတာခြင်းဖြစ်ပါသည်။ လေထုညစ်ညမ်းမှု၏ သက်ရောက်မှုများကို အောက်တွင် ဖော်ပြထားသည်။

ဇယား 19။ပတ်ဝန်းကျင်လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုအချက်အလက်ပြဇယား

နေရာ	မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်
Latitude/ Longitude	21°54'30.77"N, 96°6'30.05"E
စတင်တိုင်းတာရက်/အချိန်	၁၈.၁၁.၂၀၂၄ (09:00 AM)
တိုင်းတာမှုရပ်နားချိန်	၁၉.၁၁.၂၀၂၄ (09:00 AM)
အချိန်အပိုင်းအခြား	24 hours

စက်အမျိုးအစား	HAZ-SCANNER™ Model-EPAS

ပုံ(15) လေအရည်အသွေးတိုင်းတာနေပုံ

ပုံ(16) လေအရည်အသွေးတိုင်းတာနေရာပြမြေပုံ

ဇယား 20။ ပတ်ဝန်းကျင်လေအရည်အသွေးစောင့်ကြည့်တိုင်းတာမှုရလဒ်ပြဇယား

No	Parameters	Results		Survey Period	(NEQG) Guideline		WHO guideline
		Observed value	Converted value		Value (µg/m^3)	Avg. Period	
1	Particulate matter PM_{10}	26.8 (µg/m^3)		24-hour	20 50	1-year 24-hour	
2	Particulate matter $PM_{2.5}$	17 (µg/m^3)		24-hour	10 25	1-year 24-hour	
3	Nitrogen dioxide NO_2	12 ppb 15.4 ppb	29 (µg/m^3)	24-hour 1-hour	40 200	1-year 1-hour	
4	Ozone (O_3)	12.8 ppb	25 (µg/m^3)	8-hour	100	8-hour daily maximum	
5	Sulfur dioxide SO_2	2.7 ppb	7.1 (µg/m^3)	24-hour	20 500	24-hour 10 minute	
6	Carbon monoxide CO	258 ppb	0.256 ppm	24-hour	-		35 ppm
7	Carbon dioxide CO_2	360 ppm		24-hour	-		400 ppm
8	Volatile Organic Compound (VOC)	4 ppb	0.004 ppm	24-hour	-		62 ppm
9	Relative Humidity	56 %		24-hour			
10	Wind Speed	2.3 mph		24-hour			

Ambient Air Logger Result 1

Environmental Report

Locations

915096	EPAS

Record Count: 1441 **Report Average: 1 Hour**

Start Date:11/18/2024 at 9:00:00 **End Date: 11/19/2025 at 9:00:00**

	CO2 ppm	CO ppb	NO2 ppb	O3 ppb	PMA uG/m3	PMB uG/m3	RH %	SO2 ppb	TmpC Deg. C	VOCS ppb	WDir Deg.	WSpd mph	Comments
Ave	360.244	258.784	12.3865	15.6509	26.8494	17.0222	55.9875	2.70824	29.3476	4.06620	235.075	2.38119	
Max	1250	930	95	43	55	47	79	7	36	10	357	6.1	
Min	16	40	0	1	10	6	30	0	23	0	37	.5	
EPAS 915096	360.244 1250 16	258.784 930 40	12.3865 95 0	15.6509 43 1	26.8494 55 10	17.0222 47 6	55.9875 79 30	2.70824 7 0	29.3476 36 23	4.06620 10 0	235.075 357 37	2.38119 6.1 .5	
Daily Mon, Nov 2024	359.046 1100 38	278.796 930 40	13.6122 95 0	12.8066 39 1	28.3344 55 16	18.9877 47 6	51.03 78 30	2.94953 6.4 1	31.3688 36 25	4.59644 10 0	249.854 357 37	2.01955 4.2 .5	
Ave Period 1 9:00:00 11/18/24	303.683 581 123	219.55 809 40	11.95 25 1	7.96666 15 2	30.55 41 21	21.5166 34 13	35.9166 49 31	2.57333 3.8 1	31.8333 33 30	6.08166 9 4	77.9333 127 56	1.60333 2.5 .5	
Ave Period 1 10:00:00 11/18/24	388.016 677 180	314.65 530 238	11.65 35 0	7.03333 11 1	35.2333 44 26	23.65 47 16	36.1 49 30	3.19833 5.8 2	32.7166 36 31	5.78833 7 5	128.133 249 94	1.40833 3.4 .5	
Ave Period 1 11:00:00 11/18/24	424.933 628 250	332.183 516 93	14.8166 32 8	9.7 20 6	35.35 55 18	22.5333 39 16	38.6166 49 30	3.64133 5.8 2.8	34.2166 36 32	6.53166 9 5	104.55 225 57	1.38166 3.3 .5	
Ave Period 1 12:00:00 11/18/24	581.9 1000 200	166.766 450 69	14.6166 42 9	9.85 15 6	28.7333 41 19	17.9166 25 13	38.4666 44 32	3.11333 5.8 2.4	34.15 36 32	6.84333 10 3	102.6 124 37	1.53166 2.5 .5	
Ave Period 1 13:00:00 11/18/24	331.383 527 112	275.366 850 123	15.3666 67 4	11.0666 13 8	25.4666 43 16	18.0666 22 14	39.95 48 30	2.85 6.4 2.4	34.7 36 34	3.45 7 3	245.616 349 124	1.40333 3.6 .5	

Sensor Graph (Point 2)

Logger ID 915096 Collected by: Record Count 1441





Collected by:

Logger ID 915096

Record Count 1441

Sensor ID

Nitrogen Dioxide

Range: 0 to 5000 ppb

Min	Ave	Max	Std. Dev		Hi Limit	% Above Hi	Lo Limit	% Below Lo
0	12.38	95	5.64	ppb		0.00%		0.00%



Sensor ID

Ozone

Range: 0 to 150 ppb

Min	Ave	Max	Std. Dev		Hi Limit	% Above Hi	Lo Limit	% Below Lo
1	15.65	43	6.99	ppb		0.00%		0.00%



Collected by:

Logger ID 915096

Record Count 1441

Sensor ID

Part

PM Sensor A

Part

Range: 0 to 5000 uG/m3

Min	Ave	Max	Std. Dev		Hi Limit	% Above Hi	Lo Limit	% Below Lo
10	26.84	55	5.99	uG/m3		0.00%		0.00%



Sensor ID

Part

PM Sensor B

Part

Range: 0 to 5000 uG/m3

Min	Ave	Max	Std. Dev		Hi Limit	% Above Hi	Lo Limit	% Below Lo
6	17.02	47	5.14	uG/m3		0.00%		0.00%



Collected by:

Logger ID 915096 Record Count 1441

Sensor ID

Relative Humidity

Range: 0 to 100 %

Min	Ave	Max	Std. Dev		Hi Limit	% Above Hi	Lo Limit	% Below Lo
30	55.98	79	12.28	%		0.00%		0.00%



